# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ပြာသိုလဆန်း (၉) ရက် ၊ သောကြာနေ့ ၊ (19-1-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၂၆၄)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာဘရာဇီးနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး **H.E. Mr. Gustavo Rocha de Menezes** သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် မြန်မာ-ဘရာဇီး နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့်ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊အပြန်အလှန်ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ အားကစားကဏ္ဍမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊စက်မှုနည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုအခြေအနေများ၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ချမှတ်၍ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိမှု၊လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes က ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**



ရတနာပုံ
၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးသော အားကစားကဏ္ဍ

နိုင်ငံ၏ပုံရိပ်ကို ကောင်းမွန်စွာဖော်ပြနိုင်သည့်အရာများတွင် အားကစားကဏ္ဍလည်း ပါဝင်သည်ကို တွေ့ရပေသည်။ အားကစားသမားများ၏ ထက်သန်ပြင်းပြသော စိတ်ဓာတ်၊ မဆုတ်မနစ်သော ကြိုးပမ်းအားထုတ်မှု၊ အနိုင်မခံ အရှုံးမပေးသောဇွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်နိုင်မှုမှရရှိခဲ့သော အောင်မြင်မှုတို့သည် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးခြင်းဖြစ်သည်။

ထို့ပြင် အားကစားဟူသည် ပြောင်းလဲလာသည့်အခြေအနေ အရပ်ရပ်နှင့်အညီ နိုင်ငံနှင့်လူမျိုးဂုဏ်ကို မြှင့်တင်ပေးသည့်ကဏ္ဍတစ်ရပ်လည်းဖြစ်ပေသည်။ မိမိအသင်း၊ အထူးသဖြင့် မိမိနိုင်ငံအတွက် နောက်ဆုံးမိနစ်၊ နောက်ဆုံးစက္ကန့်အပိုင်းအခြားထိ ပြိုင်ဘက်ကိုအလျှော့မပေးဘဲ အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်ခြင်းသည် နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်မည်ဟူသည့် ခံယူချက်ပင်ဖြစ်သည်။

အားကစားဟူသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှုစသည့် အခြေခံအချက်များအပေါ် မူတည်လျက်ရှိသောကြောင့် အဆိုပါအရည်အသွေးများ ပြည့်ဝနေအောင် ကြိုးစားကြရမည်ဖြစ်သည်။ ထို့ပြင် မိမိတို့၏ ကျွမ်းကျင်မှုအတွေ့အကြုံနှင့် အလေ့အကျင့်တို့ကို စဉ်းစားဆင်ခြင်ဉာဏ်၊ လျှပ်တစ်ပြက်ဖြတ်ထိုးဉာဏ်၊ မှန်ကန်သည့်အယူအဆ၊ မှန်ကန်မြန်ဆန်သည့်ဆုံးဖြတ်ချက်များနှင့် ပေါင်းစပ်အသုံးချယှဉ်ပြိုင်ပါက အောင်ပွဲဆင်နိုင်မည်ဖြစ်ပေသည်။

မြန်မာနိုင်ငံ၏ အားကစားကဏ္ဍကိုကြည့်လျှင် အဘက်ဘက်မှ မြှင့်တင်ပေးရမည်ဖြစ်ပြီး မြန်မာ့အားကစားအဆင့်အတန်း မြင့်မားလာရေးအတွက် အဆင့်အလိုက် ရည်မှန်းချက်ပန်းတိုင်များချမှတ်ကာ ရေရှည်အစီအမံများဖြင့် တစိုက်မတ်မတ် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထို့ပြင် အားကစားနည်းများအလိုက် ပြည်တွင်းပြိုင်ပွဲများ စဉ်ဆက်မပြတ်ကျင်းပရေး၊ ပြည်ပပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ရန် နိုင်ငံတကာအဆင့်မီ အားကစားသမားများပေါ်ထွက်လာစေရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။

ထို့ကြောင့် ယခုအခါ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကိုကျင်းပပြီး သက်ဆိုင်ရာအားကစားနည်းအလိုက် ဆုများပေးအပ်ချီးမြှင့်ကာ ထူးချွန်အားကစားသမားများ ပေါ်ထွက်လာရေး ဆောင်ရွက်ပေးလျက်ရှိပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉)ရပ်အနက် လူမှုရေးဦးတည်ချက်တွင် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"ဟူသောအချက် ပါဝင်သည်။ ထို့ကြောင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးမှသည် အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေး၊ ပြည်တွင်းပြိုင်ပွဲများမှသည် အာရှအဆင့်၊ ကမ္ဘာအဆင့်ထိ ထိုးဖောက်အောင်မြင်နိုင်ရေးတို့ကို ရည်မှန်းချက်ဖြင့် ပန်းတိုင်အဆင့်ဆင့် ချမှတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးတိရစ္ဆာန် အကောင်ရေ ၄၄၄၀၀၀ ကျော် ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးတိရစ္ဆာန်များကို ရောဂါကုသရေးလုပ်ငန်း ဆောင်ရွက်ပေးရာတွင် အကောင်ရေ ၄၄၄၀၀၀ ကျော် ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာခင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ ရောဂါကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အသားကဏ္ဍထုတ်လုပ်မှုပမာဏ မြင့်တက်လာစေရန် မွေးမြူထားသည့် တိရစ္ဆာန်များကို ရောဂါထိန်းချုပ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ကာကွယ်ဆေးများကို ထိုးနှံပေးရန် လျာထားချက်အနေဖြင့် မွေးမြူရေးတိရစ္ဆာန် အကောင်ရေ ၇၅၉၀၀၀ ကျော်ကို လျာထားပြီး ၂၀၂၃ ခုနှစ် ဧပြီလမှစ၍ ထိုးနှံပေးခဲ့ရာ ဇန်နဝါရီ ၁၇ ရက်ထိ မွေးမြူရေးတိရစ္ဆာန်အကောင်ရေ ၄၄၄၀၀၀ ကျော်ကို မွေးမြူသူများ၏ အိမ်တိုင်ရာရောက် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

"မွေးမြူရေးတိရစ္ဆာန်တွေကို ကာကွယ်ဆေးအမျိုးအစားအလိုက် ရောဂါကုသရေးလုပ်ဆောင်ပေးနေပါတယ်။ ကူးစက်ရောဂါတွေမဖြစ်စေဖို့ ကြိုတင်ကာကွယ်တာ အရေးကြီးတာကြောင့် ကွင်းဆင်းဆောင်ရွက်ပေးနေတာပါ။ တိရစ္ဆာန်တွေအတွက် ကာကွယ်ဆေး အခမဲ့ထိုးနှံပေးတာပါ။ ခြောက်လတစ်ကြိမ် ထိုးနှံပေးတာပါ။ မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်မှာ ထိုးနှံပေးတာပါ"ဟု ဒေါက်တာခင်ဇော်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်ရှိ တောင်သူများမွေးမြူထားသော တိရစ္ဆာန်များအလိုက် ကာကွယ်ဆေးထိုးနှံပေးသည့် ရောဂါများမှာ ကျွဲ၊ နွား ခွာနာလျှာနာရောဂါကာကွယ်ဆေး၊ လည်ချောင်းကွဲရောဂါကာကွယ်ဆေး၊ ထောင့်သန်းရောဂါကာကွယ်ဆေး၊ ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေး၊ ပုပ်ဝမ်းကျရောဂါကာကွယ်ဆေး၊ ကြက်လည်လိမ်ရောဂါကာကွယ်ဆေးများဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးစည်ပင်နယ်နိမိတ်အတွင်း အုတ်၊ထုံး၊သဲ၊ကျောက်သယ်သည့်ကားများ စည်းကမ်းဖောက်ဖျက်မှု ရှိ၊ မရှိ ရှောင်တခင် စစ်ဆေးအရေးယူသွားမည်



**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေး စည်ပင်သာယာ နယ်နိမိတ် မြို့နယ် ခြောက်မြို့နယ်အတွင်း အုတ်၊ ထုံး၊ သဲ၊ ကျောက်သယ်ဆောင်သည့် ကားများ စည်းကမ်းဖောက်ဖျက်မှု ရှိ၊ မရှိ ဇန်နဝါရီလအတွင်း ရှောင်တခင် စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေး စည်ပင်သာယာနယ်နိမိတ် မြို့နယ်ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ အမရပူရမြို့နယ်အတွင်း အုတ်၊ထုံး၊သဲ၊ ကျောက်သယ်ဆောင်သည့်ကားများကို အုတ်ခဲ၊ သဲမှုန့်၊ ကျောက်မှုန့်များ လမ်းမပေါ်တွင် ကျကျန်မှုမရှိစေရန်၊ အမိုးအကာများအုပ်၍ စနစ်တကျ သယ်ဆောင်သွားလာကြစေရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊အခွန်ဌာန၊ စည်ပင်သာယာရဲတပ်ဖွဲ့ စသည့် ပူးပေါင်းအဖွဲ့များဖြင့် ဇန်နဝါရီလအတွင်း ရှောင်တခင်စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မန္တလေးမြို့နယ် ခြောက်မြို့နယ်အတွင်းမှာ သွားလာနေတဲ့ အုတ်၊ထုံး၊သဲ၊ ကျောက်တင်ဆောင်တဲ့ကားတွေအနေနဲ့ စည်းကမ်းလိုက်နာမှုမရှိတာလေးတွေရှိတယ်။ ဒါကြောင့် ဇန်နဝါရီလထဲမှာ စည်းကမ်းဖောက်ဖျက်တဲ့ ကားတွေကို ရှောင်တခင် ဝင်ရောက်စစ်ဆေးပြီး ဖမ်းဆီးအရေးယူသွားဖို့ရှိပါတယ်"ဟု ဦးရဲထွန်းက ပြောပြသည်။

ထိုသို့ မြို့နယ် ခြောက်မြို့နယ်အတွင်း ပူးပေါင်းအဖွဲ့များဖြင့် ရှောင်တခင်ဝင်ရောက်စစ်ဆေးရာတွင် စည်းကမ်းဖောက်ဖျက်သော အုတ်၊ထုံး၊သဲ၊ကျောက်သယ်ဆောင်သည့်ကားများကို တွေ့ရှိပါက အနည်းဆုံး ဒဏ်ကြေးငွေကျပ် ၁၀၀၀၀ မှ အများဆုံး ဒဏ်ကြေးငွေကျပ် ၁၀၀၀၀၀ ထိ ဒဏ်ရိုက်အရေးယူသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်မှု နည်းနေသောကြောင့် အွန်လိုင်းမှတစ်ဆင့် ရောင်းချမှုများ ပြုလုပ်လာကြပြီး တစ်ပတ်ရစ်ဘီးများ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

တစ်ပတ်ရစ်ဆိုင်ကယ်အရောင်းအဝယ်ဖြစ်မှုအနေဖြင့် ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်ကြောင်း၊ လျှပ်စစ်သုံးဆိုင်ကယ်(EV)ဘီးများမှာ အနည်းဆုံး ငွေကျပ် ၁၅ သိန်းခန့်မှ သိန်း ၅၀ ကျော်ထိ ပေါက်ဈေးရှိပြီး အနည်းငယ်သာအရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃သိန်းခန့်၊ နောက်ဆုံးမော်ဒယ် မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

မန္တလေး ကားဈေးကွက်တွင်လည်း နံပါတ်ထွက်ပြီးသား ဂျပန်ညာမောင်း တစ်ပတ်ရစ်ကားများ၌ ဟွန်ဒါဖစ်နှင့် ကလူဂါကားများ ဈေးကွက်ကို ဦးဆောင်နေပြီး လုပ်ငန်းသုံး ကားများတွင်လည်း ဈေးမြင့်တက်လာကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် လူကြိုက်များသည့် ဂျပန်တစ်ပတ်ရစ် ညာမောင်းကားမှာ ငွေကျပ် သိန်း ၅၀ ခန့်ထိ ဈေးနှုန်း မြင့်တက်သွားကြောင်း၊ နံပါတ်ထွက်ပြီးသား ကားဟောင်းများမှ ငွေကျပ်သိန်း ၄၀၀ ခန့် ဈေးတန်းရှိ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်၊ ဆူဇူကီးဆွစ် စသည့်ကားများ အရောင်းအဝယ် ရှိနေကြောင်း၊ လျှပ်စစ်သုံးကား(EV)များမှာ ငွေကျပ်သိန်း ၁၃၀၀ ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးမောင်ထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ဖြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကံမမြို့နယ် ကဒူးပြင်ရှေ့ကျေးရွာ၌ ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းနေမှု စစ်ဆေး

**ကံမ ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကဒူးပြင်ရှေ့ကျေးရွာ၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ကျော်မိုးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကဒူးပြင်ရှေ့ကျေးရွာ၌ အရှည်နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ကံမမြို့နယ် ကဒူးပြင်ရှေ့ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၆၉ ဒသမ ၅၅ သန်းဖြင့် စေတုတ္တရာ ချင်းတိုင်းရင်းသားများ ဖွံ့ဖြိုးရေးကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၃ ခုနှစ် ဇွန် ၁၈ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**

# ကလောမြို့နယ် ပင်မှီရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကလော ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပင်မှီကျေးရွာအုပ်စု ပင်မှီရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက စီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပင်မှီရွာမကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၇၇၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၈၇၁ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ငရုတ်စိုက်ခင်းကို တွေ့ရစဉ်။

**မော်လိုက် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၈၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၉၀၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၈၇၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မော်လိုက်ခရိုင်မှာ စားဖိုဆောင်သီးနှံ ဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၈၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ စားဖိုဆောင်သီးနှံစိုက်ပျိုးမှုကတော့ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ စားဖိုဆောင်သီးနှံတွေကို GAP စနစ်တွေနဲ့စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် မြို့နယ်အလိုက် စားဖိုဆောင်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ငရုတ်ဧက ၃၀၊ ကြက်သွန်နီဧက ၂၂၀၊ ကြက်သွန်ဖြူ ၈၅ ဧက၊ အာလူး ၁၇၁ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ကြက်သွန်နီ ၄၃၃ ဧက၊ ကြက်သွန်ဖြူ ၄၅၂ ဧက၊ အာလူး ဧက ၄၈၀ စုစုပေါင်း ၁၈၇၁ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ငရုတ် ၅၁ ဧက၊ ကြက်သွန်နီဧက ၂၂၀၊ ကြက်သွန်ဖြူ ဧက ၁၀၀၊ အာလူး ၁၇၁ ဧက၊ ဖောင်းပြင်မြို့နယ်တွင် ကြက်သွန်နီ ၄၃၃ ဧက၊ ကြက်သွန်ဖြူ ၄၅၂ ဧက၊ အာလူး ဧက ၄၈၀ စုစုပေါင်း ၁၉၀၇ ဧကဖြစ်ကြောင်း သိရသည်။

မော်လိုက်ခရိုင်တွင် စားဖိုဆောင်သီးနှံစိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် အထွက်နှုန်းကောင်းစေရန်၊ ဈေးကွက်ရရှိစေရန် စိုက်ပျိုးနည်းစနစ်နည်းပညာပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရန် နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ပဲခူးမြို့နယ် ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မယ်သီလကန်ကျေးရွာနှင့် ဇီးတောကျေးရွာတို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် တာဝန်ခံ အင်ဂျင်နီယာဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မယ်သီလကန်ကျေးရွာနှင့် ဇီးတောကျေးရွာတို့၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၃၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် ဂူလိုင်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလက စပါးတင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ စပါးများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ဒီဇင်ဘာလအတွင်း စပါးတင်းရေ ၁၀၀၀၀ ထိ ပိုမိုတင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို စပါးတွေ တင်ပို့ရောင်းချနေပါတယ်။ ဒီဇင်ဘာလအတွင်း စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အဓိကကတော့ ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ ဒီဇင်ဘာလအတွင်း စပါးတင်းရေ ၁၀၀၀၀ ထိ အရင်လကထက် ပိုမိုတင်ပို့နိုင်ခဲ့တယ်။ လက်ရှိ ရန်ကုန်ဘက်က စပါးကို အများအပြားဝယ်ယူမှုအားကောင်းနေပါတယ်။ ပြည်တွင်းဈေးကွက်မှာကို စပါးက ဝယ်ယူမှုများနေတာပါ"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

မအူပင်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဆန်နှင့် စပါးများကို ဝယ်ယူပြီး မအူပင်မြို့မှတစ်ဆင့် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေကြောင်း၊ မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပေါ်ဆန်း၊ သီးထပ်ရင်၊ မနောသုခ၊ ဆင်းသုခ၊ ပခမ်း၊ ရွှေသွယ်ရင်၊ ထိုင်းဘေးကျားစသည့် စပါးအမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါစပါးများမှာ လက်ရှိတင်း ၁၀၀ လျှင် ငွေကျပ် ၁၇ သိန်းမှ ၁၉ သိန်းငါးသောင်းထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# စာနယ်ဇင်းမီဒီယာကျင့်ဝတ်ချို့ယွင်းပြီး စာနာစိတ်ကင်းကြသူများသတိထားကြပါ

❖ စာပေစိစစ်ရေးကို အဆိုးမြင်နေကြသူများကို စာရေးသူ အချိန်ကုန်ခံပြီး စောဒကမတက်ချင်သော်လည်း အတုယူဖွယ်ကောင်းသည်များရှိသည်။ စာပေစိစစ်ရေးအခြေခံမူများထဲတွင် "လူမှုရေးကဏ္ဍ"၌ "အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် သတင်းနှင့် ဓာတ်ပုံများမဖော်ပြရ"၊ "မြန်မာ့ယဉ်ကျေးမှုအရ ဖော်ပြရန်မသင့်လျော်သော ကိုယ်ခန္ဓာအစိတ်အပိုင်းများကိုဖော်ပြခြင်း၊ ဟီရိသြတ္တပ္ပတရားနှင့်မညီသော ဝတ်စားဆင်ယင်မှုနှင့်ကိုယ်ဟန်အမူအရာများကို ဖော်ပြခြင်းမပြုရ"ဟု စည်းကမ်းသတ်မှတ်ထားသည်။ ရုပ်ရှင်ဆင်ဆာအဖွဲ့ကလည်း ထိုနည်းတူ သတ်မှတ်ထားပါသည်။ ❖

**လူသတ်ပွဲ**

နိုင်ငံခြားအက်ရှင်ဇာတ်ကားများကဲ့သို့ အလွန်ကြောက်ရွံ့ချောက်ချားဖွယ်ကောင်းလှသည့် လူသတ်ပွဲ။ ရက်စက်ကြမ်းကြုတ်လှသည့် လူသတ်ပွဲ။ စိတ်ကူးယဉ်ရုပ်ရှင်မဟုတ်။ ဖေ့စ်ဘွတ်မှာ မြင်တွေ့လိုက်ကြရသည့် ထိတ်လန့်တုန်လှုပ်စက်ဆုပ်ဖွယ်ကြမ်းကြုတ်မှုမြင်ကွင်း။

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက် ညဦးသန်းခေါင်ကျော်အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း ကွမ်းယာဆိုင်အနီးတွင် ကြည့်မြင်တိုင်လူမိုက်အုပ်စုက အင်းစိန်မှ နာမည်ကြီးထောင်ထွက်လူမိုက်ခေါင်းဆောင်ကို လမ်းလယ်ကောင်မှာ ခြေထောက်ကနေ တရွတ်တိုက်ဆွဲခေါ်သွားပြီး တောင်းပန်နေသည့်ကြားမှ ဓားဖြင့် ရက်ရက်စက်စက် ထိုးသတ်လိုက်သည့်မြင်ကွင်း။

မြင်တွေ့ကြရသူတိုင်း တုန်လှုပ်ချောက်ချားအော့နှလုံးနာကြရသလို သံဝေဂများလည်း ရကြသည်။ အထူးသဖြင့် မြန်မာ့လူနေမှုစရိုက်နှင့် လုံးဝမကိုက်ညီသော မိုက်ရိုင်းမှုမြင်ကွင်း။ ရက်စက်မှုမြင်ကွင်း။ မမြင်သင့်ရင်နင့်စရာ သည်မြင်ကွင်း။

ရန်ငြိုးပွားစေသည့် သည်မြင်ကွင်း။ သည်မြင်ကွင်းမျိုးကို ဖေ့စ်ဘွတ်တွင် လုံးဝမတင်သင့်ကြပေ။ သည်လိုလှုပ်ရှားမှုပုံမျိုးကိုတင်သူသည် မည်သည့်အကျိုးရလဒ်များ ရမည်နည်း။ ကိုယ်နှင့်မဆိုင်လျှင် အန္တရာယ်ကို လက်ယပ်ခေါ်နေသည်နှင့်တူနေသည်။

လွန်ခဲ့သော ခြောက်နှစ်ခန့်က လှိုင်သာယာ လက်ဖက်ရည်ဆိုင်တွင်ဖြစ်ပွားခဲ့သော လူသတ်မှုကျူးလွန်ခဲ့ကြသည့်ပုံများကို ဖေ့စ်ဘွတ်မှတစ်ဆင့် ပျံ့နှံ့သွားခဲ့ရာ ကြည့်မြင်သူများထိတ်လန့်တုန်လှုပ်ချောက်ချားသွားခဲ့ကြသည်။ လက်ဖက်ရည်ဆိုင်ထဲတွင် ဇွန်းခက်ရင်းနှင့် ခေါက်ဆွဲစားနေသူကို ဓားဖြင့်ဝင်ထိုးရင်း လုံးထွေးသတ်ပုတ်နေကြပုံ၊ အထိုးခံရသူလဲကျသွားသောအခါ ပါလာသောကလေးကပါ ခြေထောက်ဖြင့် ကန်ကျောက်သွားပုံများကို ရုပ်ရှင်ဗီဒီယိုဇာတ်လမ်းအလားပြသထားရာ ဇာတ်လမ်းမဟုတ်ဘဲ တကယ့်ဖြစ်ရပ်ဖြစ်၍ တချို့က စုတ်တသပ်သပ်ဖြင့် ရင်နင့်သွားကြကာ အသတ်ခံရသူအတွက် မခံမရပ်နိုင်ဖြစ်ကုန်ကြသည်။ တချို့ကလည်း ဆိုင်ထဲဝင်ပြီး ဇက်ရဲလက်ရဲ ရက်ရက်စက်စက်သတ်ဖြတ်သူများကို အမြန်ဆုံးဖမ်းဆီးပြီး သေဒဏ်ပေးကြပါဟု ပြောဆိုခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် မေလအတွင်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တစ်မြို့နယ်၏ ပြည်လမ်းမကြီးပေါ်တွင် ဆိုင်ကယ်စီးလာသူကို ကုန်ကားနှင့် တိုက်မိသဖြင့် သေဆုံးသွားခဲ့သည်။ ထိုသို့သေဆုံးခဲ့သည်မှာ မထူးဆန်းလှသော်လည်း ကားတိုက်ခံရမှုကြောင့် ခြေနှစ်ဖက်ပြတ်ပြီး မရှုမလှသေဆုံးနေပုံကို ဖေ့စ်ဘွတ်တွင် စာနာစိတ်ကင်းမဲ့စွာ တင်သူတစ်ဦးကြောင့် သေဆုံးသူ၏ နှလုံးရောဂါသည်ဇနီး၏ အသက်ကိုပင် စိုးရိမ်ဖွယ်ရာကြုံတွေ့ခဲ့ရသည်။

တကယ်တော့ စာနယ်ဇင်းကျင့်ဝတ်ကို လုံးဝနားမလည်ကြသူများက ဖေ့စ်ဘွတ်၊ အွန်လိုင်းအင်တာနက်များတွင် မတင်သင့်သောပုံများ၊ မဖော်ပြသင့်သောပုံများကို သတင်းဦးသတင်းထူးအဖြစ်တင်နေကြ၊ ဖော်ပြနေကြရာ မိဘအုပ်ထိန်းသူများ၊ တာဝန်ရှိကြသူများ တားဆီးကြပ်မတ်ပေးသင့်သည်။ ဖုန်းတစ်လုံးလက်ထဲရှိတာကို မှန်မှန်ကန်ကန်အသုံးမပြုတတ်တော့ မျောက်လက်ထဲ မီးတုတ်ပေးထားသည်နှင့်တူနေသည်။

တစ်ချိန်က လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သော ဂျာနယ်တစ်စောင်က စတန့်ထွင်ပြီး ဂျာနယ်မျက်နှာဖုံးတွင် (PHOTO NEWS)သတင်းဓာတ်ပုံများတင်ပြခဲ့ရာ တစ်ပတ်တွင် ကားတိုက်ခံရသောဆိုင်ကယ်သမား၏ ခြေချောင်းပြတ်ကျပြီး တွဲလောင်းကြီးဖြစ်နေပုံကို သွေးသံရဲရဲနှင့် ဖော်ပြခဲ့ရာ ထိုဂျာနယ်ကိုဖတ်ရှုမိကြသူတချို့ ဒေါ်ဂလီဆန်၊ ပျို့အန်ကုန်ကြသည်။ အချို့လည်း နှလုံးရောဂါထလာကြသည်။ စာဖတ်သူအားလုံးက ဝေဖန်ကြသောကြောင့် စာပေစိစစ်ရေးက ထိတ်လန့်ချောက်ချားဖွယ်ဓာတ်ပုံသတင်းမျိုးကို လုံးဝမထည့်ရဟု တားမြစ်ပိတ်ပင်ခဲ့ရသည်။

မှုခင်းမဂ္ဂဇင်းနှင့် မှုခင်းဂျာနယ် တာဝန်ခံအယ်ဒီတာ စာရေးသူကိုယ်တိုင်လည်း စာပေစိစစ်ရေးက သတိပေးခြင်းကိုခံခဲ့ရသည်။ စာရေးသူ သတိပေးခံရသည်က စာဖြင့် သတိပေးခံရခြင်းမဟုတ်။ နှုတ်ဖြင့် ညင်ညင်သာသာကလေးသတိပေးခြင်းဖြစ်သည်။ နှုတ်ဖြင့် ညင်ညင်သာသာလေးသတိပေးခြင်းက စာဖြင့် သတိပေးခြင်းထက် အခံရခက်လှသည်။ ပုဂ္ဂိုလ်ရေးခင်မင်သံယောဇဉ်ကြောင့် သာသာနှင့်နာနာနက်သလို သဘောမျိုးဟု ခံစားခဲ့ရသည်။

ထိုအချိန်က မှုခင်းရှုထောင့်ဂျာနယ်၏ တာဝန်ခံအယ်ဒီတာဖြစ်သော စာရေးသူက လူသတ်မှုသတင်းကို ဓာတ်ပုံများဝေဝေဆာဆာဖြင့် ဖော်ပြခဲ့သည်။ စာပေစိစစ်ရေးက ခွင့်ပြုချက်အရ ဖော်ပြခြင်းလည်းဖြစ်သည်။ သို့သော် ဂျာနယ်မှာ ထိုသတင်းပါသွားမှ ပြဿနာကပေါ်လာခြင်းဖြစ်သည်။ ဝေဝေဆာဆာဖော်ပြခဲ့သော ဓာတ်ပုံများကြောင့်ဖြစ်သည်။

လူသတ်မှုသတင်း ဖော်ထုတ်ဖမ်းဆီးရမိပုံများကို ဖော်ပြခဲ့ရာတွင် လူသတ်မှုကျူးလွန်သူ၏ ဓာတ်ပုံ၊ အသတ်ခံရသူ၏အလောင်းကို ခေါင်းတခြားဖြတ်ထားပုံ၊ ခြေထောက်ဖြတ်ထားသောပုံ၊ လက်များကိုဖြတ်ထားသောပုံ၊ ဓားဖြင့်လှီးဖြတ်ထားသော ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖော်ပြထားသောကြောင့် ပြဿနာပေါ်လာရခြင်းဖြစ်သည်။

စာရေးသူထက်ငယ်သော စာပေစိစစ်ရေးမှူးက "ဆရာရဲ့ သားချင်းတစ်ဦးဦး အဲဒီလိုအသတ်ခံရပြီး အဲဒီလိုပုံတွေဖော်ပြထားရင် ဆရာ ဘယ်လိုခံစားရမလဲ။ စဉ်းစားကြည့်ပါ။ စာနာကြည့်ပါ။ သတင်းဦးတိုင်း၊ ဓာတ်ပုံပြည့်စုံတိုင်း သတင်းကောင်းမဟုတ်ဘူးဆိုတာ ဆရာက ကျွန်တော့်ထက် အသက်ကြီးသလို စာပေအတွေ့အကြုံလဲရှိသူမို့ ပိုပြီး နားလည်သဘောပေါက်မှာပါ။ နောင်ကို ဒီလိုမဖြစ်ပါစေနဲ့ဗျာ။ ပြောရတာအားလဲနာပါတယ်။ ပညာရှိသတိဖြစ်ခဲ့ဆိုသလို လွန်သွားတာလို့ပဲ ယူဆပါတယ်ဗျာ"တဲ့။

စာပေစိစစ်ရေးမှူး၏ ပြုံးပြုံးကလေးနှင့် ပညာသားပါပါ သတိပေးစကားကို စာရေးသူ ငြင်းပယ်နိုင်စွမ်းမရှိဘဲ ကျွန်တော်မှားသွားကြောင်း၊ သတိလွတ်သွားကြောင်း၊ နောင်ကို ဒီလိုမဖြစ်စေရပါကြောင်း ဝန်ခံကတိပေးခဲ့ရလေရာ ယနေ့ထိ နှလုံးသားထဲတွင် နောင်တရ၊ သံဝေဂရနေခဲ့သည်။ စာပေစိစစ်ရေးမှူးကိုလည်း ထာဝစဉ်ကျေးဇူးတင်နေပါသည်။

ထိုသို့ နောင်တရ၊ သံဝေဂရနေသည့်ကြားထဲမှ စာရေးသူ စာပေဟောပြောပွဲထွက်နေချိန်တွင် စာရေးသူ၏ဒိုင်ဆရာက ဂျာနယ်တွင် ကြိုးဆွဲချသေဆုံးနေသောဓာတ်ပုံကို ထည့်လိုက်သဖြင့် စာရေးသူ ခေါင်းနားပန်းကြီးသွားပြီး ဒိုင်ဆရာကို ကရုဏာဒေါသောဖြင့် ဆူပူသတိပေးခဲ့ရသည်။

သူ့အပြင် ဒိုင်ဆရာနောက်တစ်ယောက်ကလည်း ချဲထီပြဿနာကြောင့် အသတ်ခံရသူ၏ဓာတ်ပုံမရသောကြောင့် ပန်းချီပုံဆွဲပြီးဖော်ပြခဲ့ရာ ကာယကံရှင်၏ မိသားစုများက ဂျာနယ်ရုံးသို့ လာရောက်ပွဲကြမ်းခဲ့ဖူးသည်။ "ချဲထီဒိုင်က ချဲမလျော်ဘဲ လူမိုက်ငှားပြီးအသတ်လဲ ခံရသေးတယ်။ အသတ်ခံရသူရဲ့ပုံကိုလဲ သရဲသဘက်တွေအရှုံးပေးရလောက်အောင် လုပ်ကြံရေးဆွဲထားသေးတယ်။ ခင်ဗျားတို့ကို တရားစွဲမယ်"ဟု ကြိမ်းမောင်းခြိမ်းခြောက်ခဲ့ကြရာ စာရေးသူအနူးအညွတ်တောင်းပန်ခဲ့ဖူးသည်။

ပုဂံဘုရားဝင်းထဲရှိ ဘုရားရင်ပြင်တွင် နိုင်ငံခြားသားနှင့် နိုင်ငံခြားသူ နှစ်ဦးအမြင်မတော်၊ မလျော်ဖွယ်ရာပြုမူနေကြပုံကို ဖေ့စ်ဘွတ်ထဲတွင်တင်ခဲ့ရာ မြင်တွေ့ကြရသူတိုင်း ရှက်ရွံ့တုန်လှုပ်သွားကြပြီး မြန်မာ့ယဉ်ကျေးမှုနယ်မြေနှင့် ဘာသာရေးကို စော်ကားရက်လေခြင်းဟု ကြွေးကြော်တောင်းဆိုကြသဖြင့် ထိုနိုင်ငံခြားသားနှစ်ဦးကို ဖမ်းဆီးအရေးယူ၊ ပြည်နှင်ဒဏ်ပေးခဲ့ရပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်တစ်ခု၏စာသင်ခန်းထဲတွင် ကျောင်းသား၊ ကျောင်းသူ (ချစ်သူစုံတွဲ) ချစ်စိတ်မွန်၊ အချစ်လွန်ကဲပြီး ချစ်ဖျူဟာခင်းနေကြပုံများကို ဖုန်းဖြင့် ချောင်းပြီးရိုက်ကူးကာ ဖေ့စ်ဘွတ်တင်ခဲ့ရာ အုတ်အော်သောင်းတင်းနာကြည်းခံပြင်းဖြစ်ခဲ့ကြရသည်။ တက္ကသိုလ်၏ဂုဏ်သိက္ခာနှင့် ပုံရိပ်ကို ထိခိုက်စေခဲ့သောကြောင့် ကျောင်းသားသမဂ္ဂက အချိန်မီဝင်ထိန်းပြီး ဖြေဖျောက်စေခဲ့သည်။

ကျောင်းသား၊ ကျောင်းသူစုံတွဲလည်း အကြီးအကျယ် အရှက်ကွဲ၊ မျက်နှာမပြရဲကြသောကြောင့် ကျောင်းထွက်သွားခဲ့ကြသည်။ ပန်းတိုင်မရောက်မီ လမ်းခရီးတစ်ဝက်မှာပင် ဘဝပျက်သွားကြရသည်။ သူတို့မိဘများခမျာမှာလည်း ရပ်ကွက်ထဲတွင် ရှက်လွန်းသောကြောင့် အိမ်ထဲမှ အိမ်ပြင်သို့မထွက်ရဲကြတော့ပေ။ သားသမီးများမကောင်းသောကြောင့် မိဘများခေါင်းခံကြရသည့်ဖြစ်ရပ်ပင်တည်း။

ဖေ့စ်ဘွတ်တွင် ညစ်ညမ်းဇာတ်လမ်းပုံများကို ဖုန်းဖြင့် ကူးယူထားပြီး ခေတ်မီသူတိုင်းကြည့်ဖူးရမည်ဟုဆိုကာ တစ်ဦးနှင့်တစ်ဦး လက်တို့ပြသခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တစ်မြို့နယ်မှ ရှစ်တန်းကျောင်းသားသုံးဦး ထိုညစ်ညမ်းပုံများကို သူအရင်ကြည့်ဖူးတာ၊ ငါအရင်ကြည့်ဖူးတာဟု အငြင်းပွားကြရာမှ အချင်းများကာ ဓားဖြင့်ထိုးမှုဖြစ်ပွားခဲ့ရသည်။

စာရေးသူဖော်ပြခဲ့သော သတင်းဓာတ်ပုံများ၏ ပြဿနာတွင် ရက်စက်ကြမ်းကြုတ်၊ ထိတ်လန့်တုန်လှုပ်ဖွယ်ဓာတ်ပုံများနှင့် ကာမရာဂနိုးဆွရာရောက်သောညစ်ညမ်းဓာတ်ပုံများ၊ လူငယ်များအတုယူလွဲမှားစေသောဓာတ်ပုံများ ပါဝင်ကြသည်။ ထိုဖြစ်ရပ်ထက်ဆိုးရွားလွန်းသောဓာတ်ပုံများရှိပါသေးသည်။ အဓိကထားတင်ပြချင်သည်က သတင်းရယူရန်နှင့် သက်သေခံရဲမှတ်တမ်းအတွက် ဓာတ်ပုံရိုက်ကူးကြသည်ကို လက်ခံသည်။ သို့သော် ထိုဓာတ်ပုံကို ဖော်ပြသင့်၊ မသင့် စာနာစိတ်နှင့် စဉ်းစားကြစေချင်သည်။ လုပ်ကြံငွေညှစ်လိုကြသူများကတော့ ကိုယ့်ကြမ္မာကိုယ်ဖန်တီး၍ ထိုက်သင့်သည့်ပြစ်ဒဏ်ခံကြရမှာ သေချာသည်။

စာပေစိစစ်ရေးကို အဆိုးမြင်နေကြသူများကို စာရေးသူ အချိန်ကုန်ခံပြီး စောဒကမတက်ချင်သော်လည်း အတုယူဖွယ်ကောင်းသည်များရှိသည်။ စာပေစိစစ်ရေးအခြေခံမူများထဲတွင် "လူမှုရေးကဏ္ဍ"၌ "အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့်သတင်းနှင့် ဓာတ်ပုံများ မဖော်ပြရ"၊ "မြန်မာ့ယဉ်ကျေးမှုအရ ဖော်ပြရန်မသင့်လျော်သော ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဖော်ပြခြင်း၊ ဟီရိသြတ္တပ္ပတရားနှင့် မညီသော ဝတ်စားဆင်ယင်မှုနှင့် ကိုယ်ဟန်အမူအရာများကို ဖော်ပြခြင်းမပြုရ"ဟု စည်းကမ်းသတ်မှတ်ထားသည်။ ရုပ်ရှင်ဆင်ဆာအဖွဲ့ကလည်း ထိုနည်းတူ သတ်မှတ်ထားပါသည်။

သို့သော် ဒီမိုကရေစီအရေး၊ လူ့အခွင့်ရေးဟု အသံကောင်းဟစ်ကြွေးကြော်နေကြသော ခေတ်ကိုရောက်တော့မှ တီဗီဖန်သားပြင်မှာ အချို့ကြော်ငြာများရော အချို့ရုပ်ရှင်ဇာတ်လမ်းတွဲများပါ မလုံမခြုံဝတ်ဆင်ထားကြသော ရှက်ကြောပြတ်သရုပ်ဆောင်တချို့၊ ၁၈ နှစ်အောက်မဖတ်ရ၊ ကာမရာဂနိုးဆွအညီအဟောက်ပါ ကျောက်ခေတ်ဝတ်စားဆင်ယင်မှုများဖြင့် မြူဆွယ်ထားသောမဂ္ဂဇင်း စသည်ဖြင့် ပေါ်ထွက်လာခဲ့ကြသေးသည်။ အများစုကလက်မခံသဖြင့် ရပ်စဲသွားကြရသည်။

စာပေစိစစ်ရေးကဲ့သို့ စိစစ်မည့်သူမရှိသောကြောင့် အကွပ်မဲ့ကြမ်းလို ပရမ်းပတာဖြစ်လာကြသည်။ စည်းမဲ့ကမ်းမဲ့၊ ရှုပ်ပျက်ဆင်းပျက်၊ သရုပ်ပျက်လာကြသည်။ မိသားစုသုံးဦးခန့်ရှိလျှင် တတ်တတ်၊ မတတ်တတ် အွန်လိုင်းမီဒီယာထောင်၍ရနေသောခေတ်တွင် အွန်လိုင်းမီဒီယာများကလည်း မှိုလိုပေါက်လာကြသည်။ လူတိုင်းနီးပါး ဖုန်းကိုယ်စီရှိနေကြတော့လည်း လက်ဆော့ကြရင်း မြူဆွယ်မှု၊ ကြာခိုမှု၊ လိမ်ညာမှု၊ လူမှောင်ခိုမှု၊ အသရေဖျက်မှု၊ လူသတ်မှု၊ အဓမ္မကျင့်မှု၊ လုယက်မှု၊ ငွေညှစ်မှု မှုခင်းများကလည်း များပြားလာခဲ့သည်။

အထူးသဖြင့် စာနယ်ဇင်းကျင့်ဝတ်၊ မီဒီယာကျင့်ဝတ်များကို နားမလည်ကြသူများနှင့် နားလည်ပါလျက် မလိုက်နာကြသူများသည် စာနာစိတ်ကင်းမဲ့စွာ အနိဋ္ဌာရုံသတင်းဓာတ်ပုံများ၊ ကာမရာဂနိုးဆွရာရောက်သောဓာတ်ပုံများ၊ တစ်ဖက်သားကို ထိခိုက်နစ်နာစေသောသတင်းဓာတ်ပုံများကို တင်ကြ၊ ပုံနှိပ်ဖော်ပြကြပါက နစ်နာကြသူများဘက်က လိုက်ပါကူညီကြမည့် ပရဟိတရှေ့နေများ၊ ဥပဒေပညာရှင်များ ရှိနေကြလေရာ ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေပုဒ်မ-၁၀၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၀ နှင့် ညစ်ညမ်းဓာတ်ပုံအရ အရေးယူသည့်ဥပဒေတို့၏စက်ကွင်းသို့ မလွဲမသွေသက်ဆင်းကြရပေလိမ့်မည်။ သည်တော့မှ ကယ်ပါကူပါတစာစာဖြင့် ခလုတ်ထိမှ အမိတကုန်ကြမှာ သေချာသည်။ သူတစ်ပါးကိုဒုက္ခပေးလျှင် ကိုယ်လည်းထိုက်တန်သောဒုက္ခကို ပြန်လည်ခံစားကြရပေလိမ့်မည်။ အချိန်မီပါသေးသည်။

**စာနာစိတ်ဖြင့် ဆင်ခြင်ရှောင်ကြဉ်နိုင်ကြပါစေ။**

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## လွမ်းရပါကြောင်း ဟေမန်ဆောင်း

- မြောက်လေပြန်လောင်းပြန်တော့ သည်ဆောင်းကဝင်
မြခြုံလွှာသူထွေးပေမဲ့ အအေးကပိုဆဲပင်
ကိုယ့်ရဲ့ဘဝင် မရွှင်သာလှသေး
ဟိုတွေးလို့ သည်ကိုမျှော်
မဲ့အဖော်တကယ်ဝေးသည်မို့လေး။

- မှိုင်ကာတွေးလို့ မပျော်ပါနိုင်
နှမ်းလျက်ခွေယိုင်
မပိုင်သူသည်ဗျာဒ
ပျို့အလှတမင်ခွာသည်
ဘဝင်မှာ ဆွေးနေရသည်မို့လေး။

- သည်ဘဝသည်ချိန်တွင် ဆုံတွေ့ဖို့မမြင်
ချစ်ရသူမစိမ်းကားနဲ့ ဝေးသွားပြီထင်
ပစ်ခွာသွားလို့ တမင်ရှောင်သည်
လွမ်းပိုအောင် သူဖန်တီး
ကိုယ့်ဘဝ ဘယ်မလှတယ်
ငိုတလို့ညည်းသည်နှင့်လေး။

- ကိုယ်ထီးရယ်ပါ တကယ်သာဆွေးတော့သည်။
ဆောင်းတွင်းမို့မဖြေသာ
တကယ်သာအေးတော့သည်။ ။

ဘိုမျိုး(ရွှေဘို)

# ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၉၉၇ ဧက စိုက်ပျိုးပြီးစီး

ရေဦး ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၃၅၉၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒီပဲယင်းမြို့နယ်တွင် မြေပဲ ၃၅၀၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၉၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဒီပဲယင်းမြို့နယ်မှာ မြေပဲ ၃၅၀၀၆ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၅၉၉၇ ဧက စိုက်ပျိုးပြီးပါပြီ။ မြေပဲစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်နိုင်ပါတယ်။ ဒီနှစ် မြေပဲစိုက်ပျိုးမှုက အောင်မြင်တဲ့အနေအထားမှာရှိပါတယ်”ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)



ယခင်နှစ်က မြေပဲစိုက်ခင်းကို တွေ့ရစဉ်။

# ဘားအံမြို့နယ် ကော့မှန်ကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်း စစ်ဆေး

ဘားအံ ဇန်နဝါရီ ၁၈

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ကော့မှန်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းဇော်၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကော့မှန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ကော့မှန်ကျေးရွာ၌ အရှည် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် သုံးပေကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၆၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဇော်ထွေးကုမ္ပဏီက ၂၀၂၃ ခုနှစ် မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ပြောပြ၍ သိရသည်။ ဆက်လှ

# မော်လမြိုင်မြို့နယ် မရမ်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

မော်လမြိုင် ဇန်နဝါရီ ၁၈

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မရမ်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမင်းမင်းစိုးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်း၏ ရည်ရွယ်ချက်များ၊ အသင်းသား၊ အသင်းသူများ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ထက်ထက်စံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မရမ်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၇ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို သုည ဒသမ ၄ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူသုံးဦးကို ငွေကျပ် သုည ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၂ ဒသမ ၈ သန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၂ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ သုတ

ပလင်းတန် ဖွံ့ဖြိုးဖို့ တအုပ်တပေ ဖတ်ကြစို့




## ချူကလီးယားလက်နက်ထိန်းချုပ်ရေးဆွေးနွေးပွဲများ ကျင်းပရန်မဖြစ်နိုင်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

**မော်စကို ဇန်နဝါရီ ၁၈**

ယူကရိန်းအခြေအနေကိုထည့်သွင်းတွက်ချက်မှုမရှိဘဲ အမေရိကန်နိုင်ငံနှင့် ချူကလီးယားလက်နက်ထိန်းချုပ်ရေး ဆွေးနွေးပွဲများ ကျင်းပရန်မဖြစ်နိုင်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗရော့ဗ်က ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် စစ်ရေးအရ အသာစီးယူလွှမ်းမိုးထားရေးအတွက် ကြံစည်အားထုတ်နေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ဝေဖန်ခဲ့သည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား မဟာဗျူဟာမြောက်တည်ငြိမ်ရေးဆွေးနွေးပွဲများပြန်လည်စတင်ရန် အမေရိကန်နိုင်ငံက အဆိုပြုထားကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး လက်ဗရော့ဗ်၏အဆိုအရ သိရသည်။

သို့သော် အမေရိကန်နိုင်ငံသည် ယူကရိန်းပြဿနာနှင့်ချူကလီးယားလက်နက်ထိန်းချုပ်ရေး ကိစ္စတို့ကို သီးခြားစီထားရန် အဆိုပြုထားရာ ရုရှားနိုင်ငံအတွက် လက်သင့်ခံ၍မရသည့်အဆိုပြုချက်ဖြစ်ကြောင်း ရုရှား နိုင်ငံခြားရေးဝန်ကြီးက မော်စကိုမြို့၌ ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ယူကရိန်းပြဿနာကို ထည့်သွင်းစဉ်းစားခြင်းမရှိခဲ့လျှင် ရုရှားနှင့်အမေရိကန်တို့ကြား ချူကလီးယားလက်နက်ထိန်းချုပ်ရေးဆွေးနွေးပွဲများ ပြန်စရန် မဖြစ်နိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ရုရှားနှင့် အမေရိကန်တို့ကြား နောက်ဆုံးကျန်ရှိသည့် လက်နက်ထိန်းချုပ်ရေးစာချုပ်ဖြစ်သော မဟာဗျူဟာလက်နက်များထိန်းချုပ်ရေးစာချုပ် (New START) သည် ၂၀၂၆ခုနှစ် ဖေဖော်ဝါရီတွင် သက်တမ်းကုန်မည် ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ် ပြစ်ဒဏ်လျှော့ရက်ခံစားခွင့်ရမည်

**ဗန်ကောက် ဇန်နဝါရီ ၁၈**

ထောင်ဒဏ် ချမှတ်ခံထားရသည့် ထိုင်းဝန်ကြီးချုပ်ဟောင်း သက်ဆင်ရှင်နာဝပ်သည် အသက်အရွယ်နှင့်ကျန်းမာရေးအခြေအနေအရ လာမည့်လတွင်ပြစ်ဒဏ်လျှော့ရက်ခံစားခွင့်ဖြင့် ပြန်လွတ်မည်ဖြစ်ကြောင်း ထိုင်းအစိုးရတာဝန်ရှိသူများက ဇန်နဝါရီ ၁၇ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော ဝန်ကြီးချုပ်ဟောင်းသက်ဆင်သည် ထိုင်းနိုင်ငံသို့ပြန်လည်ရောက်ရှိပြီး နာရီပိုင်းအကြာမှာပင် သွေးဖိအားမြင့်တက်မှုနှင့် ရင်ဘတ်အောင့်မှုတို့ကြောင့် ဆေးရုံတက်ရောက်ခဲ့ရသည်။

အသက် ၇၄ နှစ်အရွယ် ထိုင်းဝန်ကြီးချုပ်ဟောင်းသက်ဆင်သည် အာဏာအလွဲသုံးစားပြုလုပ်မှုစွဲချက်ဖြင့် ၎င်းအပေါ် ချမှတ်ထားသည့် ထောင်ဒဏ်ရှစ်နှစ်ကို ရှောင်ရှားရန် ပြည်ပနိုင်ငံများ၌ ပြည်ပြေးတစ်ဦးအဖြစ် ၁၅ နှစ်ကြာနေခဲ့ပြီး ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်းသက်ဆင်အပေါ် ချမှတ်ထားသည့် ထောင်ဒဏ် ရှစ်နှစ်ကို ထိုင်းဘုရင်မင်းမြတ်က ဘုရင့်လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် တစ်နှစ်အထိသို့လျှော့ချထားပြီးဖြစ်သည်။

သို့ရာတွင် အသက်အရွယ်နှင့် ကျန်းမာရေး အခြေအနေအရ ဝန်ကြီးချုပ်ဟောင်းသက်ဆင်အနေဖြင့် လာမည့်လအတွင်း ပြစ်ဒဏ်လျှော့ရက်ခံစားခွင့် ရရှိမည်ဟု ထိုင်းတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ယီမင်ကမ်းလွန်၌ တိုက်ခိုက်ခံခဲ့ရသော အမေရိကန်သင်္ဘောတစ်စီးကို အိန္ဒိယရေတပ်ကယ်တင်



**ဒေလီ ဇန်နဝါရီ ၁၈**

ယီမင်အခြေစိုက် ဟူသီသူပုန်အုပ်စု၏တိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရသော အမေရိကန်သင်္ဘောတစ်စီးပေါ်မှသင်္ဘောသားများကို အေဒင်ပင်လယ်ကွေ့၌ ကယ်တင်ခဲ့ရကြောင်း အိန္ဒိယရေတပ်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အီရန် ကျောထောက်နောက်ခံပြု ယီမင်သူပုန်အုပ်စုသည် ဇန်နဝါရီ ၁၇ ရက်တွင် ဂျင်ကိုပါကာဒီအမည်ရှိ အမေရိကန်ကုန်တင်သင်္ဘောတစ်စီးကို တိုက်ခိုက်ခဲ့သည်။

သို့သော် အဆိုပါကုန်တင်သင်္ဘော၏ အကူအညီတောင်းခံချက်အရ ပင်လယ်နီဒေသရှိ အိန္ဒိယရေတပ်သင်္ဘောတစ်စီးက ဂျင်ကိုပါကာဒီသင်္ဘောပေါ်မှသင်္ဘောသား ၂၂ ဦးကို သွားရောက်ကယ်တင်ခဲ့ကြောင်း အိန္ဒိယရေတပ် သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အိန္ဒိယရေတပ်သင်္ဘောရောက်ရှိချိန်တွင် ဂျင်ကိုပါကာဒီသင်္ဘောပေါ်မှ သင်္ဘောသားအားလုံး ဘေးကင်းလုံခြုံမှုရှိကြောင်း အိန္ဒိယရေတပ်၏အဆိုအရ သိရသည်။

အစ္စရေး၏ဂါဇာစစ်ပွဲကို တုံ့ပြန်သည့်အနေဖြင့် ဟူသီသူပုန်အုပ်စုသည် ပင်လယ်နီနိုင်ငံတကာရေလမ်းကြောင်းများကိုတိုက်ခိုက်လျက်ရှိရာ ကမ္ဘာ့ရေကြောင်းကုန်သွယ်ရေးလုပ်ငန်းများထိခိုက်လျက်ရှိသည်။

အမေရိကန်အစိုးရသည်ဇန်နဝါရီ ၁၇ ရက်တွင် ဟူသီသူပုန်အုပ်စုကို နိုင်ငံတကာအကြမ်းဖက်အုပ်စုများစာရင်းထဲသို့ ပြန်လည်ထည့်သွင်းထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ထိုင်းနိုင်ငံ ဆပ်ဟန်းဘူရီပြည်နယ်၌ မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုဖြစ်ပွား၊ လူပေါင်း ၂၀ ခန့်သေဆုံး

**ဗန်ကောက် ဇန်နဝါရီ ၁၈**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့မြောက်ပိုင်းရှိ ဆပ်ဟန်းဘူရီပြည်နယ်၌ မီးရှူးမီးပန်းစက်ရုံတစ်ရုံ ဇန်နဝါရီ ၁၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၂၀ ခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်တွင် ထိုင်းတာဝန်ရှိသူများက ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်စက်ရုံ၌ ရှာဖွေရှင်းလင်းမှုများပြုလုပ်လျက်ရှိရာ အသက်ရှင်ကျန်ရစ်သူ မတွေ့ရသေးကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မီးရှူးမီးပန်းစက်ရုံသည် ဗန်ကောက်မြို့မြောက်ဘက် ၇၅ မိုင်ခန့်အကွာရှိ ဆပ်ဟန်းဘူရီပြည်နယ်၌ တည်ရှိသည်။

လက်ရှိအချိန်တွင် မီးရှူးမီးပန်းစက်ရုံပေါက်ကွဲမှုနောက်ခံအကြောင်းရင်းကို မသိရသေးဘဲ ထိုင်းတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ပေါက်ကွဲမှုကြောင့် စက်ရုံအတွင်းရှိ အလုပ်သမားအားလုံး သေဆုံးခဲ့ခြင်း ရှိ၊ မရှိကို မိမိတို့မပြောနိုင်သေးကြောင်း၊လက်ရှိတွင် ပေါက်ကွဲမှုဖြစ်ရာနေရာ၌ အသက်ရှင်ကျန်ရစ်သူ မရှိသေးကြောင်း ထိုင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးရှူးမီးပန်းစက်ရုံပေါက်ကွဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ အသေးစိတ်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ထိုင်းဝန်ကြီးချုပ် ဆရက်ထာ ထာဗီဆင်က ညွှန်ကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အီရန်နယ်မြေအတွင်းရှိ ခွဲထွက်ရေးဝါဒီများကို ပါကစ္စတန်နိုင်ငံက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်

**အစ္စလာမ်မာဘတ် ဇန်နဝါရီ ၁၈**

အီရန်နိုင်ငံအတွင်းရှိ ဘလူချီစတန်စစ်သွေးကြွ ခွဲထွက်ရေးဝါဒီများကို ပါကစ္စတန်နိုင်ငံက ယနေ့တွင် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ပါကစ္စတန် နယ်မြေအတွင်းရှိ အီရန်ဆန့်ကျင်ရေးစစ်သွေးကြွအဖွဲ့တစ်ဖွဲ့ကို အီရန်နိုင်ငံက တိုက်ခိုက်ခဲ့ပြီးနှစ်ရက်အကြာတွင် ပါကစ္စတန်နိုင်ငံက အီရန်နယ်မြေအတွင်းရှိ ဘလူချီစတန် ခွဲထွက်ရေးဝါဒီများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံ စစ္စတန်ဘလူချီစတန်ပြည်နယ်အတွင်းရှိ ကျေးရွာတစ်ရွာပေါ်၌ ယနေ့တွင် ဒုံးကျည်များကျရောက်ခဲ့ရာ အနည်းဆုံး ကိုးဦးသေဆုံးခဲ့ကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော်လည်း ဆက်ဆံရေးနွေးထွေးပြေလည်သည့်နိုင်ငံများ မဟုတ်ကြကြောင်း သိရသည်။

သို့သော် အီရန်နိုင်ငံက ပါကစ္စတန်နယ်မြေအတွင်းရှိ စစ်သွေးကြွပစ်မှတ်များကို တိုက်ခိုက်ခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးတင်းမာမှု ပိုဆိုးလာခဲ့ရသည်။


လက်ရှိအချိန်တွင် ပါကစ္စတန်စစ်ဘက်အနေဖြင့် အသင့်အနေအထားပြင်ဆင်ထားပြီး အီရန်နိုင်ငံ၏လုပ်ရပ်များကို ပြန်လည်တုံ့ပြန်မည်ဟု ပါကစ္စတန်စစ်ဘက်ထိပ်တန်း တာဝန်ရှိသူတစ်ဦးက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အက်စထရိုဘော့တစ်ကုမ္ပဏီ၏ Peregrine လဆင်းယာဉ် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်မည်



**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် အက်စထရိုဘော့တစ် ကုမ္ပဏီ၏ Peregrine လဆင်းယာဉ်သည် ဇန်နဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်မည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

Peregrine လဆင်းယာဉ်သည် ဇန်နဝါရီ ၁၉ ရက်နံနက်ပိုင်းတွင် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်း လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်မည်ဖြစ်သည်ဟု အက်စထရိုဘော့တစ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ရာတွင် Peregrine လဆင်းယာဉ်သည် မြေပြင်စခန်း၏ ထိန်းချုပ်မှုဖြင့် အစီအစဉ်တကျပြန်လည် ဝင်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အက်စထရိုဘော့တစ်ကုမ္ပဏီသည် Peregrine လဆင်းယာဉ်ကို ဇန်နဝါရီ ၈ ရက်တွင် ဗော်လ်ကန် ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီးနောက် Peregrine လဆင်းယာဉ်သည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း အောင်မြင်စွာ ရောက်ရှိခဲ့သော်လည်း လောင်စာယိုစိမ့်မှုပြဿနာကြောင့် လမျက်နှာပြင်ပေါ် ဆင်းသက်ရေးတာဝန် ပျက်ပြားခဲ့ရသည်။

အက်စထရိုဘော့တစ်ကုမ္ပဏီသည် လပေါ်သို့လဆင်းယာဉ်စေလွှတ်နိုင်သည့် ပထမဆုံးပုဂ္ဂလိကကုမ္ပဏီအဖြစ် ရပ်တည်ရေးအတွက် Peregrine လဆင်းယာဉ်ကို လွှတ်တင်ထားခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ရှာဖွေတွေ့ရှိထားသမျှ အာကာသတွင်းနက်များအနက် သက်တမ်းရှေးအကျဆုံးနှင့် အဝေးလံဆုံးအာကာသတွင်းနက်ကို တွေ့ရှိထား


**ဝါရှင်တန် ဇန်နဝါရီ ၁၈**

ရှာဖွေတွေ့ရှိထားသမျှ အာကာသတွင်းနက်များအနက် သက်တမ်းရှေးအကျဆုံးနှင့်အဝေးလံဆုံး အာကာသတွင်းနက်ကို နိုင်ငံတကာ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါရှေးအကျဆုံး အာကာသတွင်းနက်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က လွှတ်တင်ထားသည့် ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသတွင်းနက်မှာ ကမ္ဘာမြေနှင့် အလင်းနှစ် ၁၃ ဒသမ ၄ ဘီလီယံ အကွာတွင် တည်ရှိသော GN-Z11 အမည်ရှိ ကြယ်စုအတွင်းတည်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ၎င်းအာကာသတွင်းနက်သည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး နှစ်ပေါင်း



သန်း ၄၀၀ ခန့်အကြာတွင် စတင်ပေါ်ထွက်လာခြင်းဖြစ်ကြောင်းသိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

အဆိုပါ အာကာသတွင်းနက်၏ဒြပ်ထုမှာ နေ၏ဒြပ်ထုထက်အဆပေါင်း ခြောက်သန်းကျော်ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် အဆိုပါ အာကာသတွင်းနက်သည် ၎င်းတည်ရှိရာ GN-Z11 ကြယ်စုအတွင်းရှိအာကာသဒြပ်ထည်များကို လက်ရှိသီအိုရီများအရ သတ်မှတ်ထားသည့်နှုန်းထက် ငါးဆမျှ ပိုမြန်သည့်နှုန်းဖြင့် ဝါးမျိုနေကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## AX-3 မစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကနေဒီအာကာသစခန်းပစ်စင်အမှတ် (၃၉ အေ)သို့ ပို့ဆောင်

**ဝါရှင်တန် ဇန်နဝါရီ ၁၈**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် AX-3 မစ်ရှင်အတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်း ပစ်စင်အမှတ် (၃၉ အေ) သို့ ပို့ဆောင်ထားကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် AX-3 မစ်ရှင်ဖြင့် အာကာသခရီးသည်လေးဦးကို နိုင်ငံတကာ အာကာသစခန်းသို့ ပို့ဆောင်ပေးရန် စီစဉ်ထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် AX-3 မစ်ရှင်ကို ဇန်နဝါရီ ၁၉ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

AX-3 မစ်ရှင်သည် ဟူစတန်အခြေစိုက် Axiom Space ကုမ္ပဏီက စီစဉ်ခဲ့သည့် တတိယမြောက် ပုဂ္ဂလိက အာကာသခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Space-X နှင့် Axiom Space ကုမ္ပဏီတို့သည် ၂၀၂၂ ခုနှစ် ဧပြီလနှင့် ၂၀၂၃ ခုနှစ် ဧပြီလတွင် AX-1 နှင့် AX-2 မစ်ရှင်များကို လွှတ်တင်ခဲ့ပြီးဖြစ်သည်။

AX-3 မစ်ရှင်ဖြင့်လိုက်ပါမည့် အာကာသခရီးသည် လေးဦးတို့သည် နိုင်ငံတကာအာကာသစခန်း၌ သီတင်းနှစ်ပတ်ကြာ နေထိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ပိုင်အာဂရာဆေးနှင့် နှလုံးအောင့်ရောဂါဆေး တွဲသုံးပါက အသက်အန္တရာယ်ရှိနိုင်

**တောဟွမ်း ဇန်နဝါရီ ၁၈**

ပန်းသေးပန်းညှိုး ရောဂါဆေးတစ်မျိုးဖြစ်သည့် ပိုင်အာဂရာနှင့် နှလုံးအောင့်ရောဂါ ဆေးဝါးပုံစံတစ်မျိုး တွဲသုံးပါက အသက်အန္တရာယ်ရှိနိုင်ကြောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၁၇ ရက်တွင် ပြောကြားသည်။

နိုက်ထရိတ်အုပ်စုဝင် ဆေးဝါးများသည် နှလုံးအတွင်းသို့ အောက်ဆီဂျင်နှင့် အာဟာရဓာတ်များ ပိုမိုရရှိနိုင်ရေးအတွက် သွေးကြောများကို ချဲ့ပေးသည့် ဆေးဝါးများဖြစ်ကြောင်း သိရသည်။

၎င်းဆေးများကို အသက် ၄၂ နှစ်နှင့်အထက် နှလုံးအောင့်လူနာအမျိုးသားများအတွက် အသုံးပြုလေ့ရှိသည်။

သို့ရာတွင် ပိုင်အာဂရာဆေးနှင့် နိုက်ထရိတ်အုပ်စုဝင် ဆေးများတွဲသုံးပါက သွေးပေါင်ချတ်တရက်ကျ၍ နှလုံးရပ်တရက်ဖောက်နိုင်ခြေ မြင့်မားလာနိုင်ဖွယ်ရှိကြောင်း ဆွီဒင် သုတေသနပညာရှင်များက ပြောကြားသည်။

ဆွီဒင် သုတေသနပညာရှင်များသည် နှလုံးရပ်တရက်ဖောက်မှုကြောင့် ဆေးရုံတက်ရောက်ခဲ့ရသည့် အမျိုးသားလူနာ ၆၁၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပိုင်အာဂရာနှင့် နိုက်ထရိတ်အုပ်စုဝင်ဆေးများကို တွဲသုံးပါက သွေးကြောများ အလွန်ကျယ်ထွက်လာပြီး သွေးပေါင်ချတ်တရက်ကျသွားနိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO**

## အင်ဆူလင်ဟော်မုန်း ကိုယ်ဖျန်းဆေးတစ်မျိုးက အင်ဆူလင်ဟော်မုန်းထိုးရန်လိုအပ်မှုကို လျှော့ချနိုင်

**အော့စလို ဇန်နဝါရီ ၁၈**

အင်ဆူလင်ဟော်မုန်း ကိုယ်ဖျန်းဆေးပုံစံတစ်မျိုးသည် ဆီးချိုလူနာများအနေဖြင့် အင်ဆူလင်ဟော်မုန်းထိုးနှံရန် လိုအပ်နေမှုကို လျှော့ချနိုင်ဖွယ်ရှိကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

အဆိုပါ အင်ဆူလင်ဟော်မုန်းကိုယ်ဖျန်းဆေးကို ဆီးချိုလူနာများဖြင့် လက်တွေ့စမ်းသပ်ရန် နော်ဝေ သုတေသနပညာရှင်များက စီစဉ်နေကြောင်း သိရသည်။

အင်ဆူလင်ဟော်မုန်းကို အရေပြားပါးလွှာသည့် လက်မောင်းအတွင်းသားအပေါ် ဖျန်းပေးခြင်းဖြင့် အင်ဆူလင်ဟော်မုန်းများသည် သွေးလည်ပတ်မှုစနစ်အတွင်း လျင်မြန်စွာ စိမ့်ဝင်သွားနိုင်ကြောင်း နော်ဝေ သုတေသနပညာရှင်များက မျှော်လင့်ထားသည်။

အဆိုပါ အင်ဆူလင်ဟော်မုန်းကိုယ်ဖျန်းဆေးကို နော်ဝေအခြေစိုက် Insulife အမည်ရှိ ကုမ္ပဏီက ဖန်တီးထားခြင်းဖြစ်သည်။

အင်ဆူလင်ဟော်မုန်း ကိုယ်ဖျန်းဆေးသည် တစ်ရက်လျှင် သုံးကြိမ်မှ လေးကြိမ်ထိ အင်ဆူလင်ထိုးနှံထည့်သွင်းနေရသော လူနာများအတွက် အင်ဆူလင်ဖြည့်တင်းမှုနည်းလမ်းသစ် ဖြစ်လာနိုင်သည်။

အင်ဆူလင်ဟော်မုန်း ကိုယ်ဖျန်းဆေးကို ဖန်တီးရာတွင် အင်ဆူလင်များ အရေပြားအတွင်း လျင်မြန်စွာ စိမ့်ဝင်ရေးအတွက် Propylene Carbonate ခေါ် ဓာတုပစ္စည်းတစ်မျိုး ပေါင်းစပ်ပေးထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ် ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်များ

ML

**အာဆင်နယ် Vs ပဲလေ့စ်**

**ကစားမည့်ရက်/အချိန် ၂၀-၁-၂၀၂၄ (ည ၈း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ပဲလေ့စ် ၀ - ၁ အာဆင်နယ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အာဆင်နယ်** | – | **အိမ်(ရှုံး)** | **ဧည့်(ရှုံး)** | **အိမ်(ရှုံး)** |
| **ပဲလေ့စ်** | – | **အိမ်(နိုင်)** | **အိမ်(သရေ)** | **ဧည့်(ရှုံး)** |

နောက်ဆုံးသုံးပွဲဆက်ရှုံးထားတဲ့ အာဆင်နယ်အသင်းဟာ ချန်ပီယံဆုကိုစိန်ခေါ်နိုင်ဖို့အတွက် အခုပွဲစဉ်ကိုတိုက်စစ်မြင့်ကစားလာမှာသေချာပါတယ်။ ပဲလေ့စ်အသင်းကလဲ ခြေစွမ်းပိုင်းကျဆင်းနေပြီး နောက်ဆုံးအဝေးကွင်း ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့သလို ကစားသမားစုဖွဲ့မှုနဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ အာဆင်နယ်ကိုယှဉ်မရခဲ့ပါဘူး။ ဒါကြောင့် နိုင်ပွဲလိုအပ်နေတဲ့ အာဆင်နယ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – အာဆင်နယ် ၂ – ၁ ပဲလေ့စ်**

**ဘရန့်ဖို့ဒ် Vs နော်တင်ဟမ်**

**ကစားမည့်ရက်/အချိန် ၂၀-၁-၂၀၂၄ (ည ၁၂း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**နော်တင်ဟမ် ၁ – ၁ ဘရန့်ဖို့ဒ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဘရန့်ဖို့ဒ်** | – | **ဧည့်(ရှုံး)** | **အိမ်(သရေ)** | **ဧည့်(ရှုံး)** |
| **နော်တင်ဟမ်** | – | **အိမ်(နိုင်)** | **အိမ်(သရေ)** | **ဧည့်(နိုင်)** |

ပြီးခဲ့တဲ့ ခုနစ်ပွဲဆက်ရှုံးပွဲကြုံထားတဲ့ ဘရန့်ဖို့ဒ်ဟာ အခုပွဲစဉ်မှာလဲ အဓိကကစားသမားတွေ လက်လွှတ်ရမှာဖြစ်လို့ ရှုန်းကန်ရမှာသေချာပါတယ်။ နော်တင်ဟမ်ကတော့ ဆန်းတို့စ်လက်ထက်မှာ ခြေစွမ်းပိုင်းတည်ငြိမ်လာတာကြောင့် ကစားအားကျဆင်းနေတဲ့ ဘရန့်ဖို့ဒ်ကိုပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အနိမ့်ဆုံးသရေရလဒ်ကစားလာမဲ့ နော်တင်ဟမ်ကိုပဲ ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း – ဘရန့်ဖို့ဒ် ၁ – ၂ နော်တင်ဟမ်**

# အီတလီစီးရီးအေ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်

ML

**အမ်ပိုလီ Vs မွန်ဇာ**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၄ (ည ၈း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မွန်ဇာ ၂ – ၀ အမ်ပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အမ်ပိုလီ** | – | **ဧည့်(သရေ)** | **အိမ်(ရှုံး)** | **ဧည့်(ရှုံး)** |
| **မွန်ဇာ** | – | **ဧည့်(သရေ)** | **ဧည့်(နိုင်)** | **အိမ်(ရှုံး)** |

အမ်ပိုလီအသင်းဟာ ဒဏ်ရာရကစားသမားများနေတာကြောင့် ခံစစ်ပိုင်းကျဆင်းသွားခဲ့ပြီး နောက်ဆုံးရှစ်ပွဲဆက်နိုင်ပွဲမရခဲ့ပါဘူး။ မွန်ဇာကတော့ အသင်းကြီးတွေကိုရှုံးထားပေမဲ့ ခြေရည်တူအသင်းတွေနဲ့ဆို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးနိုင်ခဲ့တာကြောင့် အခုပွဲစဉ်မှာလဲ အမ်ပိုလီကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့များပါတယ်။ ဒါကြောင့် ခြေစွမ်းပိုင်းအသာရနေတဲ့ မွန်ဇာနဲ့ပဲ လက်တွဲရမှာပါ။

**အင်တာနက်ခန့်မှန်း – အမ်ပိုလီ ၁ – ၂ မွန်ဇာ**

## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းက ယူရို ၆၅ သန်းဖြင့်ခေါ်ယူထားသည့် ဂွန်ကာလိုရာမိုစ်ကို ပုံစံကောင်းပြသရန် ရုန်းကန်နေရမှုကြောင့် လက်ရှိအပြောင်းအရွှေ့ကာလတွင် ပြန်လည်ရောင်းချရန် ပြင်ဆင်လျက်ရှိသည်။
- စပါးအသင်းကကွင်းလယ်ကစားသမား ဟော့ဂျက်နှင့်လမ်းခွဲရန်ဆုံးဖြတ်ထားသောကြောင့် နာပိုလီအသင်းက ဟော့ဂျက်ကိုခေါ်ယူနိုင်ရန် ဆက်လက်ကြိုးပမ်းနေကြောင်း သိရသည်။
- တန်ဂန်ဂါသည် အော့စ်ဘတ်အသင်းနှင့် အငှားစာချုပ်ဖျက်သိမ်းပြီး စပါးအသင်းနှင့်ပြန်လည်ပူးပေါင်းခဲ့ကြောင်း သိရသည်။

ML

# "B" Diploma Coaching Course (Part-2)

# ဘောလုံးနည်းပြသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းဖွင့်လှစ်သည့် "B" Diploma Coaching Course (Part-2) ဘောလုံးနည်းပြသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းရှိ Multi-Purpose Hall ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမှာစကားပြောကြားခဲ့ပြီးနောက် အာရှဘောလုံးအဖွဲ့ချုပ်မှ တာဝန်ပေးအပ်သည့် သင်တန်းဆရာ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဦးတင်မြင့်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက သင်တန်း နည်းပြဆရာများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းနှင့် သင်တန်းသားကိုယ်စား လှယ်နှစ်ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

"B" Diploma Coaching Course (Part-2) ဘောလုံးနည်းပြသင်တန်းကို ဇန်နဝါရီ ၁၀ ရက်မှ ၁၈ ရက်ထိ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းရှိ Multi-Purpose Hall ၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သင်တန်းနည်းပြဆရာများက သင်တန်းသား၊ သင်တန်းသူ ၂၂ ဦးကို စာတွေ့နှင့် လက်တွေ့ သင်ခန်းစာများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

STA

# ဘာစီလိုနာကစားသမားများထောက်ခံမှုမရှိတော့ပါက အသင်းမှထွက်ခွာမည်ဖြစ်ကြောင်း နည်းပြဇာဗီ ပြောကြား

**ဘာစီလိုနာ ဇန်နဝါရီ ၁၈**

ဘာစီလိုနာအသင်းသည် စူပါဖလားဗိုလ်လုပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းကို လေးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြဇာဗီက မိမိအနေဖြင့် အသင်းမှ ကစားသမားများ ဆက်လက်ထောက်ခံမှုမရှိတော့ပါကအသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် နည်းပြဇာဗီလက်ထက်တွင် လေးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် လာလီဂါ အမှတ်ပေးဇယားကို ပြန်လည်ရယူနိုင်ခဲ့သော်လည်း ယခုနှစ်တွင် အသင်းအနေဖြင့် အမှတ်ပေးဇယား အဆင့်(၄)တွင် ရောက်ရှိနေကာ အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဂျီရိုနာအသင်းနှင့် ရမှတ်ရှစ်မှတ်ထိကွာဟနေသကဲ့သို့ စူပါဖလားပြိုင်ပွဲတွင်လည်း ဂိုးပြတ်ရှုံးနိမ့်ခဲ့ပြီးနောက် ဇာဗီ၏ ပြိုင်ပွဲကိုချဉ်းကပ်ပုံနှင့်ပတ်သက်၍ သတင်းများထွက်ပေါ်လာသောကြောင့် နည်းပြဇာဗီက အသင်းမှကစားသမားများထောက်ခံမှုမရှိတော့ပါက ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

နည်းပြဇာဗီက "အသင်းက ကစားသမားတွေ ကျွန်တော့်ကို ထောက်ခံမှု မရှိတော့တဲ့နေ့ဟာ ကျွန်တော်အိတ်ဆွဲပြီး ဘာစီလိုနာက ထွက်ခွာသွားမှာပါ။ ဒါ့ပြင် အရင်နှစ်က ကျွန်တော့်အနေနဲ့ လာလီဂါဆုဖလားမရခဲ့ရင်လဲ လက်ရှိဒီနေရာမှာ ကျွန်တော်ဆက်ရှိနေမှာမဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ အသင်းနဲ့ ပထမရာသီမှာချန်ပီယံလိဂ်ဝင်ခွင့်ရခဲ့သလို ပြီးခဲ့တဲ့နှစ်မှာ လာလီဂါဆုဖလား ရယူနိုင်ခဲ့ပါတယ်။ အခုနှစ်မှာတော့ စူပါဖလားကို ဆုံးရှုံးခဲ့ရလို့ အားလုံးကို တောင်းပန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့အသင်းအနေနဲ့ဖလားသုံးလုံးလမ်းကြောင်းပေါ်မှာရှိနေဆဲပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : ML

# ချဲလ်ဆီးအသင်းတိုက်စစ်မှူး ဘရိုဂျာကို စတာလင်ပေါင် သန်း ၅၀ ဖြင့်ခေါ်ယူရန် ဖူလ်ဟမ်အသင်းကြိုးပမ်း

**လန်ဒန် ဇန်နဝါရီ ၁၈**

ဖူလ်ဟမ်အသင်းသည် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ချဲလ်ဆီးအသင်းတိုက်စစ်မှူး ဘရိုဂျာကို ခေါ်ယူရန်ဆွေးနွေးခဲ့ရာ တိုးတက်မှုများရှိခဲ့သဖြင့် သဘောတူညီမှုရရှိရန် နီးစပ်နေသော်လည်းချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၅၀ အလိုရှိကြောင်း သိရသည်။

ဖူလ်ဟမ်အသင်းသည် ဘရိုဂျာကိုခေါ်ယူရန် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလကတည်းက ချိတ်ဆက်မှုပြုလုပ်နေခဲ့ပြီး လက်ရှိတွင် ဝုဗ်အသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ကလည်း ခေါ်ယူရန်ကြိုးပမ်းလာမှုကြောင့် ကစားသမားနှင့်ဆွေးနွေးမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရခဲ့သော်လည်း ချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၅၀ အလိုရှိနေကြောင်း ပြောကြားခဲ့သဖြင့် ပြောင်းရွှေ့ကြေးနှင့် ပတ်သက်၍ ညှိနှိုင်းမှုများဆက်လက်ပြုလုပ်လျက်ရှိသည်။




လက်ရှိတွင် ဘရိုဂျာသည် ချဲလ်ဆီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၇ ပွဲတွင် သွင်းဂိုး နှစ်ဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ယခုအပြောင်းအရွှေ့ကာလအတွင်း ဘရိုဂျာကိုရောင်းချကာ တိုက်စစ်မှူးတစ်ဦးထပ်မံခေါ်ယူရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

ဘရိုဂျာသည် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီက ဆောက်သမ်တန်အသင်းသို့ အငှားစေလွှတ်ခဲ့စဉ်က ပြိုင်ပွဲစုံ ၃၈ ပွဲတွင် သွင်းဂိုး ကိုးဂိုးထိ သွင်းယူခြေစွမ်းပြနိုင်ခဲ့သဖြင့် ချဲလ်ဆီးအသင်းက ဘောလုံးရာသီကုန်တွင် အသင်းသို့ပြန်ခေါ်ခဲ့ရာ အရွတ် ထိခိုက်ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလကအသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်ခဲ့သော်လည်း နည်းပြပိုချက်တီနိုက ၎င်း၏ကစားကွက်နှင့်ကိုက်ညီမှုမရှိသည့်အတွက် ရောင်းချရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : ML

# သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် စဝီယာတက်ခ်အနိုင်ရရှိခဲ့ပြီး ပီဂူလာ ရှုံးနိမ့်





**မဲလ်ဘုန်း ဇန်နဝါရီ ၁၈**

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင်ကျင်းပနေသည့် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ် စဝီယာတက်ခ်က အနိုင်ရရှိခဲ့ကာ တတိယအဆင့်ကို တက်ရောက်နိုင်ခဲ့သော်လည်း ကမ္ဘာ့အဆင့်(၅)နေရာတွင် ရပ်တည်နေသည့် ပီဂူလာကရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် ဒုတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ်ကောလင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး စဝီယာတက်ခ်က (၆-၄ ၊ ၃-၆ ၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

အမေရိကန်တင်းနစ်မယ် ပီဂူလာသည် ဒုတိယအဆင့်တွင် ပြင်သစ်တင်းနစ်မယ် ဘူရယ်လ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဘူရယ်လ်က (၆-၄ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ တတိယအဆင့်သို့တက်ရောက်ခဲ့သည်။

စဝီယာတက်ခ်က "ကစားနေရင်းနဲ့ ရှုံးပြီလို့တောင်ထင်ခဲ့တာ။ ခက်ခဲတဲ့ပွဲစဉ်ဖြစ်သလို ရှုံးနိမ့်သွားနိုင်တဲ့အခြေအနေဖြစ်ပေမဲ့လဲ နောက်ဆုံးအချိန်ထိ ကြိုးစားသွားမယ်ဆိုတဲ့စိတ်နဲ့ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့တယ်။ ဒီလိုခက်ခဲတဲ့ပွဲစဉ်မျိုးမှာ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့တာ ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူမိတယ်"ဟု ပြောကြားခဲ့သည်။

စဝီယာတက်ခ်သည် တတိယအဆင့်တွင် ချက်တင်းနစ်မယ် လင်ဒါနိုစကော့ဗာနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ပြီး ပီဂူလာကိုအနိုင်ရရှိခဲ့သည့် ဘူရယ်လ်သည် ပြင်သစ်တင်းနစ်မယ်တစ်ဦးပင်ဖြစ်သည့် ဒိုဒင်နှင့်ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ဒီဇင်ဘာလအတွက် ဘိုင်ယန်မြူးနစ်အသင်း၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို တိုက်စစ်မှူးဟယ်ရီကိန်း ဆွတ်ခူး

**ဘာလင် ဇန်နဝါရီ ၁၈**

ဘိုင်ယန်မြူးနစ် အသင်း၏ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို တိုက်စစ်မှူးဟယ်ရီကိန်းက ဆွတ်ခူးနိုင်ခဲ့ပြီးနောက် အသင်း၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို သုံးလဆက်တိုက်



ရရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ပြောင်းရွှေ့ကစားခဲ့သည့် ဟယ်ရီကိန်းသည် အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင်ပင် ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသလျက်ရှိနေပြီး စံချိန်မှတ်တမ်းကောင်းများစွာကိုလည်း ဆက်တိုက်ရယူနိုင်ခဲ့သကဲ့သို့ ယခုအခါတွင်လည်း အသင်း၏တစ်လတာ အကောင်းဆုံး ကစားသမားဆုကို သုံးလဆက်ရရှိခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်း၏ ဒီဇင်ဘာလအတွက် တစ်လတာ အကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ဟယ်ရီကိန်းနှင့်အတူ ဝါရင့်ကစားသမား မူလာနှင့် လူပက်လိုဇစ်ချ်တို့ပါဝင်လာခဲ့သည်။ ပရိသတ်များ၏ မဲပေးမှုရလဒ်များအရ ဟယ်ရီကိန်းသည် ၄၈ ရာခိုင်နှုန်းထိရရှိခဲ့ပြီး မူလာက ၁၄ ရာခိုင်နှုန်းနှင့် လူပက်လိုဇစ်ချ်က ခြောက်ရာခိုင်နှုန်းသာ ရရှိခဲ့သည့်အတွက် ဟယ်ရီကိန်းက မဲအများဆုံးရရှိကာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်း တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ပြီးခဲ့သည့် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင်လည်း ရရှိခဲ့ပြီး ယခုအခါ ဒီဇင်ဘာလအတွက် ဆက်တိုက် ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : STA**

# PGA Tour တွင် ချန်ပီယံဆုကိုဆွတ်ခူးခဲ့ဖူးသည့် လူးကပ်စ်ဟာဘက် LIV Golf အဖွဲ့ချုပ်နှင့်ပူးပေါင်းသွားရန်ဆွေးနွေး

**ကင်ဘာရာ ဇန်နဝါရီ ၁၈**

PGA Tour ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်သည့် Butterfield Bermuda Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံတစ်ဦးဖြစ်သူ သြစတြေးလျဂေါက်သီးရိုက်ကစားသမား လူးကပ်စ်ဟာဘက်သည် LIV Golf အဖွဲ့ချုပ်နှင့်ပူးပေါင်းသွားရန် စတင်ဆွေးနွေးနေပြီဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

PGA Tour သည် စပိန်ဂေါက်သီးရိုက်ကစားသမားဂျွန်ရမ်းကို ဆုံးရှုံးခဲ့ရပြီးနောက် တစ်လအကြာတွင် လူးကပ်စ်ဟာဘက်ကို ထပ်မံဆုံးရှုံးရမည့်အရေးဖြင့်ရင်ဆိုင်နေရသည်။

လူးကပ်စ်ဟာဘက် အနေဖြင့် အခြားသော သြစတြေးလျဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ကင်မရွန်းစမစ်၊ မက်လိုက်မန်း၊ မတ်ဂျုန်းတို့နှင့်အတူပူးပေါင်းသွားရေးအတွက် LIV Golf အဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့်ဆွေးနွေးနေပြီး လာမည့်ရက်ပိုင်းအတွင်း သဘောတူညီချက်ရရှိသွားဖွယ်ရှိနေသည်။

လာမည့် ဖေဖော်ဝါရီလတွင် ၂၀၂၄ ခုနှစ် LIV Golf ဂေါက်သီးရိုက်ရာသီ စတင်တော့မည်ဖြစ်ပြီး မက္ကဆီကိုနိုင်ငံတွင် ကျင်းပသွားမည့် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲ၏ အဖွင့်ပြိုင်ပွဲဖြစ်သော အသင်းလိုက်ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲတွင် သြစတြေးလျဂေါက်သီးရိုက်ကစားသမားများနှင့်အတူ Ripper GC အသင်း၌ ပါဝင်သွားဖွယ်လည်းရှိနေသည်။

လူးကပ်စ်ဟာဘက်သည် DP World Tour ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ချန်ပီယံဆုဖလားသုံးလုံး ဆွတ်ခူးရရှိထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး PGA Tour ဂေါက်သီးရိုက်အဖွဲ့ချုပ်အနေဖြင့် နာမည်ကြီးဂေါက်သီးရိုက်ကစားသမားများကို ထပ်မံဆုံးရှုံးနေရသည့်အခြေအနေကြောင့် အဖွဲ့ချုပ်၏ပုံရိပ်ကျဆင်းမည့်အရေးဖြင့်ရင်ဆိုင်နေရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# စပိန်လာလီဂါ ပွဲစဉ် (၂၁) ပွဲကြိုသုံးသပ်ချက်

STA

**ဆဲလ်တာဗီဂို Vs ဆိုစီဒက်**

**ကစားမည့်ရက်/အချိန် ၂၁-၁-၂၀၂၄ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆိုစီဒက် ၁ – ၁ ဆဲလ်တာဗီဂို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | – | ဝေး(နိုင်) | ဝေး(သရေ) | ဝေး(နိုင်) |
| ဆိုစီဒက် | – | ဝေး(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |

ဆဲလ်တာဗီဂိုအသင်းဟာ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းတွေ ပြန်လည်ကောင်းမွန်နေတယ်ဆိုပေမဲ့ ခံစစ်ပိုင်းကတော့ စိတ်ချလို့မရပါဘူး။ ဆိုစီဒက်အသင်းကလဲ အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိသလို ဆဲလ်တာဗီဂိုအသင်းနဲ့တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိပါတယ်။ဒါကြောင့် ဆိုစီဒက်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – ဆဲလ်တာဗီဂို ၁ – ၂ ဆိုစီဒက်**

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၈) ပွဲကြိုသုံးသပ်ချက်များ

STA

**ဖရိုင်းဘတ် Vs ဟော့ဖန်ဟိမ်း**

**ကစားမည့်ရက်/အချိန် ၂၀-၁-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဟော့ဖန်ဟိမ်း ၁ – ၂ ဖရိုင်းဘတ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | – | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |
| ဟော့ဖန်ဟိမ်း | – | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(ရှုံး) |

နောက်ဆုံး လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ဟော့ဖန်ဟိမ်းအသင်းဟာ အခုပွဲစဉ်မှာလဲ ရှုန်းကန်ရပါလိမ့်မယ်။ ဖရိုင်းဘတ်အသင်းကတော့ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့ အသင်းတစ်သင်းဖြစ်လို့ ဟော့ဖန်ဟိမ်းအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံမာကျောမှုရှိတဲ့ ဖရိုင်းဘတ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – ဖရိုင်းဘတ် ၂ – ၀ ဟော့ဖန်ဟိမ်း**

**ကိုလုံး Vs ဒေါ့မွန်**

**ကစားမည့်ရက်/အချိန် ၂၀-၁-၂၀၂၄ (ည ၀၉:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဒေါ့မွန် ၁ – ၀ ကိုလုံး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုလုံး | – | ဝေး(ရှုံး) | ဝေး(သရေ) | အိမ်(သရေ) |
| ဒေါ့မွန် | – | အိမ်(သရေ) | အိမ်(သရေ) | ဝေး(နိုင်) |

နောက်ဆုံး ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ကိုလုံးအသင်းရဲ့ခြေစွမ်းပိုင်းက အတော်လေးဆိုးရွာနေလို့ အခုပွဲစဉ်မှာလဲ ရှုန်းကန်ရမှာပါ။ ဒေါ့မွန်အသင်းကလဲ အဆင့်(၄)နေရာအတွင်း ပြန်လည်ဝင်ရောက်ဖို့ အဝေးကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ ဒါကြောင့် အဝေးကွင်းမှာ ခြေစွမ်းပြလေ့ရှိတဲ့ ဒေါ့မွန်အသင်းပဲ အနိုင်ရရှိသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ကိုလုံး ၁ – ၃ ဒေါ့မွန်**

# ပြင်သစ်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ပွဲကြိုသုံးသပ်ချက်

STA

**ဘော်ဒိုး Vs နိုက်**

**ကစားမည့်ရက်/အချိန် ၂၀-၁-၂၀၂၄ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဘော်ဒိုး ၀ – ၁ နိုက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဘော်ဒိုး | – | ဝေး(နိုင်) | ဝေး(သရေ) | ဝေး(ရှုံး) |
| နိုက် | – | အိမ်(နိုင်) | အိမ်(သရေ) | ဝေး(ရှုံး) |

ဘော်ဒိုးအသင်းအတွက် အိမ်ကွင်းဆိုပေမဲ့ နိုက်အသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ကစားနိုင်ဖို့အတွက်ခက်ခဲမှာပါ။ လက်ရှိ နိုက်အသင်းရဲ့ခြေစွမ်းပိုင်းကလဲကောင်းမွန်နေလို့ ဘော်ဒိုးအသင်းကိုအနိုင်ယူဖို့ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ နိုက်အသင်းပဲ အနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – ဘော်ဒိုး ၀ – ၂ နိုက်**

# အရှုံးနှင့်သာရင်ဆိုင်နေရသော အမေရိကန်၏ပိတ်ဆို့ရေးမူဝါဒများ

ဝင်းဇင်(သုတေသန)

မကြာသေးမီနှစ်များအတွင်း အမေရိကန်နိုင်ငံရေးသမားများ လုပ်ဆောင်လာလျက်ရှိသော လုပ်ရပ်များသည် တရုတ်နိုင်ငံ၏ အဆင့်မြင့်နည်းပညာ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာမှုကို ထိန်းချုပ်ရန် ကြိုးပမ်းမှုများသာဖြစ်ကြောင်း ပိုမိုထင်ရှားပေါ်လွင်လာလျက်ရှိသည်။ အမေရိကန်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း CHIPS နှင့် Science Act တို့ကို ပြဋ္ဌာန်းခဲ့သည်။ ၎င်းအက်ဥပဒေများတွင် အမေရိကန်ချစ်(ပ်)ထုတ်လုပ်သူများကို တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများ ပုံမှန်သာလုပ်ဆောင်ရန်နှင့် အမေရိကန်-တရုတ် သိပ္ပံနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတို့ကို ကန့်သတ်ထားရှိသည်။

ထို့ပြင် အမေရိကန်သည် ၎င်း၏မဟာမိတ်များကိုလည်း တရုတ်နိုင်ငံသို့ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများ တင်ပို့မှုဖြတ်တောက်သွားရန် တိုက်တွန်းထားသည့်အပြင် အမျိုးသားလုံခြုံရေး အကြောင်းပြချက်ဖြင့် တရုတ်နည်းပညာကုမ္ပဏီများကို မကောင်းကြံစည်ရန် ကြိုးပမ်းလျက်ရှိသည်။ စင်စစ်အားဖြင့် အမေရိကန်သည် မည်သူ့ကိုမျှ အကျိုးမရှိသော အတွေးအခေါ်ဖြင့် နိုင်ငံတကာကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဖလှယ်မှုတို့ကို ကမောက်ကမဖြစ်အောင် ဟန့်တားနှောင့်ယှက်ကာ ၎င်း၏ အသာစီးအနေအထားကို ဆက်လက်ထိန်းသိမ်းထားရှိရန် ကြိုးပမ်းလျက်ရှိသည်။ တရုတ်နိုင်ငံကို ထိန်းချုပ်ရန်ရည်ရွယ်ထားသော အမေရိကန်၏မူဝါဒများသည် လက်နက်ရောင်းချမှုများနှင့် ကုန်သွယ်မှုပြဿနာများကိုသာ ကြီးထွားလာစေလျက်ရှိသဖြင့် ကမ္ဘာ့စီးပွားရေးအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

တရုတ်နိုင်ငံသည် လူသုံးကုန်ပစ္စည်းများရောင်းဝယ်ရာတွင် ကမ္ဘာ့ဒုတိယအကြီးမားဆုံးစားသုံးသူဈေးကွက်နှင့် အကြီးမားဆုံးကုန်သွယ်မှုဗဟိုချက်မပင်ဖြစ်သည်။ ၎င်း၏စီးပွားရေးသည် ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့်အပြင် ဆက်လက်တိုးတက်လျက်ရှိသည်။ တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအရင်းအမြစ်လည်းဖြစ်သည့်အပြင် ကမ္ဘာလုံးဆိုင်ရာစက်မှုလုပ်ငန်းနှင့် အရောင်းကွင်းဆက် တည်ငြိမ်မှုအတွက် အဓိကနိုင်ငံအဖြစ်လည်းပါဝင်လျက်ရှိသည်။ ထို့ကြောင့် တရုတ်နိုင်ငံကို ကမ္ဘာ့အသိုက်အဝန်းမှကြဉ်ဖယ်ရန် ကြိုးပမ်းခြင်းသည် ပိုမိုကောင်းမွန်သောအနာဂတ်အတွက် အခွင့်အလမ်းများစွာကို လက်လွှတ်ဆုံးရှုံးရမည်ဖြစ်သကဲ့သို့ နောက်ဆုံးတွင် အမေရိကန်အပေါ် ဆိုးကျိုးများ တန်ပြန်သက်ရောက်လာစေမည်ဖြစ်သည်။

အမေရိကန်နိုင်ငံအနေဖြင့် တရုတ်ဈေးကွက်ကို ဖြတ်တောက်လျှော့ချရန် ကြိုးပမ်းခြင်းသည် ၎င်း၏ကိုယ်ပိုင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် ဝန်ထုပ်ဝန်ပိုးများသာ ဖြစ်ပေါ်စေမည်ဖြစ်သည်။ သာဓကအနေဖြင့် ၂၀၂၂ ခုနှစ် ဒုတိယ ခြောက်လပတ်ခန့်ကတည်းက အမေရိကန်၏ တစ်ပိုင်းလျှပ်ကူးစက်မှုလုပ်ငန်းသည် ကျရိပ်ပြလာပြီး အရောင်းဈေးကွက်သည် သိသိသာသာရောင်းအားကျဆင်းလာလျက်ရှိသည်။ Marvell၊ Micron၊ Intel၊ AMD နှင့် အခြားသော အကြီးစား စီးပွားရေးလုပ်ငန်းများသည် အရှုံးဖြင့် စတင်ရင်ဆိုင်လာရလျက်ရှိသည်။ ထို့ပြင် အမေရိကန်ကုန်သွယ်မှုအဖွဲ့ချုပ်၏ အဆိုအရ အမေရိကန် ရင်းနှီးမြှုပ်နှံသူများသည် နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံခန့် ဆုံးရှုံးရနိုင်ကြောင်း၊ အလားတူ အမေရိကန်ကုမ္ပဏီများအနေဖြင့်လည်း တရုတ်နိုင်ငံတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ၅၀ ရာခိုင်နှုန်း လျှော့ချသွားမည်ဆိုလျှင် တိုင်းပြည် GDP မှ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ခန့် ဆုံးရှုံးမှုဖြစ်ပွားနိုင်ကြောင်း သိရသည်။

နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)က ထိလွယ်ရှလွယ်ဖြစ်နေသော စီးပွားရေးလုပ်ငန်းများသည် ဖွံ့ဖြိုးဆဲစီးပွားရေးလုပ်ငန်းများကို အခက်အခဲအကျပ်အတည်းများ ဖြစ်ပေါ်စေလျက်ရှိကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးသည် GDP ၏ ခုနစ်ရာခိုင်နှုန်းထိ ထိခိုက်မှုရှိလာမည်ဖြစ်ကြောင်း ထောက်ပြထားသည်။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာစက်မှုလုပ်ငန်းနှင့် အရောင်းကွင်းဆက်များကိုဟန့်တားနှောင့်ယှက်သည့်လုပ်ရပ်များသည် လွတ်လပ်သောကုန်သွယ်မှုမူဝါဒများကို သွေဖည်လျက်ရှိသည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်သည့် ဥပဒေများကိုလည်း ချိုးဖောက်လျက်ရှိသည်။ အမှန်တော့ ကမ္ဘာလုံးဆိုင်ရာ ဆက်စပ်ပြောင်းလဲမှုဖြစ်စဉ်များကို ရပ်တန့်ရန်ကြိုးပမ်းခြင်းသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအတွက် အကြီးမားဆုံးသော စွန့်စားမှုပင်ဖြစ်သည်။



လက်တလောအချိန်တွင် ကိုဗစ်-၁၉ ရောဂါအလွန် သက်ရောက်မှုများအပြင် ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုများနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ပဋိပက္ခများသည် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနှင့် ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာရေးလုပ်ငန်းများကို ဆက်လက်အင်အားချည့်နဲ့စေလျက်ရှိသည်။ ကမ္ဘာ့ဘဏ်က ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် ၂၀၃၀ ပြည့်နှစ်ထိ ဆက်လက်နှေးကွေးနေမည်ဖြစ်ကြောင်း၊ နိုင်ငံအားလုံး၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အရိပ်မည်းကျရောက်နေမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ထွန်းသစ်စဈေးကွက်များနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဆိုးကျိုးသက်ရောက်နေဦးမည်ဖြစ်ကြောင်း ထောက်ပြထားသည်။

ဆိုရလျှင် အမေရိကန်သည် စီးပွားရေးစွန့်စားမှုကိုဖန်တီးသည့် အဓိကဇာတ်ကောင်ပင်ဖြစ်သည်။ မကြာသေးမီနှစ်များအတွင်း အမေရိကန်စီးပွားရေးအပေါ်တွင် သက်ရောက်မှုဖြစ်ပေါ်စေရုံသာမက ကမ္ဘာလုံးဆိုင်ရာ ဘဏ္ဍာရေးဈေးကွက်အပေါ်တွင်လည်း အတက်အကျများစွာ ဖြစ်ပေါ်စေလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် အမေရိကန်၏ ကြွေးမြီမြင့်တက်လာမှုသည် ဒေါ်လာလွှမ်းမိုးမှုကိုမှီခိုနေရသော ကမ္ဘာကြီးအပေါ် ဝန်ထုပ်ဝန်ပိုးများ ပိုမိုဖြစ်ပေါ်လာစေလျက်ရှိသည်။

ထို့ကြောင့် အမေရိကန်သည် ငွေကြေးဖောင်းပွမှုနှင့် ပြည်တွင်းစီးပွားရေး အကျပ်အတည်းများဖြေရှင်းနိုင်ရေး ကြိုးပမ်းမှုအနေဖြင့် ပြည်ထောင်စုအရန်ငွေမှ ဘဏ်တိုးနှုန်းများတိုးမြှင့်ခြင်းသည် နိုင်ငံများစွာနှင့် ဒေသများစွာတွင် ငွေကြေးတန်ဖိုးကျဆင်းခြင်း၊ စီးပွားရေးနှင့် လူမှုရေးပြဿနာများဖြစ်ပွားခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေလျက်ရှိသည်။ ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် အမေရိကန်ဘဏ်လုပ်ငန်းများ ပြိုလဲခဲ့ခြင်းသည်လည်း နိုင်ငံတကာ ဘဏ္ဍာရေးဈေးကွက် တည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုများဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘာ့အကြီးမားဆုံး စီးပွားရေးအင်အားစုဖြစ်သည့် အမေရိကန်သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘောဆောင်သော အလားအလာတစ်ရပ်ဖြစ်သကဲ့သို့ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဆုတ်ယုတ်မှုကို အလွယ်တကူဖြစ်ပေါ်စေနိုင်သည့် အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။

တရုတ်နိုင်ငံက ထိန်းသိမ်းထားရှိသည့် စည်းလုံးညီညွတ်မှုနှင့်ယှဉ်ပြိုင်မှုတို့သည် နိုင်ငံတကာအသိုက်အဝန်း ရင်ဆိုင်ရလျက်ရှိသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသစ်အသစ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် အခရာကျလျက်ရှိသည်။ ထို့ကြောင့် လက်ရှိ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကျပ်အတည်းမှ ရုန်းထွက်နိုင်ရန်သည် နိုင်ငံအားလုံးအနေဖြင့် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်သည့်အပြင် စက်မှုလုပ်ငန်းများနှင့် ကမ္ဘာလုံးဆိုင်ရာ အရောင်းကွင်းဆက် ဖြတ်တောက်လျှော့ချသည့် လုပ်ငန်းများကို ဆန့်ကျင်ကန့်ကွက်ခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုကို မြှင့်တင်ခြင်းအပြင် အန္တရာယ်များနှင့်စိန်ခေါ်မှုများကို အတူတကွပူးပေါင်းဖြေရှင်းခြင်းများ လုပ်ဆောင်သွားရန် လိုအပ်ပေသည်။

အမှန်တော့ တရုတ်နိုင်ငံသည် ပူးပေါင်းဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှု တိုးမြှင့်နိုင်မည့်မူဘောင်တစ်ရပ်ချမှတ်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ် (GDI)၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးလုပ်ငန်းစဉ် (GSI) နှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုလုပ်ငန်းစဉ် (GCI)တို့ကို အဆိုပြုတင်သွင်းထားရှိသည်။

GSI သည် နိုင်ငံအားလုံးကို သွေးစည်းညီညွတ်မှုစိတ်ဓာတ်ဖြင့် နိုင်ငံတကာရှုထောင့်ကို လိုက်လျောညီထွေ ပြောင်းလဲသွားရန်နှင့် ရှုပ်ထွေးလျက်ရှိသော လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့်နည်းလမ်းဖြင့် ဖြေရှင်းသွားရန် တောင်းဆိုထားရှိသည်။ ထို့ပြင် ပြီးပြည့်စုံသောလုံခြုံရေးတည်ဆောက်ရန်၊ ကမ္ဘာ့တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံမှုတို့အတွက် အတူလုပ်ဆောင်သွားရန်၊ နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာနှင့်နယ်မြေပိုင်ဆိုင်မှုတို့ကို လေးစားတန်ဖိုးထားရန်၊ ကုလသမဂ္ဂပဋိညာဉ်များကိုလေးစားလိုက်နာရန် စသည့်မျှော်မှန်းချက်များကိုအကောင်အထည်ဖော်ရန် အခိုင်အမာချမှတ်ထားသောသန္နိဋ္ဌာန်ကိုလည်း GSI ၌ မီးမောင်းထိုးပြသထားသည်။

လူတစ်ဦးတစ်ယောက်ချင်းစီနှင့် လူ့အသိုက်အဝန်းလုံခြုံမှုကို ခွဲခြား၍မရနိုင်သကဲ့သို့ နိုင်ငံအားလုံး၏လုံခြုံရေးဆိုင်ရာ အကျိုးစီးပွားများကိုလည်း သာတူညီမျှ သဘောထားရန်လိုအပ်သည်။ စင်စစ်အားဖြင့် ဆွေးနွေးညှိနှိုင်းမှုများသည် မတူကွဲပြားမှုများဖြေရှင်းရာတွင် ထိရောက်မှုအရှိဆုံးပင်ဖြစ်သည်။ ဆွေးနွေးညှိနှိုင်းခြင်း၊ ပူးတွဲဆောင်ရွက်ခြင်းနှင့် အကျိုးစီးပွားများ မျှဝေခံစားခြင်းသည် ရာသီဥတုပြောင်းလဲမှု၊ စွမ်းအင်ပြဿနာနှင့် အချက်အလက်လုံခြုံမှုကဲ့သို့သော ကမ္ဘာလုံးဆိုင်ရာ ပြဿနာများဖြေရှင်းရာတွင် အကောင်းဆုံးနည်းလမ်းပင်ဖြစ်သည်။ အင်အားကြီးနိုင်ငံများအနေဖြင့် စစ်အေးတိုက်ပွဲသစ်ကိုဆန့်ကျင်ခြင်း၊ ရလဒ်မထွက်သောပြိုင်ပွဲများကို စွန့်လွှတ်ခြင်း၊ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အပြုသဘောဆောင်သော ချိတ်ဆက်မှုများတိုးမြှင့်ဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အားလုံးသာယာဝပြောမှုတို့အတွက် ၎င်းတို့၏အရင်းအမြစ်များကို အသုံးချခြင်းတို့ လုပ်ဆောင်သွားသင့်ပေသည်။

GDI သည် ဟန်ချက်ထိန်းညှိခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ အားလုံးအကျုံးဝင်ခြင်း၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုရှိသော ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဘုံသာယာဝပြောမှုတို့အတွက် ဖွံ့ဖြိုးတိုးတက်မှုခိုင်မာအားကောင်းရန် ရည်မှန်းထားရှိသည်။ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်ဆက်ဆံရေး ပိုမိုနက်ရှိုင်းလာစေရန် တရုတ်နိုင်ငံသည် စက်မှုလုပ်ငန်းများနှင့် ကမ္ဘာလုံးဆိုင်ရာ အရောင်းကွင်းဆက်များဖြတ်တောက်လျှော့ချမှုကို ဆန့်ကျင်လျက် ဖွံ့ဖြိုးတိုးတက်မှုအတားအဆီးများကို ဖယ်ရှားခြင်း၊ အရင်းအနှီးနှင့် နည်းပညာများ လွတ်လပ်စွာစီးဆင်းခွင့်ခိုင်မာသေချာအောင် ဆောင်ရွက်ခြင်းနှင့် ဆန်းသစ်တီထွင်မှုတို့ကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ GDI သည် နိုင်ငံအားလုံးမှပြည်သူများကို ၎င်းတို့၏ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း ရွေးချယ်ရာတွင်လည်း လေးစားတန်ဖိုးထားပြီး ထောက်ခံသွားရန် တောင်းဆိုထားရှိသည်။ ထို့ပြင် ထိရောက်သောဆွေးနွေးတိုင်ပင်မှုများ လုပ်ဆောင်ခြင်း၊ ပူးတွဲပါဝင်ခြင်းနှင့် အကျိုးကျေးဇူးများ မျှဝေခံစားခြင်းအားဖြင့် နိုင်ငံအားလုံးအတွက် သာတူညီမျှအခွင့်အလမ်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အခွင့်အလမ်းများကိုလည်း GDI ၌ မီးမောင်းထိုးပြသထားသည်။

နိုင်ငံအသီးသီး၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်သည့်လမ်းကြောင်းသည် မတူကွဲပြားလျက်ရှိသကဲ့သို့ ၎င်းတို့၏ လက်ရှိလူမှုဖွံ့ဖြိုးတိုးတက်မှု အဆင့်အတန်းသည်လည်း မတူကွဲပြားခြားနားလျက်ရှိသည်။ GCI သည် နိုင်ငံတကာဘုံသဘောထားနှင့်ဘုံတန်ဖိုးထားမှုများကိုမြှင့်တင်ရန် ကမ္ဘာ့ယဉ်ကျေးမှုနှင့် တရုတ်နိုင်ငံ၏ရပ်တည်ချက်တို့ကို မျှဝေသွားနိုင်ရန်ကမ်းလှမ်းထားရှိသည်။ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတကာအဖွဲ့အစည်း၏ ဘုံမျှော်မှန်းချက်ဖြစ်ပြီး နိုင်ငံအားလုံးမှ ပြည်သူအားလုံးသည် တရားမျှတမှု၊ ဒီမိုကရေစီနှင့် လွတ်လပ်မှုတို့ကို အမြဲတစေရှာဖွေလျက်ရှိသည်။

တရုတ်နိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ကိုလိုနီလမ်းစဉ်နှင့် အတင်းအဓမ္မရယူသည့်နည်းလမ်းများကို ရှောင်ရှားသွားမည်ဖြစ်သကဲ့သို့ နိုင်ငံငယ်များအပေါ် ဗိုလ်ကျစိုးမိုးသည့်ဝါဒကိုလည်း ရှောင်ရှားသွားရန်အခိုင်အမာဆုံးဖြတ်ထားရှိသည်။ စင်စစ်အားဖြင့် တရုတ်နိုင်ငံသည် အေးချမ်းတည်ငြိမ်သောဖွံ့ဖြိုးတိုးတက်မှုကိုဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် မတူကွဲပြားမှုများကိုဖယ်ရှားလျက် ကမ္ဘာ့နိုင်ငံအားလုံးကို အပြန်အလှန်လေးစားတန်ဖိုးထားလျက်ရှိသည့်အပြင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမှုကိုလည်း တိကျစွာစွဲကိုင်ထားရှိသည်။ မည်သို့ပင်ဆိုစေ လူမျိုးအသီးသီး၏ယဉ်ကျေးမှုကို အပြန်အလှန်မျှဝေခြင်းနှင့် လေ့လာခြင်းများ လုပ်ဆောင်ခြင်းသည် လူ့အသိုက်အဝန်းကြီး ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်မှာ အမှန်ပင်ဖြစ်ပေသည်။

**ကိုးကား**

**- Washington's Decoupling Strategy Leads Nowhere By Beijing Review.**

# ဒဂုံမြို့နယ် Hanthar Oo Art Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာရှစ်ဦး၏ ပန်းချီပြပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်ထိ ပြသမည်



**ရန်ကုန် ဇန်နဝါရီ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ Hanthar Oo Art Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာရှစ်ဦး၏ပန်းချီပြပွဲကို ဇန်နဝါရီ ၂၀ရက်မှ ဇန်နဝါရီ ၂၆ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ တင်ကိုဇော်က ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီဆရာကြီးများဖြစ်ကြသည့် ပန်းချီ ကံ့ကော်ရွာတင်ဝင်း၊ ပန်းချီ ဟန်မင်းကြည်၊ ပန်းချီ SNT၊ ပန်းချီ နန္ဒာ၊ ပန်းချီ ထွန်းထွန်းဇော်၊ ပန်းချီ ဝင်းဇော်၊ ပန်းချီ ဦးဖေဦးမောင်၊ ပန်းချီ တင်ကိုဇော်တို့၏ ရေဆေး ဆီဆေး၊ ခဲခြစ်၊ အခရိုင်းလစ်စသည်ဖြင့် လက်ရာစုံ၊ ရှုထောင့်စုံ ပန်းချီကား ၅၀ ခန့်ကို ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"အခု ပန်းချီပြပွဲကတော့ ပန်းချီပြခန်းက ဝယ်ယူစုဆောင်းထားတဲ့ပန်းချီကားတွေကို ပြသပေးမဲ့အစီအစဉ်ဖြစ်ပါတယ်။ ကျွန်တော့်ပန်းချီကား တော်တော်များများပါပါတယ်။ ပြခန်းအနေနဲ့ကတော့ စိတ်ကြိုက်ဝယ်ယူစုဆောင်းထားတာဖြစ်တဲ့အတွက် ပန်းချီချစ်မြတ်နိုးသူတွေအတွက် အကြိုက်တွေ့မှာပါ"ဟု ပန်းချီ အောင်မြင့်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၃၀×၃၆) လက်မ၊ (၂၄×၃၆) လက်မ၊ (၂၄×၃၀) လက်မ စသည်ဖြင့် အရွယ်အစားမျိုးစုံပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် နှစ်သိန်းမှ အများဆုံးငွေကျပ် ၁၀ သိန်းထိဖြစ်ကြောင်း သိရသည်။

ASH

# စတုတ္ထမြောက် Ocean's ဇာတ်ကားတွင် ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့ ပါဝင်မည်မဟုတ်

**နယူးယောက် ဇန်နဝါရီ ၁၈**

မင်းသား ဂျော့ကလိုနေး၏ စတုတ္ထမြောက် Ocean's ရုပ်ရှင်ဇာတ်ကားတွင် ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့ ပါဝင်မည်မဟုတ်ကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် စတုတ္ထမြောက် Ocean's ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို အပြီးသတ်ရေးသားထားပြီးဖြစ်ကြောင်း မင်းသား ဂျော့ကလိုနေးက အတည်ပြုထားကြောင်း သိရသည်။

Ocean's ဇာတ်ကားသစ်တွင် မိမိအနေဖြင့် ပါဝင်တော့မည်မဟုတ်ကြောင်း ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့က မီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ဒါရိုက်တာ စတီဗင်ဆိုဒါဘာ့သည် မူလ Ocean's ဇာတ်ကားသုံးကားကို ရိုက်ကူးပေးခဲ့သူဖြစ်ပြီး Ocean's ဇာတ်ကားများတွင် မင်းသား ဂျော့ကလိုနေး၊ ဘရက်ပစ်၊ မက်ဒါမွန်၊ ကေဆီအက်ဖလက်၊ မင်းသမီး ဂျူလီယာရောဘတ်၊ ကတ်သရင်းဇီတာဂျုံးစသည့်ကမ္ဘာကျော် မင်းသား၊ မင်းသမီးများ ပါဝင်သရုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် စတုတ္ထမြောက် Ocean's ဇာတ်ကား ရိုက်ကူးမည့်ဒါရိုက်တာကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် ဇန်နဝါရီ ၁၈**

Taurus V Production က စီစဉ်ရိုက်ကူးထုတ်လုပ်သည့် ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကောင်းဇံက ပြောပြ၍ သိရသည်။

ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာမ ပုညခင်၏ ဝတ္ထုဇာတ်လမ်းကို နေနော်က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာ ကောင်းဇံက တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။



"စာရေးဆရာမ ပုညခင်ရဲ့ အောင်မြင်တဲ့ ဝတ္ထုဇာတ်လမ်းကို ရိုက်ကူးရတာဖြစ်တဲ့အတွက် မူရင်းကို မမိတောင်မပျက်သွားဖို့ သေသေချာချာ ရိုက်ကူးထားပါတယ်။ ဇာတ်ညွှန်းပိုင်း၊ သရုပ်ဆောင်ပိုင်း၊ မီးအလင်းအမှောင်၊ ကင်မရာပိုင်းကအစ လိုအပ်မှုမရှိအောင် ကြိုးစားပြီးတော့ ရိုက်ကူးထားပါတယ်"ဟု ဒါရိုက်တာ ကောင်းဇံက ပြောပြသည်။

Taurus V Production က စီစဉ်ရိုက်ကူးထားသည့် ချစ်သူသာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၊ ဝတ်မှုံရွှေရည်တို့က အဓိကပါဝင်သရုပ်ဆောင်ထားပြီး အခြားအနုပညာရှင်များလည်း ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# အမှတ်တမဲ့မှ အမှတ်တရဆီသို့ ဇာတ်လမ်းတွဲကို ဇန်နဝါရီ ၂၀ ရက်တွင် M Entertainment Channel မှ ထုတ်လွှင့်မည်



**ရန်ကုန် ဇန်နဝါရီ ၁၈**

အမှတ်တမဲ့မှ အမှတ်တရဆီသို့ ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီ ၂၀ ရက်တွင် M Entertainment Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် စိုင်းစည်တွမ်ခမ်းက ပြောပြ၍ သိရသည်။

အမှတ်တမဲ့မှ အမှတ်တရဆီသို့ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို အင်ကြင်းဟန်က ရေးသားထားပြီး ဒါရိုက်တာ ပွင့်သိင်္ဂီဇော်က Bellarie Film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ လူငယ်ကြိုက် အချစ်ဒရာမာဇာတ်လမ်းတွဲပါ။ ထူးခြားတာကတော့ အဆိုတော်တွေ ပါဝင်သရုပ်ဆောင်ထားတဲ့အတွက် ဂီတလောကကိုတော့ နည်းနည်းလေးနောက်ခံထားပါတယ်။ ပုံမှန်တွေ့နေကျ အချစ်ဒရာမာတွေထက် နည်းနည်းတော့ကွဲထွက်လာမဲ့ ဇာတ်လမ်းတွဲလေးပါ"ဟု သရုပ်ဆောင် စိုင်းစည်တွမ်ခမ်းက ပြောပြသည်။

အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အလင်းရောင်၊ စိုင်းစည်တွမ်ခမ်း၊ ဝိုင်းစုခိုင်သိန်း၊ သံသာမိုးသိမ့်၊ ဝါရင့်ဇာတ်ပို့သရုပ်ဆောင် စိုးမိုးကြည်နှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။

ASH

# Highlander ဇာတ်ကားကို ဒါရိုက်တာ ချက်စတာဟဲစကီး ရိုက်ကူးမည်

**နယူးယောက် ဇန်နဝါရီ ၁၈**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ Highlander ဇာတ်ကားကို ဒါရိုက်တာ ချက်စတာဟဲစကီးက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

ဒါရိုက်တာ ချက်စတာဟဲစကီးသည် Highlander ဇာတ်ကား ရိုက်ကူးရေးအတွက် Lionsgate ကုမ္ပဏီနှင့် သဘောတူညီချက် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။


ဒါရိုက်တာ ချက်စတာဟဲစကီးသည် နောက်ပိုင်းတွင်လည်း Highlander ဇာတ်ကားသစ်များအတွက် ဆက်လက်တာဝန်ယူရိုက်ကူးရဖွယ်ရှိသည်။


Highlander ဇာတ်ကားများသည် Highlander ခေါ် မသေနိုင်သည့်လူများကြား ဖြစ်ပွားသည့် ပဋိပက္ခများကို အခြေခံရိုက်ကူးထားသော ဇာတ်ကားများဖြစ်သည်။

ဒါရိုက်တာ ချက်စတာဟဲစကီး၏ Highlander ဇာတ်ကားတွင် မင်းသား ဟင်နရီကာဗေးပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**





# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials of Ambassador of Brazil to Myanmar



Senior General Min Aung Hlaing receives newly accredited Brazilian Ambassador Mr. Gustavo Rocha de Menezes.

**Nay Pyi Taw January 18**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials of Ambassador-designate of Brazil H.E. Mr Gustavo Rocha de Menezes at the Credentials Hall of the Office of the Chairman of the State Administration Council in Nay Pyi Taw at 10 am today.

During the call, both sides frankly discussed matters related to promotion of diplomatic relations, friendship and cooperation, bilateral trade, cooperation in the agriculture and livestock sector, enhancement of cooperation in the sports sector, cooperation in the technological sector, latest political developments in Myanmar, efforts made by the SAC government for stability and development of the country by adopting a five-point roadmap and preparations for successfully holding a free and fair general election.

Then, the Senior General and the ambassador posed for documentary photographs.

Also present were Joint Secretary Lt-Gen Ye Win Oo, Deputy Minister for Foreign Affairs U Kyaw Myo Htut and Director General U Wunna Han of the Protocol Department. 100



Senior General Min Aung Hlaing and Brazilian Ambassador Mr. Gustavo Rocha de Menezes pose for group photo.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing accepts Credentials of Ambassador of Arab Republic of Egypt to Myanmar



Senior General Min Aung Hlaing receives newly accredited Egyptian Ambassador Mrs. Aya Saad Mohamed Abdelkarim.

**Nay Pyi Taw January 18**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing accepted the Credentials of Ambassador-designate of Arab Republic of Egypt H.E. Mrs Aya Saad Mohamed Abdelkarim at the Credentials Hall of the Office of the Chairman of the State Administration Council in Nay Pyi Taw at 10.48 am today.

During the call, both sides frankly discussed matters related to promotion of diplomatic relations, friendship and cooperation, cooperation in the agriculture, manufacturing, education sectors, friendship between the people of the two countries, latest political developments in Myanmar, efforts made by the SAC government for stability and development of the country by adopting a five-point roadmap and preparations for successfully holding a free and fair general election.

Then, the Senior General and the ambassador posed for documentary photographs.

Also present were Joint Secretary Lt-Gen Ye Win Oo, Deputy Minister for Foreign Affairs U Kyaw Myo Htut and Director General U Wunna Han of the Protocol Department. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing watches final of Inter-University football tournament for academic year 2023-2024




Senior General Min Aung Hlaing watches the final match.

**Nay Pyi Taw January 18**

Final of Inter-University football tournament for academic year 2023-2024 of the Ministry of Education and prize-presentation ceremony were held at Wunna Theikdi Stadium here this evening, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Secretary Lt-Gen Aung Lin Dway, Joint SAC Secretary Lt-Gen Ye Win Oo, SAC members, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers, deputy ministers, Nay Pyi Taw Council members, directors general, rectors, deputy directors general, tournament organizing committee members, officials, managers coaches and athletes of the teams, university and basic education school students, teachers, and sports fans.

The Senior General and attendees watched the final match between Mawlamyine zone team and Myitkyina zone team.

The two finalists put pressure on each other in the first half that ended in a goal-less draw. The second half also was a goal-less high pressure match.

The two teams could not produce any goals in the 30-minute extra time and in the penalty shootout, Mawlamyine zone won over the opponent with a 5:3 result.



Senior General Min Aung Hlaing presents trophy and cash award to the winning team.

At the prize-presentation ceremony, best goalkeeper award, best defender award, best midfielder award, best striker award, top scorer award, and player of the tournament award and honorary cash awards were presented to the winners by SAC members, Dr Hmu Htan, Poe Reh Aung Thein, Daw Dwe Bu, U Wunna Maung Lwin, Lt-Gen Nyo Saw and Lt-Gen Yaw Pyae.

SAC member Admiral Tin Aung San presented medals and honorary cash awards to third-prize winner Pathein zone team, and Joint SAC Secretary Lt-Gen Ye Win Oo, second-prize winner Myitkyina zone team.

SAC Secretary Lt-Gen Aung Lin Dway presented medals to trophy-winner Mawlamyine zone team.

Afterwards, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing presented honorary cash awards and championship trophy to Mawlamyine zone team.

After the ceremony, the Senior General and party cordially greeted the athletes.

100



The best goalkeeper award winner receives cash award.



The best defender award winner receives cash award.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ဩစတြေးလျနိုင်ငံက GMLRS ဒုံးကျည်များထုတ်လုပ်ရန် Lockheed Martin ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



ဩစတြေးလျနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် အတွဲလိုက် ပဲ့ထိန်းဒုံးပစ်လောင်ချာစနစ် Guided Multiple Launch Rocket System (GMLRS) ဒုံးကျည်များကို ပြည်တွင်း၌ စတင်ထုတ်လုပ်ရန် အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်ဟု The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ဩစတြေးလျဒေါ်လာ ၃၇ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၇ သန်း) တန် သဘောတူညီချက်သည် အမေရိကန်နိုင်ငံထံမှ နည်းပညာဆိုင်ရာအချက်အလက် လွှဲပြောင်းခြင်းနှင့် ဩစတြေးလျ စက်မှုလုပ်ငန်း ကျွမ်းကျင်ပညာရှင်၊ ဝန်ထမ်းများအတွက် အင်ဂျင်နီယာဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များနှင့် ဆက်စပ်အရည်အချင်းဆိုင်ရာ ပရိုဂရမ်များကိုဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်သည်။

ထို့ပြင် ဩစတြေးလျနိုင်ငံသည် အနာဂတ်တွင် GMLRS ဒုံးကျည်များကို ထပ်မံဖြည့်တင်းနိုင်ရန်အတွက် တိကျပဲ့ထိန်း ဒုံးကျည်များ Precision Strike Missiles (PrSMs) ကိုဝယ်ယူရန် စီစဉ်နေခြင်းလည်းဖြစ်သည်။ အဆိုပါဒုံးကျည်များကို နိုင်ငံ၏ High Mobility Artillery Rocket Systems အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်သစ်များတွင် တပ်ဆင်ပစ်ခတ်မည်ဖြစ်သည်။

ဩစတြေးလျတွင် GMLRS ဒုံးကျည်များကို ၂၀၂၅ ခုနှစ်တွင် စတင်ထုတ်လုပ်နိုင်ရန် Lockheed Martin ကုမ္ပဏီနှင့်သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းသည် ကာကွယ်ရေးမဟာဗျူဟာ ပြန်လည်သုံးသပ်ခြင်း၏ အဓိကရလဒ်များအတိုင်း အကောင်အထည်ဖော် လုပ်ဆောင်နေခြင်းလည်းဖြစ်သည်ဟု ဩစတြေးလျနိုင်ငံ ဒုတိယဝန်ကြီးချုပ် Richard Marles က ပြောကြားခဲ့သည်။

"ဒါတွေဟာ ဩစတြေးလျနိုင်ငံရဲ့ ကိုယ်ပိုင်စက်မှုလုပ်ငန်းကို ထူထောင်ဖို့ လိုအပ်တဲ့နည်းပညာကိုရရှိစေမဲ့ အရေးကြီးတဲ့ မှတ်တိုင်တွေဖြစ်ပြီး ကျွမ်းကျင်တဲ့ လုပ်သားအင်အားတွေ ပိုင်ဆိုင်နိုင်စေမဲ့ အခွင့်အလမ်းတွေ ရောက်ရှိလာမှာပါ"ဟု Richard Marles က ထည့်သွင်းပြောကြားခဲ့သည်။

GMLRS ဒုံးကျည်နှင့် လာမည့် PrSM ဒုံးကျည်များသည် တာဝေးပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်စေရန် ဩစတြေးလျ စစ်ဘက်၏စွမ်းရည်ကို ပိုမိုတိုးတက်စေမည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ ကာကွယ်ရေးစက်မှုဝန်ကြီး Pat Conroy က ပြောကြားခဲ့သည်။

Lockheed Martin ကုမ္ပဏီ၏ အဆိုအရ GMLRS ဒုံးကျည်သည်အကွာအဝေး ကီလိုမီတာ ၇၀ (၄၃ ဒသမ ၅ မိုင်)ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး PrSM ဒုံးကျည်သည် ပစ်မှတ်များကို အကွာအဝေးကီလိုမီတာ ၆၀ မှ ၄၉၉ ကီလိုမီတာ( ၃၇ မိုင်မှ မိုင် ၃၁၀)ကြားတွင် တိုက်ခိုက်ဖျက်ဆီးနိုင်ကြောင်း သိရသည်။

"ဒီအရေးကြီးတဲ့ ပထမခြေလှမ်းမှာ တာဝေးပစ် တိကျတဲ့တိုက်ခိုက်မှုစွမ်းရည်တွေနဲ့အတူ ဩစတြေးလျနိုင်ငံ အမျိုးသားအကျိုးစီးပွားတွေကိုကာကွယ်ဖို့ ဩစတြေးလျ ကာကွယ်ရေးတပ်ဖွဲ့တွေရဲ့ စွမ်းရည်ကို အားကောင်းစေမှာပါ"ဟု Pat Conroy က ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ ပြည်တွင်း၌ GMLRS ဒုံးကျည်ထုတ်လုပ်မှုကို ကာကွယ်ရေးမဟာဗျူဟာသုံးသပ်ချက်အောက်တွင် ကြေညာထားသည့် ဩစတြေးလျဒေါ်လာ ၄ ဒသမ ၁ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ) ရင်းနှီးမြှုပ်နှံမှုအောက်မှ အသုံးစရိတ်ငွေများကို ခွဲဝေလျာထားသွားမည်ဖြစ်သည်။

၂၀၂၃ ခုနှစ်က ဩစတြေးလျနိုင်ငံသည် GMLRS ဒုံးကျည်များ၊ အခြားပဲ့ထိန်းလမ်းညွှန်လက်နက်များနှင့် ဖောက်ခွဲရေးပစ္စည်း၊ ခဲယမ်းများကို ကြီးကြပ်လုပ်ဆောင်မည့် ဩစတြေးလျ ကာကွယ်ရေးဌာနအတွက် လေတပ်ဗိုလ်ချုပ်ကြီး Leon Phillips OAM ကိုလည်း ခန့်အပ်တာဝန်ပေးနိုင်ခဲ့သည်။ ဤလုပ်ငန်းသည် ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်လက် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် ကျင်းပပြုလုပ်ခဲ့သော ဩစတြေးလျ-အမေရိကန် ဝန်ကြီးအဆင့် ညှိနှိုင်းဆွေးနွေးပွဲများ၏ အဓိကရလဒ်တစ်ခုလည်းဖြစ်ကြောင်း Pat Conroy က ထုတ်ဖော်ပြောကြားခဲ့သည်။

**Australia Greenlights Domestic GMLRS Missile Production for 2025 ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်က အင်ဂျင်နှစ်လုံးတပ် Rafale တိုက်လေယာဉ် ၄၂ စင်းကို Dassault Aviation ကုမ္ပဏီထံမှ ထပ်မံမှာယူ

ပြင်သစ်နိုင်ငံသည် ၎င်း၏လေတပ်အတွက် အင်ဂျင်နှစ်လုံးတပ် Rafale တိုက်လေယာဉ် ၄၂ စင်းကို ပြင်သစ်နိုင်ငံ Dassault Aviation ကုမ္ပဏီထံမှ ထပ်မံမှာယူခဲ့ကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထုတ်လုပ်သူ Dassault Aviation ကုမ္ပဏီ၏ ကြေညာချက်အရ ယူရို ၅ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ)တန်ဖိုးရှိ အဆိုပါ တိုက်လေယာဉ် ဝယ်ယူရေး သဘောတူညီချက်သည် ပြင်သစ်စစ်ဘက်မှ ၁၉၉၀ ပြည့်နှစ်လွန်ကာလများကတည်းက ပြုလုပ်ခဲ့သော Rafale တိုက်လေယာဉ်အတွက် ပဉ္စမအကြိမ်မြောက် မှာယူမှုလည်းဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံသည် ၁၉၉၃ ခုနှစ်တွင် Rafale တိုက်လေယာဉ် ၁၃ စင်း၊ ၁၉၉၉ ခုနှစ်တွင် ၄၈ စင်း၊ ၂၀၀၄ ခုနှစ်တွင် ၅၉ စင်းနှင့် ၂၀၀၉ ခုနှစ်တွင် အစင်း ၆၀ ကို Dassault Aviation ကုမ္ပဏီမှ ဝယ်ယူခဲ့သည်။ ဂရိနိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သော တိုက်လေယာဉ်များနေရာတွင် အစားထိုးဖြည့်တင်းရန်အတွက် Rafale ၁၂ စင်းကိုလည်း အထူးဝယ်ယူရေးဖြင့် မှာယူခဲ့ပြီးဖြစ်သည်။

နောက်ဆုံးမှာယူမှုအရဆိုလျှင် ပြင်သစ်နိုင်ငံလေတပ်တွင် တိုက်လေယာဉ် ၂၃၄ စင်းထိ ပိုင်ဆိုင်လာနိုင်တော့မည်ဖြစ်သည်။ Dassault Aviation ကုမ္ပဏီနှင့် Rafale အစီအစဉ်တွင်ပါဝင်သော ကုမ္ပဏီပေါင်း ၄၀၀ ကိုယ်စား ပြင်သစ်တပ်မတော် ကာကွယ်ရေးပစ္စည်းဝယ်ယူရေးအေဂျင်စီနှင့်ပြင်သစ်လေတပ်တို့ကို ၎င်းတို့၏ ယုံကြည်ကိုးစားမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်ဟု ကုမ္ပဏီဥက္ကဋ္ဌ Éric Trappier က ပြောကြားခဲ့သည်။

Dassault Aviation ကုမ္ပဏီသည် ပြင်သစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ် စောင့်ရှောက်နိုင်ရန်အတွက် ရှုပ်ထွေးနက်နဲသောစနစ်များ ပေါင်းစပ်ပေးသည့် အဓိကကုမ္ပဏီအဖြစ် ကျွမ်းကျင်မှုများကို အသုံးချသွားနိုင်ရန် အဆင်သင့်ရှိနေပါပြီဟု Éric Trappier ကထည့်သွင်းပြောကြားခဲ့သည်။ အသစ်မှာယူထားသော တိုက်လေယာဉ်များကို ၂၀၂၇ ခုနှစ်မှ ၂၀၃၂ ခုနှစ်အတွင်း ပြင်သစ်လေတပ်ထံ လွှဲပြောင်းပေးပို့ သွားမည်ဖြစ်ကြောင်း သိရသည်။



Dassault ကုမ္ပဏီထုတ် Rafale တိုက်လေယာဉ်သည် တာတိုနှင့် တာဝေး ပျံသန်းစစ်ဆင်ရေး ရည်မှန်းချက်တာဝန် အမျိုးမျိုးကို ထမ်းဆောင်နိုင်စွမ်းရှိသောကြောင့် ဘက်စုံသုံးတိုက်လေယာဉ်အမျိုးအစားအဖြစ် သတ်မှတ်ထားကြသည်။ နက်ရှိုင်းစွာ စစ်ဆင်တိုက်ခိုက်မှုများ၊ ဝေဟင်မှဝေဟင် ကြားဖြတ်တိုက်ခိုက်မှုများ၊ သင်္ဘောတိုက်ဖျက်ရေး စစ်ဆင်ရေးများ၊ မဟာဗျူဟာမြောက် ထောက်လှမ်းခြင်းများကို ပံ့ပိုးပေးနိုင်ရန်အတွက် Payload အမျိုးမျိုးသယ်ဆောင်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်းကိုမြေပြင်အခြေစိုက် လေတပ်စခန်းများမှသာမက လေယာဉ်တင်သင်္ဘောများမှလည်း စေလွှတ်ပျံသန်းစေနိုင်သည်။ ပြင်သစ်လေတပ်သုံး Rafales တိုက်လေယာဉ်မျိုးကွဲတစ်ခုသည် ၎င်း၏ ASMP တာလတ်ပစ် နျူကလီးယား ဒုံးကျည်ဖြင့် ယခုအခါ နျူကလီးယားတိုက်ခိုက်ရေး အဟန့်အတားစွမ်းရည်တစ်ရပ်ကို ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်ကြောင်း ကုမ္ပဏီက အတည်ပြုခဲ့သည်။

လေယာဉ်ဒီဇိုင်းသည် သမားရိုးကျနှင့် ဘက်မညီစစ်ပွဲခြိမ်းခြောက်မှုများကို တုံ့ပြန်ချေမှုန်းနိုင်စွမ်းရှိသည်ဟု Dassault- ကုမ္ပဏီက ၎င်း၏ဝက်ဘ်ဆိုက်တွင် ရေးသားဖော်ပြခဲ့သည်။ Rafale တိုက်လေယာဉ်များကို အီဂျစ်၊ ကာတာ၊ အိန္ဒိယ၊ ဂရိနှင့်ယူအေအီးနိုင်ငံတို့သို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် ၂၀၂၆ ခုနှစ်တွင် တိုက်လေယာဉ် ၁၈ စင်းပို့ဆောင်ရန် မှာယူခဲ့ပြီးနောက် Rafale တိုက်လေယာဉ်များကို ဝယ်ယူခဲ့သည့် နောက်ဆုံး ပြည်ပနိုင်ငံတစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**France Orders 42 More Dassault Rafale Combat Jets for $5.5B ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၃၇ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၃၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၃၇ ဧကကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နေကြာ ၂၄၃၇ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နေကြာ လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ နေကြာ ၂၄၃၇ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ နေကြာတွေ အားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးပါပြီ။ နေကြာတွေ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို စတင်မစိုက်မီကတည်းက ကြိုတင် ဆောင်ရွက်ပေးထားပါတယ်။ ဒေသခံတောင်သူတွေက အရင်နှစ်တွေကလဲ နေကြာစိုက်တဲ့ အတွေ့အကြုံရှိပါတယ်။ ဒါကြောင့် ဒီနှစ်စိုက်ပျိုးရာမှာ အထောက်အကူဖြစ်စေပါတယ်။ စိုက်ပျိုးတဲ့ နေကြာစိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် နေကြာအပါအဝင် ဆောင်းသီးနှံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ပို့ချပေးခဲ့ခြင်း၊ လိုအပ်သော သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျအသုံးပြုမှုတတ်စေရန် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**တာချီလိတ် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေ၊ တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲလှဲသင်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၄၂ ဒသမ ၆၁၃ သန်းဖြင့် ဆောင်ရွက်သည့် တာကြန့်ကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert နှစ်စင်း၊ Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေက သတ်မှတ်စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး တာဝန်ရှိသူများကို မှာကြားသည်။



တာချီလိတ်မြို့နယ် တာကြန့်ကျေးရွာတွင် လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းကို မင်းမြန်မာထွန်းကုမ္ပဏီက ၂၀၂၃ ခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကာ အဆိုပါလမ်းပေါ်တွင် အလျား ၂၂ ပေ၊ အနံ ငါးပေ၊ အမြင့် ငါးပေရှိ Box Culvert နှစ်စင်း၊ အရှည် ၁၈ ပေ၊ အကျယ် နှစ်ပေရှိ Pipe Culvert နှစ်စင်း တည်ဆောက်ခြင်းကို တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကျောက်ဆည်မြို့နယ် သင်္ဂတုံကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်ဆည် ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သင်္ဂတုံကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက သင်္ဂတုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၃ ဦး၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၄၂ ဦး စုစုပေါင်း အသင်းသားအသင်းသူ ၂၂၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မိဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၈-၁-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၀၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၈၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၆၇၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တက်ရောက်လာကြသူများ ၂၀၂၃–၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မော်လမြိုင်ဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။

☆ ကျောဖုံးမှအဆက်

ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့် နည်းပြများ၊ အားကစားသမားများ၊ တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ အားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဒုတိယဆုရရှိသည့် မြစ်ကြီးနားဇုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက တတိယဆုရရှိသည့် ပုသိမ်ဇုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောက ဂိုးသွင်းအများဆုံးကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

တက်ရောက်လာကြသူများသည် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲအဖြစ် မော်လမြိုင်ဇုန်အသင်းနှင့် မြစ်ကြီးနားဇုန်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အကြိတ်အနယ်ဖိအားပေးယှဉ်ပြိုင်ကြကာ ပထမပိုင်းပြီးဆုံးချိန်အထိ ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းကိုဆက်လက်ယှဉ်ပြိုင်ကစားချိန်တွင်လည်း တစ်ဖက်နှင့် တစ်ဖက် အပြန်အလှန် အကြိတ်အနယ်ဖိအားပေး ယှဉ်ပြိုင်ကစားကြသော်လည်း ဒုတိယပိုင်းပြီးဆုံးချိန်တွင်လည်း ဂိုးမရှိ သရေရလဒ်ဖြင့်သာပြီးဆုံးခဲ့သည်။

ယင်းနောက် အချိန်ပိုမိနစ် ၃၀ ကစားချိန်တွင်လည်း ဂိုးမရှိ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ရယူခဲ့ရာ မော်လမြိုင်ဇုန်အသင်းက မြစ်ကြီးနားဇုန်အသင်းကို ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး တံခွန်စိုက်ဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲတွင် အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံးအလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆု၊ ဂိုးသွင်းအများဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျှထန်၊ ပိုးရယ်အောင်သိန်း၊ ဒေါ်ဒွဲဘူ၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က တစ်ဦးချင်း အကောင်းဆုံးဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

စာမျက်နှာ ၁၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က အကောင်းဆုံးရှေ့တန်းကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘုက အကောင်းဆုံးအလယ်တန်းကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းက တတိယဆုရရှိသည့် ပုသိမ်ဇုန်အသင်းကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဒုတိယဆုရရှိသည့် မြစ်ကြီးနားဇုန်အသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းအား ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။




ပထမဆုရရှိသည့် မော်လမြိုင်ဇုန်အသင်းအား တံခွန်စိုက်ဆုဖလားနှင့်အတူ တွေ့ရစဉ်။






၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များကို တွေ့ရစဉ်။

# ကျိုင်းတုံမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် တောင်ကြီးမြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းတို့၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့ရှိ အမှတ်(၅) အခြေခံပညာကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အမှတ်(၅) အခြေခံပညာကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့ရှိ အမှတ်(၅) အခြေခံပညာကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား၊ ကျောင်းသူများက "စုံညီပွဲတော်တို့နွဲပျော်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အတန်းစဉ်ဆုရရှိသူများ၊ လူရည်ချွန်ဆုရရှိသူများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများ၊ (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ပညာရေးစုံညီပွဲတော်ကို ဖွင့်လှစ်ကြပြီး ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ၊ ဆရာမများနှင့် ထူးချွန်ဆုရ ကျောင်းသား၊ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် ဒုတိယတိုင်းမှူးနှင့် အလှူရှင်များက ကျောင်းဘက်စုံလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး သင်ထောက်ကူပစ္စည်းပြခန်းနှင့် အိမ်တွင်းမှု၊ စိုက်ပျိုးရေးပြခန်းများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ ဖူးမြော်ကြည်ညို



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ရှမ်းပြည်နယ် (တောင်ပိုင်း) အတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပက အဖွဲ့ဝင်များ ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်များအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ၂၅ ဦး၊ အုပ်ချုပ်မှုအဖွဲ့ဝင် ငါးဦး စုစုပေါင်းဦးရေ ၃၀ တို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများပြောကြားကြသည်။ ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ ဖူးမြော်လေ့လာကြသည်။ ထို့နောက် မော်ကွန်းတိုက်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းကျင်းပခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သောပစ္စည်းများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီးပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာပုံစံငယ်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီများ၊ အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုခဲ့ကြသည်။

ထို့အတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှရဟန်းရှင်လူဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြသည်။

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များ၏ ရင်တွင်းစကားသံများကို ယခုလို ကြားသိခဲ့ရပါတယ်-

**ဦးညိုလုံး (စူဠာမုနိ လောကချမ်းသာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ)**



ဘုရားကြီးကို တည်ထားပူဇော်ရတဲ့ ရည်ရွယ်ချက်လေးရပ်မှာ ကိုယ့်ရဲ့ဘာသာသာသနာပြန့်ပွားဖို့အတွက် နိုင်ငံတော်ဝန်ကြီးချုပ်ကြီးက ဦးဆောင်ဒါယကာအနေနဲ့ ဆောင်ရွက်သွားတာက အင်မတန်မှ လေးစားဂုဏ်ယူဖွယ် ကောင်းပါတယ်။ အတုယူဖွယ်လည်း ကောင်းပါတယ်။ ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရတဲ့အခါမှာ ကိုယ့်အရပ်၊ ကိုယ့်ဒေသမှာ ကိုယ့်ဘာသာသာသနာပြန့်ပွားအောင် ဆက်လက်ဆောင်ရွက်ဖို့အတွက် အင်အားတွေရရှိလာသလိုခံစားရတယ်လို့ ပြောချင်ပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသကြီး အသီးသီးက တန်ခိုးကြီးဘုရားတွေရဲ့ ဂေါပကတွေလာရောက်ဖူးမြော်ကြတာကို တီဗီမှာတွေ့လိုက်ရတော့အင်မတန်မှ ဝမ်းသာခဲ့ပါတယ်။ ကိုယ့်အလှည့်ကို ဘယ်တော့ရောက်မလဲဆိုပြီး မျှော်လင့်ခဲ့မိပါတယ်။ မျှော်လင့်ခဲ့တဲ့အတိုင်းပဲ အခု အကြီးအကဲတွေက စီစဉ်ပေးတဲ့အတွက် လာရောက်ဖူးမြော်ခွင့်ရခဲ့ပါပြီ။ ထို့နည်းတူဘဲ ကျန်နေသေးတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးက ဂေါပကအဖွဲ့ဝင်တွေအားလုံး စုံစုံညီညီနဲ့ ဒီလိုမျိုး ပြည်နယ်၊တိုင်းဒေသကြီးတစ်ခုလုံးမှာ၊ အနှံ့အပြားမှာပြန့်ပွားသွားမယ်ဆိုရင် တစ်နေရာစီက ဘာသာသာသနာအတွက် ထွန်းလင်းတောက်ပြောင်တဲ့ ဆောင်ရွက်မှုတွေ ထွက်ပေါ်လာမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

**ဦးသိန်းဟန် (တောင်ကြီးမြို့ ကျက်သရေဆောင် ရွှေဘုန်းပွင့်ဘုရား ဂေါပကအဖွဲ့ဝင်)**



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို စတင်တည်ထားကတည်းက ကျွန်တော်တို့ အရမ်းဖူးမြော်ချင်ခဲ့တာပါ။ အခုလို လာရောက်ဖူးမြော်ခွင့်ရတဲ့အတွက် ရင်ထဲမှာ အတိုင်းမသိကျေနပ်မိပါတယ်။ တကယ်ကြည်နူးပါတယ်။ ထေရဝါဒဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေအတွက် အရမ်းကိုဂုဏ်ယူစရာကောင်းပါတယ်။ အရမ်းလည်း ပီတိဖြစ်စရာကောင်းပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက်လည်း ဒီဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ဂုဏ်ယူစရာတစ်ရပ်အနေနဲ့ အမြဲတမ်းတည်ရှိနေမယ်လို့ ယုံကြည်ပါတယ်။

**စွန်ကျော်ဆန်း (မွေတော်ကက္ကူဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး)**

နိုင်ငံတော် ဝန်ကြီးချုပ်အနေနဲ့ ကျွန်တော်တို့ဂေါပကအဖွဲ့ကို အခုလို ဖိတ်ကြားပေးတဲ့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပြည်နယ်ဝန်ကြီးချုပ်က



အခုလိုစီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။ ဗုဒ္ဓဘာသာသာသနာ ထွန်းကားအောင် နိုင်ငံတော်အစိုးရအနေနဲ့ ကမ္ဘာမှာအကြီးဆုံး၊ အမြင့်ဆုံး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်ပြီး ဆောင်ရွက်ပေးတဲ့အတွက် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ ဂုဏ်ယူမဆုံးဖြစ်မိပါတယ်။ သာသနာတော်ကြီး ထွန်းကားပြန့်ပွားအောင် ထိန်းသိမ်းစောင့်ရှောက်ကြဖို့အတွက် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေအားလုံးမှာ တာဝန်ရှိပါတယ်။

**ဦးရိုးမြင့် (ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်)**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အခုလို လာရောက်ဖူးမြော်ကြည်ညိုနိုင်ဖို့အတွက် ပြည်နယ်ဝန်ကြီးချုပ်က အစစအရာရာ စီစဉ်ပေးပါတယ်။ ဘုရားကြီးကို ဖူးမြော်လိုက်ရတဲ့အချိန် ရင်ထဲမှာဖြစ်ပေါ်လာတဲ့ ပီတိဖြစ်မှုက ဘာနဲ့မှမလဲနိုင်အောင် အေးချမ်းလွန်းပါတယ်။ ကိုယ်တိုင်ဂေါပကတာဝန်ကို ထမ်းဆောင်နေတဲ့သူ



တစ်ဦးဖြစ်တဲ့အတွက် ဘုရားကြီးကိုဖူးမြော်ကြည်ညိုရင်း ဘုရားပရိဝုဏ်တစ်ခုလုံး သန့်ရှင်းသပ်ရပ်ပြီး စိမ်းလန်းစိုပြည်နေအောင် စနစ်တကျစီမံခန့်ခွဲမှုတွေ ဆောင်ရွက်ထားတာကိုလည်း သတိထားလေ့လာမိပါတယ်။ ဂေါပကတစ်ဦးအနေနဲ့ သာသနိကအဆောက်အအုံတွေကို ရေရှည်တည်တံ့အောင် ဘယ်လိုထိန်းသိမ်းစောင့်ရှောက်ရမယ်၊ သက်ဆိုင်ရာကဏ္ဍတွေအလိုက် ဘယ်လိုတည်ဆောက်ရမယ်၊ ဝန်ထမ်းတွေကို ဘယ်လိုစီမံခန့်ခွဲရမလဲဆိုတဲ့ ဗဟုသုတတွေလည်း အများကြီးလေ့လာခဲ့ရပါတယ်။ ဘုရားကြီးကိုတည်ဆောက်ထားတဲ့ အဆင့်မြင့်နည်းပညာတွေကိုလည်း လေ့လာခွင့်ရခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိုယ့်နိုင်ငံမှာ အခုလိုတည်ထားပူဇော်နိုင်ခဲ့တဲ့အတွက် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတစ်ဦးအနေနဲ့ များစွာဂုဏ်ယူမိပါတယ်။ အတုယူဖို့ကောင်းတဲ့ စီမံခန့်ခွဲမှုနည်းစနစ်တွေကိုလည်း လေ့လာမှတ်သားပြီး ကျွန်တော်တို့ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ရတဲ့ ဘုရားစေတီတွေ ပိုမိုကြည်ညိုဖွယ်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အကျိုးရှိရှိ ပြန်လည်အသုံးချဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးသန်းကျော် (တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ဝင်)**

ပြည်နယ်ဝန်ကြီးချုပ်ရဲ့ စီစဉ်ပေးမှုနဲ့ တောင်ကြီးမြို့နယ်နဲ့ ညောင်ရွှေမြို့နယ်အတွင်းမှာရှိတဲ့ ဂေါပကအဖွဲ့တွေစုပြီးလာကြတာဖြစ်ပါတယ်။အခုလာရောက်တဲ့ ဘုရားဖူးအဖွဲ့မှာ ဖောင်တော်ဦးဘုရားဂေါပကအဖွဲ့၊ မွေတော်ကက္ကူဘုရားဂေါပကအဖွဲ့၊ စူဠာမုနိဘုရားဂေါပကအဖွဲ့၊ ရွှေဘုန်းပွင့်ဘုရားဂေါပကအဖွဲ့နဲ့ တောင်ကြီးမြို့ မြို့လယ်ဓမ္မာရုံဂေါပကအဖွဲ့ဆိုပြီး ဂေါပကအဖွဲ့ ငါးဖွဲ့ ပါပါတယ်။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်လိုက်ရတဲ့အချိန်မှာ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ရော မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ပါ ကိုယ့်ကိုယ်ကိုယ်ဂုဏ်ယူမိတဲ့ စိတ်တွေဖြစ်လာပါတယ်။အခုလိုခမ်းနားကြီးကျယ်ပြီး ကြည်ညိုဖွယ်ရာကောင်းလွန်းတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်ဖို့ဆိုတာ တကယ်မလွယ်ကူတဲ့ကိစ္စပါ။ တော်ရုံတန်ရုံ သဒ္ဓါတရားလောက်နဲ့ မဖြစ်နိုင်တဲ့ကိစ္စပါ။ ဘုရားကြီးရဲ့ဂေါပကအဖွဲ့ဝင်တွေ ရှင်းပြတာကိုနားထောင်ပြီး ဗီဒီယိုမှတ်တမ်းတွေကို ကြည့်လိုက်တဲ့အခါမှာ အခုလိုကြည်ညိုဖွယ်ရာ သပ္ပာယ်လှတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို တည်ထားပူဇော်နိုင်ဖို့အတွက် ကြိုးစားဆောင်ရွက်ခဲ့ကြတဲ့ တပ်မတော်သားတွေရဲ့ဖွဲ့လုံ့လနဲ့ ဆောင်ရွက်ချက်တွေကို ဘယ်လိုမှ မချီးကျူးဘဲ မနေနိုင်ပါဘူး။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးက ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာ



သာသနာ နေလိုလလိုထွန်းလင်းတောက်ပနေတယ်ဆိုတာကို ကမ္ဘာတစ်ဝန်းလုံးကိုပြသလိုက်တဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်တယ်လို့ ဆိုချင်ပါတယ်ခင်ဗျာ။

# ဘုရားစေတီပုထိုးများ၊ ပုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် ကန့်ကွက်ရှုတ်ချပွဲများပြုလုပ်



ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့၌ ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။



ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ကချင်ပြည်နယ် ဗန်းမော်မြို့၌ ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

အကြမ်းဖက် သောင်းကျန်းသူများက ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများအား ဖျက်ဆီးစော်ကားမှုအပေါ် ကန့်ကွက်ရှုတ်ချပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြုလုပ်လျက်ရှိသည်။

ထိုသို့ပြုလုပ်လျက်ရှိရာ ယနေ့တွင်လည်း ကချင်ပြည်နယ် တနိုင်းမြို့နှင့်ဗန်းမော်မြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နှင့် ကွန်ဟိန်းမြို့တို့၌လည်းကောင်း အသီးသီးပြုလုပ်ကြသည်။

ဦးစွာ ကန့်ကွက်ရှုတ်ချပွဲများသို့ တက်ရောက်လာကြသူများသည် သတ်မှတ်နေရာအသီးသီးမှ ချီတက်စုဝေးကြပြီး သံဃာတော်များနှင့် မျိုးချစ်ပြည်သူဦးဆောင်သူများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။

ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "ဗုဒ္ဓဘာသာကို စော်ကားဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများအား(ဆန့်ကျင်ကြ)၊ စေတီပုထိုးနှင့်ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများနှင့် သာသနာဖျက်များအား (ဆန့်ကျင်ကြ)၊ လူမျိုးရေးခွဲခြား၊ သာသနာကို စော်ကားဖျက်ဆီးနေသူများအား (ဆန့်ကျင်ကြ)၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေးထောက်ခံသူများ (ဆန့်ကျင်ကြ)၊ အကြမ်းဖက်အားပေး လောက်ကောင်များအား(အလိုမရှိ)၊ သာသနာဖျက်အကြမ်းဖက်သမားများအား(အလိုမရှိ)၊ ဗုဒ္ဓသာသနာကို ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သမားများ(ကျရှုံးပါစေ)၊ စေတီပုထိုး၊ ဆင်းတုတော်များကို ဖျက်ဆီးနေကြသည့် အကြမ်းဖက်သမားများ (ကျရှုံးပါစေ)" စသည့် ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

# မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကျင်းပသည့် ၂၀၂၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော အစိုးရဓမ္မာစရိယ သုံးကျမ်းအောင် ၁၃၀၃ ပါး၊ အစိုးရဓမ္မာစရိယအထူးအောင် လေးပါး၊ ပါဠိဂုဏ်ထူးအောင် သုံးပါး၊ မြန်မာဂုဏ်ထူးအောင် ၁၂ ပါး၊ ပါဠိပထမပြန်အထူးအောင် ၁၆ ပါး၊ နိကာယ်အထူးအောင် ၁၃ ပါး၊ မဟာဝိဒူအောင် ၁၆ ပါး၊ အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်အထူးအောင် ကိုးဦးတို့ထံ ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၅ ခုနှစ် တပို့တွဲလဆန်း ၆ ရက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် ကြာသပတေးနေ့ မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အချိန်မီကြွရောက်ရန် သက်ဆိုင်ရာ အထူးအောင်ပုဂ္ဂိုလ်များနှင့်ပင့်သံဃာတော်များကို ပင့်စာများဆက်ကပ်ပင့်ဆောင်မည်ဖြစ်သည်။ ပင့်စာများကို အချိန်မီမရရှိပါကလည်း ကြွရောက်တော်မူကြပါရန်နှင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှစ၍ ရုံးချိန်အတွင်း မန္တလေးမြို့ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီးသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၈**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးကျေးရွာစာကြည့်တိုက် ငွေပဒေသာပင်ရန်ပုံငွေကြီးကြပ်မှုကော်မတီကကြီးမှူး၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်စိုး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးလူငယ်ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပန်းမျိုးတစ်ရာခန်းမတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းသား၊ကျောင်းသူများက ဗလငါးတန်ဖွံ့ဖြိုးရေးလူငယ်ပွဲတော်တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော်တွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးကာ လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များ၊ လူငယ်နှင့်ကလေးငယ်များ ပျော်ရွှင်စေရန် ကဏ္ဍအသီးသီးအလိုက် စိတ်ဝင်စားဖွယ်ကစားနည်းများ၊ ဉာဏ်စမ်းပဟေဠိကစားနည်းများတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း အင်းစိန်မြို့နယ်ရှိ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်း(ဇော်ဘွားကြီးကုန်း)၌ ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၈**

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်း(ဇော်ဘွားကြီးကုန်း)၌ တိုင်းရှေ့တန်းအစာစပ်စက်ရုံ လုပ်ငန်းဆောင်ရွက်နေမှု၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှု၊ ငါး၊ အသားစားကြက်နှင့်ဥစားကြက်များ မွေးမြူထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ဆားထုံးကျေးရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များတိုက်ခိုက်ခံရမှုကြောင့် ကျေးရွာနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်တွင် နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို PDF အမည်ခံအကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင် ရှစ်ဦး ကျဆုံးခဲ့ကြောင်းနှင့် ဆားထုံးကျေးရွာမှ နေအိမ်ရှစ်လုံးနှင့် တဲတစ်လုံးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၁၇ ရက်က ဆားလင်းကြီးမြို့နယ် ဆားထုံးကျေးရွာအနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းနေကြောင်း တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ လက်လုပ်သေနတ် ၁၁ လက်၊ လက်လုပ်စိန်ပြောင်းတစ်လက်၊လက်လုပ်ဗုံးသီး ငါးလုံး၊လက်လုပ်မိုင်းနှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကိုသိမ်းဆည်းရမိခဲ့သည်။ ထို့နောက် အဆိုပါကျေးရွာအနီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ကာ PDF အမည်ခံအကြမ်းဖက် သောင်းကျန်းသူများက ဆားထုံးကျေးရွာရှိ နေအိမ်များကိုမီးရှို့ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးနှင့် ရပ်ရွာတည်ငြိမ်အေးချမ်းရေးကို ပြည်သူလူထုနှင့်အတူပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းမှားများကို လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။







# ဘီးလင်းမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် တပ်မတော်ကလက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများဒဏ်ရာရရှိမှုရှိခဲ့ကြောင်းနှင့် ဘာသာရေးအဆောက်အအုံ၊ လူနေအိမ်အချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ







**နေပြည်တော် ဇန်နဝါရီ ၁၈**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဝင်းတာပန်ကျေးရွာအနီးသို့ ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီတွင် တပ်မတော်က လက်နက်ကြီးပစ်ခတ်ခဲ့သည့်အတွက် ဘုန်းကြီးကျောင်းနှင့်စေတီတစ်ဆူ လက်နက်ကြီးစ ထိမှန်ခဲ့ကြောင်း ကောလာဟလ သတင်းတု၊ သတင်းမှားများကို အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းတာပန်ကျေးရွာအနီးရှိ လုံခြုံရေးစခန်းတစ်ခုကို လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့ကအဝေးမှ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများ နေထိုင်ရာကျေးရွာအတွင်း ထိမှန်ပေါက်ကွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး အဆောက်အအုံအချို့ ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း သက်ဆိုင်ရာ နယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

အလားတူ မွန်ပြည်နယ် သိမ်ဇရပ်မြို့နယ် သုံးခွကျေးရွာအတွင်း ဇန်နဝါရီ ၁၆ ရက် ည ၆ နာရီခွဲတွင် တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ပြည်သူနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၁၆ ရက်တွင် သိမ်ဇရပ်မြို့နယ်အတွင်း ပစ်ခတ်မှု၊ တိုက်ပွဲဖြစ်ပွားမှုများ မရှိခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်အားပေးမီဒီယာများအနေဖြင့် မြို့ရွာများတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူများက နယ်မြေဒေသလုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊သတင်းမှားများကို ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၁၇ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Su Nandar"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မှော်(တောင်)ရပ်ကွက်နေ မစုနန္ဒာကျော်(ခ)နန္ဒာကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ချမ်းမြသာစည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင်ကျွန်း ၁၅ ဒသမ ၈၀၁၄ တန်၊ သစ်မာ ၈ ဒသမ ၆၈၉၀ တန်၊ အခြား ၂၂ ဒသမ ၃၉၅၈ တန် စုစုပေါင်း ၄၆ ဒသမ ၈၈၆၂ တန်၊ ယာဉ်၊ ယန္တရား ငါးစီး၊ တရားခံ ၁၄ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



## သြစတြေးလျနိုင်ငံတွင် အန်ဂရက်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွား



**ကင်ဘာရာ ဇန်နဝါရီ ၁၈**

သြစတြေးလျနိုင်ငံ ကိုကို့စ်ကျွန်းတွင် ဇန်နဝါရီ ၁၆ ရက်က အန်ဂရက်ဟု အမည်ပေးထားသည့် ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း သြစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

အန်ဂရက်ဆိုင်ကလုန်းမုန်တိုင်းသည် အပူပိုင်းမုန်တိုင်းအမျိုးအစားဖြစ်ပြီး ကိုကို့စ်ကျွန်းသို့ ထင်မှတ်မထားသည့်အခြေအနေတွင် ဝင်ရောက်လာခဲ့ခြင်းဖြစ်သည့်အတွက် ကယ်ဆယ်ရေး ဝန်ထမ်းများနှင့် ဒေသခံများမှာ ပြင်ဆင်ချိန်မရခဲ့ကြောင်း၊ အန်ဂရက်ဆိုင်ကလုန်းမုန်တိုင်းသည် ကိုကို့စ်ကျွန်းမှတစ်ဆင့် သြစတြေးလျနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းသို့ ဝင်ရောက်လာမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"ကိုကို့စ်ကျွန်းမှာ အန်ဂရက်ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်နေပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ မုန်တိုင်းဟာ ကိုကို့စ်ကျွန်းကနေတစ်ဆင့် အရှေ့မြောက်ဘက်ပိုင်းဒေသတွေကို ဝင်ရောက်လာဖွယ်ရှိနေပါတယ်။ မုန်တိုင်းဟာ ကွင်းစလန်းပြည်နယ်ကို ကနဦးဝင်ရောက်လာဖို့ ရှိနေပါတယ်။ ပြီးခဲ့တဲ့ ၂၄ နာရီအတွင်းမှာ ကွင်းစလန်းပြည်နယ်နဲ့ နယူးဆောက်ဝေးပြည်နယ်တို့မှာ မိုးသက်လေပြင်း ကျရောက်တာတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မိုးရေချိန်မြင့်မားနေပြီးတော့ ကမ်းခြေတွေမှာ ရေပမာဏမြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်"ဟု သြစတြေးလျမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးသက်လေပြင်း ကျရောက်မှုကြောင့် အနောက်ပိုင်းသြစတြေးလျပြည်နယ် ကုန်းနိမ့်ပိုင်းဧရိယာများတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး မုန်တိုင်းဖြတ်သန်းဝင်ရောက်ပါက ရေဘေးအန္တရာယ် ပိုမိုဆိုးရွားလာနိုင်သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

## အင်ဒိုနီးရှားနိုင်ငံ ဖလောရစ်ကျွန်းရှိ Lewotobi Laki-Laki မီးတောင် တစ်နာရီအတွင်း ပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွား

**ဂျကာတာ ဇန်နဝါရီ ၁၈**

အင်ဒိုနီးရှားနိုင်ငံ ဖလောရစ်ကျွန်းပေါ်ရှိ Lewotobi Laki-Laki မီးတောင်သည် ဇန်နဝါရီ ၁၇ ရက်က တစ်နာရီအတွင်း သုံးကြိမ်တိုင်တိုင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံမီးတောင်နှင့် ဘူမိဗေဒဘေးအန္တရာယ်လျော့ပါးရေးဗဟိုဌာနက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

မီးတောင်သည် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၂ မိနစ်တွင် တစ်ကြိမ်၊ နံနက် ၇ နာရီ ၄၃ မိနစ်တွင် တစ်ကြိမ်နှင့် နံနက် ၈ နာရီ ၂၃ မိနစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ်တိုင်တိုင် ပေါက်ကွဲခဲ့ပြီး မီးခိုးပြာများ ကောင်းကင်အမြင့်မီတာ ၁၅၀၀ ထိ ရောက်ရှိခဲ့ကြောင်း သိရသည်။

"အများပြည်သူ ဒါမှမဟုတ် ခရီးသွားတွေအနေနဲ့ မီးတောင်ကနေ ငါးကီလိုမီတာအကွာနဲ့ အထူးသဖြင့် မီးတောင်ရဲ့မြောက်ဘက်နဲ့ အရှေ့မြောက်ဘက်ကို ခြောက်ကီလိုမီတာအတွင်း မသွားရောက်သင့်ပါဘူး"ဟု အင်ဒိုနီးရှားနိုင်ငံ မီးတောင်နှင့် ဘူမိဗေဒဘေးအန္တရာယ်လျော့ပါးရေး ဗဟိုဌာနမှ အကြီးအကဲ Hendra Gunawan က ပြောကြားသည်။



အဆိုပါမီးတောင်သည် ဇန်နဝါရီ ၉ ရက်မှစတင်၍ မီးတောင်ဆိုင်ရာအန္တရာယ်သတိပေးချက်ကို အဆင့်(၃)မှ အမြင့်ဆုံးအဆင့်ဖြစ်သည့် အဆင့်(၄)သို့ သတ်မှတ်ခဲ့ရပြီး မီးတောင်တစ်ဝိုက်နေထိုင်ကြသော ဒေသခံဦးရေ ၆၅၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် မြစ်ချောင်းများအတွင်း ချော်ရည်များစီးဆင်းလာနိုင်သဖြင့် ပြည်သူများအနေဖြင့် သတိထားနေထိုင်ကြရန် အင်ဒိုနီးရှားနိုင်ငံ မီးတောင်နှင့် ဘူမိဗေဒဘေးအန္တရာယ်လျော့ပါးရေးဗဟိုဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

## ပြင်သစ်နိုင်ငံ ရီယူနီယံကျွန်းတွင် ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်သတိပေးချက်ထုတ်ပြန်မှု ပြန်လည်ရုပ်သိမ်း

**ပဲရစ် ဇန်နဝါရီ ၁၈**

ပြင်သစ်နိုင်ငံ ရီယူနီယံကျွန်းတွင် ဘီလောဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်လာဖွယ် ရှိနေသည့်အတွက် ဇန်နဝါရီ ၁၅ ရက်က မုန်တိုင်းအန္တရာယ် သတိပေးချက်ထုတ်ပြန်ခဲ့သော်လည်း ဆိုင်ကလုန်းမုန်တိုင်းသည် ရီယူနီယံကျွန်းသို့ ဖြတ်သန်းတိုက်ခတ်ခြင်း မရှိတော့သဖြင့် မုန်တိုင်းအန္တရာယ်သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ရီယူနီယံကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ကြေညာခဲ့သည်ဟု ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

ရီယူနီယံကျွန်းတွင် မုန်တိုင်းအန္တရာယ်သတိပေးချက် ထုတ်ပြန်ခဲ့စဉ်က အနီရောင်အဆင့်သတ်မှတ်ခဲ့သည့်အတွက်ကြောင့် စီးပွားရေးလုပ်ငန်းတချို့ လည်ပတ်မှုယာယီရပ်ဆိုင်းခဲ့ရပြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ရေကြောင်းခရီးစဉ်များကိုလည်း ယာယီရပ်ဆိုင်းခဲ့ရကြောင်း၊ ယခုအခါ မုန်တိုင်းအန္တရာယ်သတိပေးချက်ကို ပြန်လည် ရုပ်သိမ်းလိုက်ပြီဖြစ်သည့်အတွက် လုပ်ငန်းများကိုလည်း ပုံမှန်အတိုင်း လည်ပတ်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ရီယူနီယံကျွန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရီယူနီယံကျွန်းမှာ မုန်တိုင်းအန္တရာယ်အတွက် စိုးရိမ်စရာမရှိတော့ပါဘူး။ ဘီလောဆိုင်ကလုန်းမုန်တိုင်းဟာ မောရစ်သျှနိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီး အခြားလမ်းကြောင်းဘက်ကို ရွှေ့ပြောင်းတိုက်ခတ်သွားပြီ ဖြစ်ပါတယ်။ ဒါကြောင့် မုန်တိုင်းအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားတာကိုလဲ ပြန်လည်ရုပ်သိမ်းလိုက်ပါပြီ။ ယာယီရပ်ဆိုင်းထားရတဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍတွေ၊ စီးပွားရေးလုပ်ငန်းတွေကို ပုံမှန်အတိုင်း ပြန်လည်ပတ်လို့ရပါပြီ။ မုန်တိုင်းမဝင်ခဲ့ပေမဲ့ လေပြင်းတိုက်ခတ်မှုကြောင့် အသေးစားပျက်စီးမှုတချို့နဲ့ ရင်ဆိုင်ခဲ့ရလို့ ပြင်ဆင်မွမ်းမံမှုတွေတော့ ပြုလုပ်သွားရမယ်"ဟု ရီယူနီယံကျွန်းအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ရီယူနီယံကျွန်းတွင် ဘီလောဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ခြင်း မရှိသော်လည်း လေပြင်းတိုက်ခတ်မှု ဖြစ်ပေါ်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတချို့ ရှိခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

## နော်ဝေတွင် ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် အော့စ်လိုအပြည်ပြည်ဆိုင်ရာလေဆိပ် ယာယီပိတ်ထား

**အော့စ်လို ဇန်နဝါရီ ၁၈**

နော်ဝေနိုင်ငံ အော့စ်လိုမြို့တွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် အော့စ်လိုအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယာယီပိတ်ထားရကြောင်း အော့စ်လိုအပြည်ပြည်ဆိုင်ရာလေဆိပ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆီးနှင်းထူထပ်စွာ ကျဆင်းမှုကြောင့် အော့စ်လိုမြို့အတွင်း ရထားခရီးစဉ်များနှင့် အခြားသော အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍများကိုလည်း ယာယီရပ်ဆိုင်းထားကြောင်း၊ မော်တော်ယာဉ်တချို့မှာ ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် လမ်းမကြီးများတွင် ပိတ်မိနေခဲ့ပြီး မော်တော်ကားပိုင်ရှင်များမှာလည်း မော်တော်ယာဉ်များကို ပိတ်မိနေသည့်နေရာတွင် ရပ်ထားခဲ့ရကြောင်း၊ ရာသီဥတုလွန်ကဲမှုဖြစ်ပေါ်နေခြင်းဖြစ်ပြီး မြင်ကွင်းများ မရှင်းတော့သည့်အတွက် လေယာဉ်မှူးများ လေယာဉ်မောင်းနှင်ရန် ခက်ခဲသောကြောင့် အော့စ်လိုအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယာယီပိတ်ထားခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

"ရာသီဥတု လွန်ကဲမှုကြောင့် ဆီးနှင်းတွေ ထူထပ်စွာကျဆင်းနေပါတယ်။ လေဆိပ်အတွင်း လေယာဉ်ပြေးလမ်းတွေမှာ ဆီးနှင်းတွေ ဖုံးလွှမ်းနေပြီးတော့ မြင်ကွင်းမရှင်းတဲ့အတွက်ကြောင့် လေယာဉ်မှူးတွေ လေယာဉ်တက်ဖို့ အခက်အခဲရှိနေတယ်။ ဒါကြောင့် အော့စ်လိုအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယာယီပိတ်ထားပြီး လေကြောင်းခရီးစဉ်တွေကိုလဲ ဆိုင်းငံ့လိုက်ပါတယ်။ ခရီးစဉ်တွေနှောင့်နှေးတာထက် ဘေးကင်းဖို့က ပိုအရေးကြီးပါတယ်"ဟု အော့စ်လိုအပြည်ပြည်ဆိုင်ရာလေဆိပ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် နော်ဝေနိုင်ငံ အရှေ့ဘက်ပိုင်းရှိဒေသများတွင်လည်း ရထားခရီးစဉ်များအပါအဝင် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍများကို ယာယီရပ်ဆိုင်းထားရပြီး ဆီးနှင်းများဖုံးလွှမ်းနေသောဧရိယာများတွင်လည်း မော်တော်ယာဉ်များ အသုံးပြုခြင်းကို တားမြစ်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

## မော်ရိုကိုတွင် မိုးခေါင်မှုကြောင့် ရေကာတာများအတွင်း ရေသိုလှောင်နိုင်မှု သိသိသာသာကျဆင်းလျက်ရှိ

**ရာဘတ် ဇန်နဝါရီ ၁၈**

မော်ရိုကိုနိုင်ငံတွင် မိုးခေါင်မှုကြောင့် ရေကာတာများအတွင်း ရေသိုလှောင်နိုင်မှု သိသိသာသာ ကျဆင်းလျက်ရှိကြောင်း မော်ရိုကိုနိုင်ငံ ရေနှင့် စိုက်ပျိုးရေးဝန်ကြီး နီဇာဘာရာကာက ပြောကြားခဲ့သည်ဟု ဇန်နဝါရီ ၁၇ ရက် သတင်းများအရ သိရသည်။

ဇန်နဝါရီလအတွင်း မော်ရိုကိုနိုင်ငံ၏ ပျမ်းမျှ ဆည်ရေပြည့်နှုန်းသည် ၂၀၂၃ ခုနှစ်တွင် ၃၁ ဒသမ ၅ ရာခိုင်နှုန်းရှိသော်လည်း ယခုနှစ်တွင် ၂၃ ဒသမ ၂ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း မော်ရိုကိုနိုင်ငံ ရေနှင့် စိုက်ပျိုးရေးဝန်ကြီး နီဇာဘာရာကာက ဇန်နဝါရီ ၁၆ ရက်က ပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ခု၌ ပြောကြားခဲ့သည်။

မိုးရွာသွန်းမှုမှာလည်း တစ်နှစ်ထက်တစ်နှစ် ရာခိုင်နှုန်း ၇၀ ခန့် လျော့နည်းခဲ့ပြီး ဆယ်စုနှစ် နှစ်ခုကျော်အတွင်း အဆိုးရွားဆုံးမိုးခေါင်မှုအခြေအနေများကြောင့် နိုင်ငံစီးပွားရေးကို အထောက်အကူပြုရေပေးဝေလျက်ရှိသော အယ်လ်မာစီရာ ရေကာတာသည်လည်း ရေခန်းလုနီးပါးအခြေအနေ ဖြစ်ပေါ်လျက်ရှိရာ အာဏာပိုင်များက လမ်းများကို ရေအသုံးပြု၍ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ပန်းခြံများတွင် ရေသွင်းအသုံးပြုခြင်းကို တားမြစ်ခဲ့ပြီး အချို့ဒေသများတွင် လယ်ယာမြေအတွင်း ဆည်ရေသောက်စိုက်ပျိုးခြင်းကို ရပ်တန့်သွားရန် တွန်းအားပေးခဲ့ကြောင်း သိရသည်။


ဥရောပတစ်ဝန်းရှိ ဈေးကွက်များသို့ ပို့ကုန်အဓိကတင်ပို့လျက်ရှိသော မော်ရိုကိုနိုင်ငံ ဆော့စ်ဒေသမှ တောင်သူများအနေဖြင့် ဆည်ရေမရရှိသဖြင့် စီးပွားရေးထိခိုက်မှုများဖြင့် ကြုံတွေ့နေရပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရေတွင်းများမှ ရေကိုသာ အားထားအသုံးပြုနေရကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : AZH**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ဆေးဖိုး

မောင်လေပြေ(တောင်တွင်း)



(၁)

"ဒေါက်တာ ဒီနေ့တော့ စောစောအိမ်ပြန်နားမယ်ပေါ့"

အိမ်ပြန်ရန် ပစ္စည်းများသိမ်းဆည်းနေသောသူကို သူနာပြုဆရာမလေး မယ်ခက အင်းသားစကားသံ ဝဲဝဲလေးဖြင့် မေးလာသည်။

"ဟုတ်တယ် မယ်ခ။ ဆရာ မိသားစုနဲ့ အစီအစဉ်လေးတစ်ခုရှိလို့။ ဆေးရုံမှာ လူနာပါးနေတယ် မဟုတ်လား"

အိမ်ဟုဆိုသော်လည်း သူ၏ အိမ်အစစ်မဟုတ်ပါ။ သည်မြို့လေးတွင် တာဝန်ကျခိုက် အေးအေးချမ်းချမ်းဖြင့် လေကောင်းလေသန့်ရရှိကာ တောင်တန်းအလှနှင့် လယ်ကွင်းစိမ်းစိမ်း ရှုမျှော်ခင်းလေးများမြင်ရသည့် အိမ်ကလေးတစ်လုံးကို ငှားရမ်းနေထိုင်နေခြင်းဖြစ်သည်။ အိမ်ရှင်မှာ သဘောကောင်းလှသောအင်းသူအမျိုးသမီးကြီးတစ်ဦးဖြစ်သည်။ သားထောက်သမီးခံမရှိသော မုဆိုးမကြီးဖြစ်သော်လည်း အနေအထိုင် အေးချမ်းသည်။ သူတို့မိသားစုလေးကို အိမ်ငှားထားရသည်ကိုပင် ဂုဏ်ယူနေသူဖြစ်သည်။ သူ့ကို သားဟူ၍ နွေးထွေးစွာခေါ်တတ်ပြီး သူ့ဇနီးနှင့် သမီးလေးကို မူ သမီး၊ မြေးလေးဟူသော နာမ်စားများဖြင့် ခေါ်တတ်သည်။

သူတို့မိသားစုလေး ကံကောင်းသည်ဟုဆိုရမည်။ သူစိမ်းချည်းရှိသည့် ပတ်ဝန်းကျင်တစ်ခုကို ပြောင်းလာရသော်လည်း အမေနှင့်တွေ့ရခြင်း၊ အိမ်တစ်လုံးထဲ အတူနေရခြင်းက သည်မြို့လေးမှာ အမြန်နေသားကျလွယ်စေခဲ့သည်။ သည်မြို့လေးက အေးချမ်းလှသည်။ အများစုမှာ အင်းသားတိုင်းရင်းသားများ နေထိုင်ကြသည်။

အင်းသားတိုင်းရင်းသားဆိုသည်မှာ ယခုသူတာဝန်ကျနေသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဒေသတစ်ဝိုက်တွင် နေထိုင်ကြသော လူမျိုးစုတစ်ခုဖြစ်ပြီး အင်းလေးရေပြင်နှင့် အင်းလေးကန်၏ကမ်းစပ် ရေတစ်ဝက်ကုန်းတစ်ဝက်တွင် ရွာများတည်ပြီး နေထိုင်ကြသူများကို ခေါ်ဆိုခြင်းဖြစ်သည်ဟု သူလေ့လာသိရှိထားသည်။ ယခု သူရောက်နေသော မြို့လေး၏နာမည်မှာ ညောင်ရွှေဖြစ်သည်။ ထူးဆန်းသည်မှာ ထိုမြို့လေးနှင့် နယ်နိမိတ်ချင်းထိစပ်နေသော အခြားမြို့လေး၏အမည်မှာ ရွှေညောင်ဖြစ်သည်။

ယခင်က ညောင်ရွှေနှင့် ရွှေညောင် မကြာခဏ မှားတတ်၍ လမ်းရွှေညောင် အင်းညောင်ရွှေဟု သူ့မှာ အတိုကောက်မှတ်ရသည်။ တောင်ကြီးသို့ သွားသော ကားလမ်းမကြီးဘေးရှိမြို့ကို ရွှေညောင်၊ အင်းလေးကန်ကြီးသို့ သွားသည့်ဝင်ပေါက်မြို့က ညောင်ရွှေဟူ၍ သူနားလည်သလို မှတ်သားထားရုံမက ဇနီးသည်ကိုလည်း သူနားလည်သလို ရှင်းပြထားရသည်။ အဖေ၊ အမေဆီဖုန်းဆက်တိုင်း မြို့နာမည် မှားမှားပြောတတ်ခြင်းကြောင့် ဖြစ်သည်။

သည်မြို့လေးသည် ခရီးသွားလုပ်ငန်းအခြေခံ အဆောက်အအုံများဖြစ်သည့် ဟိုတယ်များ၊ တည်းခိုခန်းများ၊ စားသောက်ဆိုင်များနှင့် ခေတ်မီတိုးတက်သော မြို့ပြလူနေမှုစနစ်ကို ပိုင်ဆိုင်ထားပြီး အမှန်ပင် အေးချမ်းသာယာလှပ၍ နေချင်စဖွယ်မြို့လေး တစ်မြို့ဖြစ်သည်။

စားသောက်ဆိုင်များ ဘယ်လောက်ပင် များပြားလှသော်လည်း တာဝန်များကြောင့် ဇနီးသည်နှင့်သမီးလေးကိုစားသောက်ဆိုင်သို့မပို့ဖြစ်သေးပေ။ ယနေ့တွင် အိမ်သို့စောစောပြန်ပြီး မိသားစုကိုစားသောက်ဆိုင် တစ်ခုခုကို ပို့ပေးကာ အိမ်ရှင်အမေ့အတွက်လည်းစားသောက်ဆိုင်က တစ်ခုခုဝယ်ပေးမည်ဟုစီစဉ်ထားပြီး အိမ်ပြန်ရန် ပစ္စည်းများသိမ်းဆည်းနေသောသူကိုသူနာပြုဆရာမလေးမယ်ခက နှုတ်ဆက်ရင်းမေးနေခြင်းဖြစ်သည်။

"မယ်ခရေ ဆရာပြန်မယ်နော်။ ဆေးရုံမှာ လိုအပ်တာရှိရင် ဆရာ့ကို ဖုန်းဆက်လိုက်ပါ" ဟု ပြောရင်း ဆိုင်ကယ်ကိုစီးကာ ဆေးရုံအပြင်သို့ ထွက်ခဲ့သည်။ ဆေးရုံလမ်းမှ လမ်းမတော်ကြီးသို့ အတက်-

"သားရယ် အဘိုးကိုဆေးဖိုးလေး နည်းနည်းပေးပါလား။ အဘိုးဇနီးသည် ကျန်းမာရေးအတွက် ဆေးဖိုးလေးလိုအပ်နေလို့ပါ"

အဘိုးကို ကြည့်ပြီး သူ သနားလာသည်။ သူ့ဇနီးသည်အတွက်ဆေးဖိုးတဲ့။ ကရုဏာသက်စွာဖြင့်-

"အဘိုး ဆေးဖိုးဟုတ်လား။ အသွားက ဘာဖြစ်တာလဲ။ သားက ဆရာဝန်တစ်ယောက်ပါ။ လိုအပ်ရင် ဆေးရုံကိုလာခဲ့လေ။ သားကူညီပါ့မယ်"

"ငွေလေးနည်းနည်းလောက်ပဲလိုတာပါ။ အဘိုးကို ပေးပါနော်"

"ကဲ အဘိုး လောလောဆယ် သားမှာ ပါလာတာလေး ပေးခဲ့မယ်။ ရော့ပါ အဘိုး"ဟု ပြောရင်း အဘိုးလက်ကို နွေးနွေးထွေးထွေးကိုင်ကာ ငွေသုံးသောင်းထည့်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် မျက်နှာကလေးဝင်းခနဲဖြစ်သွားသည်ကို မြင်လိုက်ရ၍ သူပီတိဖြစ်ရပြန်သည်။

သူ့ကိုကျောခိုင်း၍ ခပ်သွက်သွက်ကလေးထွက်ခွာသွားသော အဘိုးကိုစိတ်မဖြောင့်နိုင်ဖြစ်နေမိသည်။ လမ်းကွေ့လေးတစ်ခုထဲဝင်သွားသည်ထိ နောက်ကနေ စိတ်မဖြောင့်စွာကြည့်နေမိသည်။

"မိသားစုနဲ့အစီအစဉ်က စောပါသေးတယ်လေ။ အဘိုးနောက် လိုက်သွားပါအုံးမယ်"

ဆိုင်ကယ်ကိုဖြည်းဖြည်းမောင်းကာ အဘိုးဝင်သွားသောလမ်းချိုးထဲကို ကွေ့ဝင်လိုက်သည်။ ဘေးပတ်ပတ်လည်ကိုကြည့်သည့်အခါ အဘိုးကိုမတွေ့။

"အယ် ငါတွေဝေနေလို့ နောက်ကျသွားတာထင်တယ်"

တစ်ယောက်တည်းစိတ်မကောင်းစွာဖြင့် ဆိုင်ကယ်ပေါ်တက်ရင်း ခြေတစ်ဖက်ထောက်ကာ ရှာနေမိခြင်းဖြစ်သည်။

"ဟင် ဟိုမှာ အဘိုး"

အဆင့်မြင့်စားသောက်ဆိုင်၏ မှန်ကိုဖြတ်၍ ထောင့်နားရှိခုံတွင် စားသောက်ဖွယ်ရာများမှာယူနေသောအဘိုးကို တွေ့လိုက်ရသည်။

"ဟင် ငါအလိမ်ခံလိုက်ရပြီပေါ့။ အဘိုးရယ် အသက်အရွယ်နဲ့မလိုက်တဲ့ အပြုအမူကို ဘာလို့လုပ်ရတာလဲ"ဟူ၍ သူစိတ်မကောင်းစွာတွေးနေမိသည်။ စားသောက်ဆိုင်ထဲသို့ဝင်ကာ တစ်ခုခုမှာစားရင်းအကဲခတ်ကြည့်ရန် သူဆုံးဖြတ်လိုက်ပြီး ဆိုင်ရှေ့ဆိုင်ကယ်စတန်းတွင် ဆိုင်ကယ်ကိုရပ်ကာ ဆိုင်ထဲဝင်လိုက်သည်။ ဆိုင်ထဲသို့ရောက်သောအခါ အဘိုးနှင့်တစ်ဝိုင်းထဲတွင် အဘွားအိုတစ်ဦးထိုင်နေကာ ထိုအဘွားအိုကို အစားအသောက်လေးများ ဂရုတစိုက်ကျွေးနေသည်ကို တွေ့ရသည်။

အသွားက အဘိုးကြီး စားလေ ဟု စေတနာပြည့်ရွှန်းနေသော မျက်လုံးလေးများဖြင့် ကြည့်ကာ ပြောသည်။ အဘိုးက-

"စားပါအသွားကြီးရယ် မောနေသေးလို့ပါ"

"ရှင် ဆိုင်အပြင်သွားနေတုန်း အခြားဝိုင်းမှာပြောသံကြားတယ်သိလား။ ဒီဆိုင်က ဒီမြို့မှာ နာမည်အကြီးဆုံးဆိုင်တဲ့။ အစားအသောက်တွေကလဲ တန်ဖိုးကြီးအစားအစာတွေပဲရောင်းတာတဲ့။ အိပ်ရာထဲမှာ နှစ်ရှည်လဲနေတဲ့ ကျွန်မငယ်ငယ်ကနေ အခုထိ ဒီလိုဆိုင်မျိုးကို တစ်ခေါက်ပဲရောက်ဖူးခဲ့တာ။ အဘိုးကြီးမှာ ပိုက်ဆံရောလောက်ရဲ့လားရှင်ရယ်"

ထိုအခါ အဘိုးက-

"လောက်ရုံ မကပါဘူး။ ဟိုကောင်တာမှာပိုက်ဆံရှင်းခဲ့ပြီးပါပြီ"

သူ အဘိုးနှင့်အသွားတို့၏ အပြုအမူလေးများကို ကြည့်ရင်း စိတ်မကောင်းဖြစ်ရာမှ စိတ်ကြည်လင်လာသည်။ ကောင်တာသို့သွားကာ-

"ညီလေး ဟိုဝိုင်းက အဘိုးနဲ့အသွား ပိုက်ဆံရှင်းပြီးပြီလား"

"ရှင်းပြီးပါပြီ အစ်ကို။ စောစောကပိုက်ဆံမလောက်လို့ အပြင်ထွက်သွားတာ ခဏနေတော့ ပြန်ရောက်လာပြီးရှင်းသွားတယ်"

"ထိုင်နေကျလားညီလေး။ ပြီးတော့ အဘိုးကိုသိလား"

"သိတော့သိတယ်။ အများကြီးတော့မသိဘူး။ အဲဒီအဘိုးက တစ်လမ်းကျော်က စက်လှေဆိပ်မှာ ကုန်ထမ်းတယ်။ အင်းထဲကလာတဲ့ခရမ်းချဉ်သီးတွေကို စက်လှေတွေပေါ်ကနေ နယ်ပို့မဲ့ ကုန်သည်တွေရဲ့ကားတွေဆီ ထမ်းပို့ပေးရတယ်။ အိမ်ပြန်ရင် ဒီဆိုင်ရှေ့ကနေ အမြဲဖြတ်ပြီး ပြန်လေ့ရှိတယ်။ ဒီဆိုင်မှာ စားတာကတော့ ပထမဆုံးပါပဲ"

ပြောနေစဉ် အဘိုးနှင့်အသွားထပြန်သွားသည်ကို တွေ့လိုက်ရသည်။ အသွားကို အဘိုးက ယုယုယယလေးတွဲ၍ဆိုင်ပြင်ရောက်သည်ထိ သူ နောက်ကလိုက်လာသည်ကိုသတိမထားမိပါ။

"အဘိုးကြီးရယ် စောစောကဘယ်ရောက်သွားတာလဲ။ ကျုပ်ကတော့လေ အဘိုးကြီးတော့ ပိုက်ဆံမရှင်းနိုင်တော့လို့ ငါ့ကိုထားခဲ့ပြီနဲ့တူတယ်ဆိုပြီး စိတ်ပူလာတယ်။ ပြီးတော့အဘိုးကြီးက အဲလိုလူစားမျိုး မဟုတ်ပါဘူးလေလို့ တွေးမိတယ်။ အဲလိုတွေးမိတာကို တောင်းပန်ပါတယ်နော်"

"ရပါတယ် အသွားကြီးရယ်။ ဆိုင်အပြင်လေး ခဏထွက်လိုက်တာပါ။ ဘယ်လိုလဲစားလို့ရောချိုရဲ့လား"

(အင်းလေးဒေသတွင် စားကောင်းသည်ကို စားချိုသည်ဟု ပြောကြသည်)

"တော်မပါဘဲ ဘယ်စားချိုပါ့မလဲ။ တော်ပြန်လာမှ စားလို့ချိုသွားတာ"

"ကဲ အသွားကြီးနေကောင်းသွားပြီလား။ ဒီဆိုင်မှာ စားပြီးရင်နေကောင်းသွားမှာပါဆို"

"အခု ကောင်းသွားပြီထင်တယ်တော့။ ပေါ့ပါးပျော်ရွှင်နေတယ်။ ဆေးခန်းသွားစရာမလိုလောက်တော့ဘူး။ နောက်နေ့ကစ ဆေးဖိုးမကုန်လောက်တော့ဘူးထင်တယ်"

"အမယ် တယ်စွမ်းတဲ့ဆေးပါလားဟေ့။ သူတော်ကောင်းလေး သက်ရှည်ကျန်းမာ စိတ်ချမ်းသာပြီး ရောဂါဘယကင်းစင်ပါစေဗျာ"

"နေပါအုံး အဘိုးကြီးရဲ့ ဘယ်သူ့ကိုဆုတောင်းပေးနေတာလဲ"

"သူတော်ကောင်းဆရာဝန်လေးတစ်ယောက်ကိုပါ။ အသွားကြီးအတွက် ဆေးဖိုးလိုတာလေးဖြည့်ပေးခဲ့လို့"

သူပီတိဖြစ်စွာတွေးမိနေရင်း ဆိုင်ကယ်လေးကိုအိမ်ဘက်ဆီသို့ ဦးတည်မောင်းနှင်နေမိတော့သည်။ အိမ်က မိသားစုလေးကိုလည်း မေတ္တာဆေးဖိုးလေးများဖြင့် နွေးထွေးမှုများပေးရမည်မဟုတ်ပါလား။

# ကျောရိုးမဲ့ရေသတ္တဝါ ပင်လယ်မျှော့၏ သဘာဝနှင့်အသုံးဝင်ပုံများ

ပင်လယ်မျှော့ (Sea Cucumber) တွေကို ကမ္ဘာအနှံ့အပြားက ပင်လယ်ရေအောက်ကြမ်းပြင်နဲ့ သန္တာကျောက်တန်းတွေကြားမှာတွေ့ရှိနိုင်ပါတယ်။ ပင်လယ်မျှော့တွေဟာ ကျောရိုးမဲ့ရေနေသတ္တဝါအုပ်စုဝင်တွေဖြစ်ပြီး ကြယ်ငါး၊ သံပချုပ်၊ သဲဒေါ်လာကောင်တို့လို Echinoderms အုပ်စုဝင်တစ်မျိုးဖြစ်ကြပါတယ်။ ပင်လယ်မျှော့ မျိုးစိတ်ပေါင်း ၁၈၅၀ လောက်ရှိပြီး အမျိုးအစား Holothuroidea တွင်ပါဝင်ပါတယ်။ အရွယ်အစားမှာ အသေးဆုံး သုည ဒသမ ၇၅ လက်မကနေ အကြီးဆုံး လက်မ ၂၀ ထိ အရှည်ရှိပါတယ်။

မျှော့နဲ့ဆင်တူလို့ မြန်မာလို ပင်လယ်မျှော့လို့ခေါ်ကြတဲ့ ပင်လယ်သခွားသီး (Sea Cucumber) တွေဟာ မျှော့မဟုတ်ကြပါ။ Sea Cucumber တွေက မျိုးပေါင်းစု (Echinodermata) မှာပါဝင်ကြလို့ မြန်မာမှုပြုတဲ့အခါ ပင်လယ်မျှော့လို့ခေါ်တာထက် အင်္ဂလိပ်နာမည်ကို တိုက်ရိုက်ဘာသာပြန်ထားတဲ့ ပင်လယ်သခွားသီးဆိုတဲ့နာမည်က ပိုပြီးပီပြင်ကွဲပြားလိမ့်မယ်လို့ ဆိုကြပါတယ်။

**ပင်လယ်မျှော့ ခေါ် ပင်လယ်သခွားသီး၏ ထူးခြားသော သဘာဝများ**

ပင်လယ်သခွားသီးဟာ သက်ရှိဖြစ်ပြီး မြန်မာနိုင်ငံမှာဆိုရင်တော့ ပင်လယ်မျှော့လို့ခေါ်ကြပါတယ်။ ပင်လယ်ရေအောက်ကြမ်းပြင်မှာ ရှင်သန်နေထိုင်တဲ့ ကျောရိုးမဲ့ရေနေသတ္တဝါတစ်မျိုးဖြစ်ပါတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်ပုံစံမှာ အလုံးလှတဲ့သခွားသီးတွေနဲ့ ဆင်တူတဲ့အတွက် ပင်လယ်သခွားသီးလို့ လူတွေက အမည်ပေးခဲ့ကြတာပါ။ ဈေးကွက်မှာ အလွန်တန်ဖိုးရှိတာကြောင့် လူတွေက အသက်နဲ့ရင်းပြီးတော့ ရေငုပ်ကာ ပင်လယ်သခွားသီးအကောင်လေးတွေကို ရှာဖွေဖမ်းယူရောင်းချကြပါတယ်။ ပင်လယ်မျှော့တွေကို ရေအောက်ကြမ်းပြင်တွေမှာ တွေ့နိုင်ပါတယ်။

ပင်လယ်မျှော့တွေဟာ အလွန်ထူးဆန်းတဲ့ ရေသတ္တဝါတစ်မျိုးဖြစ်ပါတယ်။ သူတို့တွေရဲ့ ခန္ဓာကိုယ်က ရှည်မျော့မျော့ဖြစ်ပြီး သူတို့ရဲ့အရေပြားအဖုအထစ်အချွန်အတက်တွေက ကိုယ်ပျော့ရေနေသတ္တဝါလိုဖြစ်နေပါတယ်။ Sea Cucumber တွေဟာ သူတို့ရဲ့ ကိုယ်ထည်ကိုဖယောင်းလိုပျော့ပျောင်းအောင်လုပ်နိုင်သလို စက္ကန့်ပိုင်းအတွင်း မာတောင့်သွားအောင်လဲ လုပ်နိုင်ပါတယ်။ ဒါကြောင့်လဲ ကျောက်ကျိုကျောက်ကြားတွေထဲကျုံ့ဝင်သွားနိုင်ပြီးနောက် ဆွဲထုတ်လို့မရအောင် မာတောင့်ထားတတ်ကြတယ်။ ဒီလိုလုပ်နိုင်တာဟာ အရေပြားကြောင့်ဖြစ်ပါတယ်။

ပင်လယ်မျှော့တွေမှာ ခြေလက်အင်္ဂါနဲ့ မျက်စိတွေမပါရှိကြပါဘူး။ သူတို့ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးမှာ ပါးစပ်နဲ့ မစင်စွန့်ပေါက်ပဲပါရှိတာပါ။ သူတို့ရဲ့ ထူးခြားချက်ကတော့ စအိုကိုလဲ ပါးစပ်လို အသုံးပြုပါတယ်။ ပါးစပ်ပေါက်ပါသော်ငြား အင်မတန်ကျဉ်းပါတယ်။ ဒါကြောင့် အပေါက်နှစ်ခုစလုံးကို အသုံးပြုကြရပါတယ်။

ခန္ဓာကိုယ်အတွက် လိုအပ်တဲ့အောက်ဆီဂျင်ကို ရေကနေယူပါတယ်။ စအိုက ကြွက်သားနဲ့ ရေညှစ်ထုတ်တာဖြစ်ပြီး လိုအပ်တဲ့အောက်ဆီဂျင်ကိုရရှိပါတယ်။ မျှော့မှာ ဖို၊ မ အင်္ဂါနှစ်မျိုးစလုံးပါပြီး အဆစ်တွေကနေ ပွားသွားတာဖြစ်ပါတယ်။ ပင်လယ်မျှော့တွေက ပင်လယ်ကြမ်းပြင်မှာနေထိုင်ပေမဲ့ အခြားရေအောက်ကြမ်းပြင်နေရေသတ္တဝါတွေနဲ့ အတော်လေးကွဲပြားတဲ့ပုံစံတွေရှိပါတယ်။ ပင်လယ်မျှော့တွေမှာ ခြေ၊ လက် ရယ်လို့ တိတိကျကျမရှိဘဲ သူတို့ရဲ့ခန္ဓာကိုယ်ကထွက်လာတဲ့ သေးငယ်တဲ့ ခြေထောက်လိုအစိတ်အပိုင်းလေးတွေ ပိုင်ဆိုင်ထားပါတယ်။ အဲဒီအစိတ်အပိုင်းတွေက သူတို့ရဲ့ခန္ဓာကိုယ် အောက်ပိုင်းတစ်ခုလုံး ပါးစပ်ကနေ စအိုထိ လွှမ်းခြုံထားပြီး ခြေထောက်သဖွယ်လုပ်ဆောင်ပေးပါတယ်။ ပင်လယ်မျှော့တွေဟာ ခြေထောက်လိုသေးငယ်တဲ့ အစိတ်အပိုင်းတွေကရေရဲ့ ဖိအားကိုအသုံးချပြီး တစ်နေရာကနေတစ်နေရာကို သွားလေ့ရှိပါတယ်။

ရန်သူနဲ့တွေ့တဲ့အခါ သူတို့ရဲ့ကိုယ်တွင်းအင်္ဂါတွေကို အန်ထုတ်ပြီး အစာအဖြစ်ချကျွေးကာ ထွက်ပြေးတတ်ကြပါတယ်။ ဒါပေမဲ့ တစ်ပတ်ကနေ ငါးပတ်အတွင်းမှာ သူတို့ရဲ့ ကိုယ်တွင်းအင်္ဂါအသစ်တွေပြန်ပြီး ဖြစ်ပေါ်လာကြပါတယ်။ ပင်လယ်မျှော့တွေရဲ့ခန္ဓာကိုယ်မှာ သွေးတွေမရှိကြပါ။ သွေးလည်ပတ်မှုစနစ်နဲ့



အသက်ရှင်တာမဟုတ်ဘဲ Water Vascular System နဲ့ ရှင်သန်ကြတယ်လို့ သိရပါတယ်။ ပင်လယ်မျှော့တွေဟာ အစုံစားတွေဖြစ်ပြီး ရေညှိရေမှော်၊ ကျောရိုးမဲ့ရေသတ္တဝါ၊ အပင်မျှော့တွေကို ခြေချောင်းသေးသေးလေးတွေ ဝန်းရံနေတဲ့ ပြွန်ပုံသဏ္ဌာန်ပါးစပ်ကနေစားကြပါတယ်။ အဲဒီအစာတွေကို အင်မတန်သေးငယ်တဲ့ အစိတ်အပိုင်းတွေရအောင် တစ်စစီဖြိုခွဲပြီးမှ စားသုံးလေ့ရှိကြပါတယ်။ လူတွေနဲ့ဝေးရာ ပင်လယ်သမုဒ္ဒရာတွေရဲ့ အနက်ရှိုင်းဆုံးပင်လယ်ကြမ်းပြင်မှာသာ အနေများတဲ့ ပင်လယ်မျှော့တွေကို လူတွေက ရှာရှာကြံကြံစားကြပါသေးတယ်။

လွန်ခဲ့တဲ့ ရာစုနှစ်တွေကတည်းက အာရှနိုင်ငံတွေမှာ ပင်လယ်မျှော့တွေကို စားကောင်း သောက်ဖွယ်ဟင်းလျာတစ်ခုအဖြစ် စားလာခဲ့ကြပါတယ်။ ပရိုတင်းဓာတ်ပေါကြွယ်ဝလို့ စားကြပါတယ်။ ၁၉၈၀ ပြည့်နှစ် တစ်ဝိုက်မှာတော့တရုတ်နိုင်ငံက ပင်လယ်မျှော့ကို အများအပြား စားသောက်လာကြတယ်။

**တစ်မူထူးသော ပင်လယ်မျှော့၏အရေခွံ**

ပင်လယ်မျှော့ ခေါ် ပင်လယ်သခွားသီးတွေဟာ သူတို့ရဲ့အရေပြားကိုမာတောင့်အောင်၊ ပျော့စိစိဖြစ်အောင်ပြောင်းလဲနိုင်ပါတယ်။ အဆင့်ဆင့်ပြောင်းလဲချိန် အရေပြားမှာရှိတဲ့ အမျှင်တွေ ချိတ်ဆက်တဲ့အခါရှိသလို အဆက်ဖြတ်တဲ့အခါလဲရှိတယ်။ အဲဒီလိုလုပ်ချိန်မှာ မာတောင့်စေတဲ့ ဒါမှမဟုတ် ပျော့ပျောင်းစေတဲ့ ပရိုတင်းတွေကို သုံးတယ်။ မာတောင့်စေတဲ့ ပရိုတင်းတွေက တွယ်ဆက်တစ်ရှူးအမျှင်တွေကို ချိတ်ဆက်ပေးတဲ့အခါ အရေပြားမာလာတယ်။ ပျော့ပျောင်းစေတဲ့ ပရိုတင်းတွေက အဲဒီအမျှင်တွေကို အဆက်ဖြတ်ပေးတဲ့အခါ အရေပြားပျော့လာတယ်။ ပင်လယ်မျှော့အရေပြားဟာ အရည်ပျော်သွားပုံပေါက်တဲ့ထိ ပျော့ပျောင်းနိုင်စွမ်းရှိတယ်။

အခြေအနေအရ ပင်လယ်မျှော့အရေပြားလို ကျုံ့နိုင်ဆန့်နိုင်စွမ်းရှိတဲ့ပစ္စည်းတွေ တီထွင်ထုတ်လုပ်ဖို့ သိပ္ပံပညာရှင်တွေ ကြိုးစားနေကြတယ်။ ပစ္စည်းတစ်မျိုးကတော့ ဦးနှောက်ခွဲစိတ်ရာမှာသုံးတဲ့ ကိရိယာဖြစ်တယ်။ ရောဂါရှိတဲ့နေရာမှာ တိတိကျကျသိနိုင်အောင် အသုံးပြုနိုင်မဲ့ ကိရိယာတစ်မျိုးပါ။ လိုသလိုပြောင်းလို့ရတဲ့ ကိရိယာမျိုးနဲ့ဆိုရင် ခွဲစိတ်မှုတွေအောင်မြင်ဖို့အကြောင်းများမယ်လို့ သိပ္ပံပညာရှင်တွေက ဆိုပါတယ်။ ပင်လယ်မျှော့ရဲ့ အရသာမှာ ဝါးလိုက်ရင် ပျော့တော့တော့ပျဉ်းတွဲတွဲဖြစ်နေပြီး အရသာမှာ ငန်ကျိကျိရှိတယ်လို့ သိရပါတယ်။ ကိုရီးယားနိုင်ငံတွင်မူ ပင်လယ်မျှော့ကိုအစိမ်းအတိုင်းအချဉ်နဲ့ တို့ပြီး ဆိုဂျူးနဲ့မြည်းလေ့ရှိကြပါတယ်။ အစိမ်းမှာ အနည်းငယ်မာ၍ ငန်ကျိကျိအရသာကြောင့် အခြောက်ကို ပြန်ချက်တာလောက် စားမကောင်းကြပေ။ မြန်မာတို့ကမူ ပင်လယ်မျှော့အစိမ်းကို ပြုတ်ပြီးပါးပါးလှီးကာသုပ်စားကြသလို ကြော်လှော်ချက်ပြုတ်လဲ စားကြပါတယ်။ ဒါ့ပြင် ပင်လယ်မျှော့ကို ပြုတ်ပြီးကျပ်တိုက်ကြပါတယ်။ ကျပ်တိုက်ထားတဲ့ ပင်လယ်မျှော့ခြောက်တွေကို Export လုပ်ကြပါတယ်။

ပင်လယ်မျှော့တွေကို တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်က ဒေသခံတွေနဲ့ ဆလုံလူမျိုးတွေက အဓိကဖမ်းဆီးကြပြီး နိုင်ငံခြားဈေးကွက်သို့ တင်ပို့လေ့ရှိကြပါတယ်။ ပင်လယ်မျှော့ ဖမ်းဆီးတဲ့လုပ်ငန်းကို သန္တာကျောက်တန်း၊ ကျောက်ဆောင်တွေကြား ည ၇ နာရီမှ ညသန်းခေါင်ယံအချိန်ထိ ဖမ်းဆီးကြပြီး လှေတစ်ခေါက်ထွက်ရင် ပင်လယ်ပြင်မှာ တစ်လလောက်ကြာမြင့်တတ်တယ်လို့ ဒေသခံရေလုပ်သားတွေက ဆိုကြပါတယ်။

ပင်လယ်မျှော့ကို တရုတ်နိုင်ငံက အများဆုံးဝယ်ယူပြီး နာမည်ကြီးဟိုတယ်တွေမှာ ဈေး အကြီးဆုံးပင်လယ်စာဟင်းလျာအဖြစ် ချက်ပြုတ်ရောင်းချပါတယ်။ ပင်လယ်မျှော့တွေ ဈေးကြီးတာက သူတို့ရဲ့အရသာကြောင့် မဟုတ်ဘဲ စားရတဲ့သူတွေရဲ့ အတွေ့အကြုံတော့ ပင်လယ်မျှော့တွေရဲ့ဆွဲဆောင်မှု တစ်စိတ်တစ်ပိုင်းကြောင့် ဖြစ်ပါတယ်။

**ပင်လယ်မျှော့စားသုံးခြင်းဖြင့် ရရှိနိုင်မည့်ကျန်းမာရေးကောင်းကျိုးများ**

- ပင်လယ်မျှော့မှာ Chondroitin Sulfate ပါဝင်တာမို့ ကင်ဆာဆဲလ်တွေကို မတိုးပွားအောင် ထိန်းညှိပေးတယ်။
- ပင်လယ်မျှော့တွင် Mucopolysaccharides Chondroitin and Glucosamine ဓာတ်ပါဝင်လို့ နာတာရှည်လူနာတွေ၊ မသန်စွမ်းလူနာတွေရဲ့ကြွက်သားတွေ ညောင်းညာမှု၊ စိတ်ဖိစီးမှု (Stress)တွေကို ပြေလျော့စေပါတယ်။
- ပင်လယ်မျှော့မှာ ပရိုတင်းဓာတ်များစွာပါဝင်တဲ့အပြင် ပုံမှန်စားသုံးပါက သွေးတိုးရောဂါကို ကာကွယ်ပြီး အဆီကိုလဲ ကျစေပါတယ်။
- အနာဖြစ်ပါက ပင်လယ်မျှော့စားပေးခြင်းဖြင့် အနာကို အမြန်ဆုံးကျက်စေပါတယ်။
- ပင်လယ်မျှော့တွေကိုစားသုံးပါက သွေးအားကိုလဲ ကောင်းစေပါတယ်။

ဒါ့ပြင် ပင်လယ်မျှော့ ခေါ် ပင်လယ်သခွားသီးရဲ့ အရေပြားထဲမှာ Fucosylated Glycosaminoglycan လို့ခေါ်တဲ့ ဓာတုပစ္စည်းတစ်မျိုး မြင့်မားစွာပါဝင်တာကြောင့် လွန်ခဲ့တဲ့ရာစုနှစ်များစွာကတည်းက အာရှဒေသက လူတွေဟာ အဆစ်အမျက်ရောင်ရမ်းတာကဲ့သို့ အဆစ်အမျက်ပြဿနာတွေကို ကုသရာမှာ အသုံးပြုခဲ့ကြပါတယ်။

မကြာသေးမီက ဥရောပမှာ အချို့သောကင်ဆာရောဂါကို ကုသဖို့နဲ့ သွေးခဲတာကို လျှော့ချဖို့အတွက် ပင်လယ်မျှော့တွေကို အသုံးပြုလာကြပါတယ်။ တရုတ်ရိုးရာတိုင်းရင်းဆေးလောကမှာတော့ ပင်လယ်မျှော့တွေက ကင်ဆာ၊ ဆီးမကြာခဏသွားတာနဲ့ ခွန်အားကုန်ခန်းမှုတို့ကို ကုသပေးတဲ့နေရာမှာ အစွမ်းထက်တယ်လို့ ယုံကြည်လက်ခံထားကြပါတယ်။ ဒါကြောင့်လဲ တရုတ်နိုင်ငံက ငွေကြေးချမ်းသာသူတချို့က ပင်လယ်မျှော့တွေကို နေလှန်းအခြောက်ခံပြီး ကနုတ်ပန်းတွေနဲ့ အလှဆင်ထားတဲ့ သေတ္တာငယ်လေးတွေထဲထည့်ကာ ကျန်းမာရေးလက်ဆောင်အဖြစ် လည်း ဂုဏ်ယူစွာပေးအပ်လေ့ရှိကြပါတယ်။

၁၉၈၀ ပြည့်နှစ်လွန်ကတည်းက အာရှဒေသမှာ ပင်လယ်မျှော့တွေကို စားကောင်း သောက်ဖွယ်ဟင်းကောင်းတစ်ခုအဖြစ်သာမက အစွမ်းထက် ဆေးတစ်လက်အဖြစ်လည်း စားသောက်ခဲ့ကြတာပါ။ ယခုအခါမှာတော့ ပင်လယ်မျှော့တွေကို အနောက်တိုင်းဆေးဝါးကုမ္ပဏီတွေကပါ စိတ်ဝင်စားမှုမြင့်တက်လာခဲ့ကြပါတယ်။ ဒါကြောင့် ကမ္ဘာအနှံ့က နိုင်ငံတွေဟာ ပင်လယ်မျှော့တွေကို ရှာဖွေရောင်းချခဲ့ကြပါတယ်။

**အချုပ်အားဖြင့်ဆိုရလျှင်**

ကျန်းမာရေးအတွက် အစွမ်းထက်ဆေးဖက်ဝင်လှတဲ့ ပင်လယ်မျှော့တွေက ဘာကြောင့်ဈေးကြီးနေရသလဲလို့ စစ်ဆေးကြည့်ခဲ့ရာမှာ သူတို့က ပင်လယ်ရေအောက်ကြမ်းပြင်မှာ နေထိုင်တတ်တဲ့ သတ္တဝါတွေဖြစ်တာကြောင့်ဆိုတဲ့ အချက်တစ်ချက်ကို တွေ့ရပါတယ်။ ရေငုပ်အင်မတန်ကျွမ်းကျင်တဲ့ လူတွေမှသာ ပင်လယ်ရေအောက်ကြမ်းပြင်မှာ ခက်ခက်ခဲခဲ ရှာဖွေမှ ရရှိတာဖြစ်ပါတယ်။ ဒီလို ခက်ခက်ခဲခဲရှာဖွေရတဲ့ ဆေးဖက်ဝင် မြန်မာ့ပင်လယ်မျှော့တွေကို နိုင်ငံခြားဈေးကွက်ကိုလဲ တင်ပို့ရောင်းချနေရပြီး တရုတ်နိုင်ငံက အများဆုံးဝယ်ယူနေတဲ့ ရေထွက်ကုန်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါတယ်။


**ကိုးကား**

**(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၉)**
**(၂) ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊အမှတ်(၃)**
**(၃) Fish Base of Myanmar**
**(၄) Inland Fisheries of Myanmar**


နှင်းအိ(ရာမညမြေ)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ဖြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၂၁၁ ဧက စိုက်ပျိုးပြီးစီး



**ကျုံပျော် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၃၂၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၃၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲတီစိမ်း ၃၂၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပဲတီစိမ်း လျာထားချက်အတိုင်း ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စသည့်ဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ ဆောင်းပဲတီစိမ်း ၅၃၆၆ ဧကထိ လျာထားစိုက်ပျိုးနေပါတယ် ဒီနေ့ထိ ပဲတီစိမ်း ၃၂၁၁ ဧကထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ပါတယ်။ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကနေ စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးနေတယ်။ စိုက်ပျိုးမဲ့ ပဲတီစိမ်းတွေကို အပင်ပေါက် အားကောင်းစေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ် မကျရောက်စေဖို့ စတဲ့လုပ်ငန်းတွေကို ဌာနကဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးနေသည့် ပဲတီစိမ်းအပါအဝင် ဆောင်းသီးနှံများအားလုံး အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေးကောင်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပိုးသတ်ဆေး၊ အပင်အားဆေးများ စနစ်တကျအသုံးပြုတတ်စေရေး စသည့် နည်းပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သိရသည်။

**ကျော်ကျော်လင်း**

## သရက်မြို့နယ် ကျေးရွာနှစ်ရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သရက် ဇန်နဝါရီ ၁၈**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာနှစ်ရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘော်(မြောက်)နှင့် ဘော်(တောင်) ကျေးရွာတို့၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကာ ကျေးရွာ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

သရက်မြို့နယ် ဘော်(မြောက်)နှင့် ဘော်(တောင်)ကျေးရွာတို့၌ ကျေးရွာတွင်းလမ်း အရှည် ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် သိန်း၂၀ စုစုပေါင်း ငွေကျပ် သိန်း ၁၇၀ စီဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီ ၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှ သိရသည်။

**ဇင်မာ**

ခရီးသွားဆောင်းပါး

# မောရသည့်ဝေါမြို့

သက်နိုင်(ပြင်ဦးလွင်)

မအိပ်မနေအသက်ရှည်၊ မေးပါများစကားရ၊ သွားပါများခရီးရောက်ဆိုတဲ့စကားအတိုင်း မြန်မာနိုင်ငံအနှံ့ လှည့်လည်ခရီးထွက်နေကြတဲ့ မိမိတို့ခရီးဖော်အဖွဲ့ မွန်ပြည်နယ် ဘီလူးကျွန်းပေါ်က ချောင်းဆုံမြို့ကို ရောက်ရှိနေကြပါပြီ။ ချောင်းဆုံမြို့ကိုလေ့လာကြည့်ရှုကြရင်း နေ့လယ်စာထမင်းစားကြမယ်လို့ စဉ်းစားစီစဉ်ထားပေမဲ့ မစားဖြစ်ဘဲ မော်လမြိုင်မြို့ကိုပြန်ပြီး ထမင်းစားကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ကျွန်းပတ်လမ်းမကြီးအတိုင်း မောင်းနှင်လာခဲ့ပြီး မြို့အပြင်ကို ရောက်တာနဲ့ ကျိုက်မရောမြို့ကလို လမ်းဘေးဝဲယာ တစ်လျှောက်မှာ စီတန်းသာယာလှပနေတဲ့ ထန်းပင်တန်းကို တွေ့မြင်နေရလို့ ကားရပ်ပြီး ဓာတ်ပုံတွေရိုက်ကြရသေးတယ်။ ဒီလိုလှပတဲ့ ထန်းပင်တန်းတွေက ကျိုက်မရောမြို့ကို ဂုဏ်သတင်းကျော်ကြားစေပြီး လူသိများနေပေမဲ့ မောင်းမကန်ပင်လယ်ကမ်းခြေအဝင်လမ်းတစ်လျှောက်၊ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ အဝင်လမ်းတစ်လျှောက်တွေမှာလဲ လှလှပပနဲ့တည်ရှိတွေ့မြင်နေရတဲ့အပြင် အခုလဲ ချောင်းဆုံမြို့မှာတွေ့မြင်နေကြရပြန်ပါပြီ။

လှပတဲ့ထန်းပင်တန်းတွေကို ဓာတ်ပုံရိုက်ယူအပြီး ဆက်လက်မောင်းနှင်ထွက်ခွာလာတာနဲ့ မကြာခင်မှာ သံလွင်မြစ်ကမ်းနားကို ရောက်ရှိလာကြတယ်။ သံလွင်မြစ်ကူးတံတားကြီးကို ကျော်ဖြတ်ပြီးတာနဲ့ မော်လမြိုင်မြို့ကိုရောက်ရှိကြတော့မှာပါ။ ဒါပေမဲ့ သံလွင်မြစ်ကမ်းနားကိုလဲရောက်ရော မြစ်ကူးတံတားကြီးကိုမတွေ့ရတဲ့အပြင် ကြီးမားလှတဲ့သပိတ်ကျောက်ပုံကြီးတွေကြားမှာ လမ်းဆုံးသွားတော့တယ်။ မေးမြန်းစုံစမ်းကြည့်တော့ လမ်းမှားလာကြတာဖြစ်ကြောင်းနဲ့ သံလွင်မြစ်ကူးတံတားရှိရာကို ချောင်းဆုံမြို့တွင်းကနေ ချိုးကွေ့မောင်းနှင်သွားကြရမှာဖြစ်ကြောင်း သိလိုက်ရတယ်။ ဒါကြောင့် ချောင်းဆုံမြို့ကို ပြန်လည်မောင်းနှင်သွားရပြီး ကျွန်းပတ်လမ်းကိုတွေ့တာနဲ့ ဆက်လက်ခရီးနှင်ခဲ့ကြရတယ်။ ကျွန်းပတ်လမ်းအတိုင်း အချိန်ကြာကြာ မောင်းနှင်ပြီးမှ မနက်စောစောက တွေ့မြင်ခဲ့ရတဲ့ လမ်းဆုံအပိုင်းကို ရောက်လာခဲ့တယ်။ ကားမောင်းနေရင်းနဲ့ လမ်းတစ်လျှောက်လုံးမှာ ရွာစဉ်ရွာတန်းတွေကို အဆက်မပြတ်တွေ့မြင်နေရတယ်။ လမ်းဆုံအပိုင်းကို ရောက်ပြီဆိုရင် သံလွင်မြစ်ကူးတံတားကြီးနဲ့ မဝေးတော့ပါဘူး။ မနက်တုန်းကအလာခရီးမှာ အပိုင်းရဲ့ လက်ယာဘက်လမ်းအတိုင်း မောင်းနှင်ခဲ့ကြရပြီး အခုအပြန်ခရီးမှာ လက်ဝဲဘက်ကနေ ပြန်ထွက်လာခဲ့ကြတာပါ။ တစ်နည်းအားဖြင့် ကျွန်းတစ်ပတ် ပတ်ခဲ့ကြတယ်လို့ဆိုရပါမယ်။

လမ်းဆုံအပိုင်းကနေ မြစ်ကူးတံတားထိ တစ်ခဏအတွင်း၊ မြစ်ကူးတံတားကြီးကိုလဲ တစ်ခဏအတွင်း ဖြတ်သန်းမောင်းနှင်လာခဲ့ပြီး မော်လမြိုင်မြို့ကိုရောက်လာကြတယ်။ အချိန်က မွန်းတည့် ၁၂ နာရီရှိနေပြီဖြစ်လို့ မော်လမြိုင်မြို့ကိုရောက်ရောက်ချင်း နေ့လယ်စာ ထမင်းစားကြတော့မှာပါ။ ဒါကြောင့် သင့်တော်ကောင်းမွန်တဲ့ထမင်းဆိုင် တစ်ဆိုင်ဆိုင်ကို ရှာဖွေနေရင်းနဲ့ ခရီးဖော်ကြီးတစ်ယောက်က မွန်ပြည်နယ်ကို ရောက်တုန်း မွန်ရိုးရာအစားအသောက် ထမင်းဟင်းတွေကို စားကြရအောင်ဆိုတာကြောင့် မွန်ရိုးရာထမင်းဆိုင်ကို မေးမြန်းရှာဖွေကြရပြန်တယ်။ မေးရင်းမြန်းရင်း စုံစမ်းရှာဖွေရင်းနဲ့ ပုဂ္ဂလိကဆေးရုံတစ်ခုအနီးမှာ ဖွင့်လှစ်ထားတဲ့ဆိုင်တစ်ဆိုင်ကို ရောက်လာခဲ့ကြတယ်။ ဆိုင်ရဲ့ဆိုင်းဘုတ်မှာလဲ မွန်ရိုးရာထမင်းဆိုင်ဆိုပြီး ရေးသားထားတာကို တွေ့မြင်နေရတယ်။ ဆိုင်ကကြီးတာလဲမဟုတ်၊ သေးငယ်တာလဲမဟုတ် ပုံမှန်သပ်သပ်ရပ်ရပ်နဲ့ပါ။ ဒါပေမဲ့ ရရှိတဲ့ဟင်းတွေကို သွားရောက်ကြည့်ရှုပြီး မှာယူစားသောက်ကြတဲ့အခါ ဘာမှထူးထူးခြားခြားမရှိဘဲ မြန်မာဟင်းတွေအတိုင်းဖြစ်နေတယ်။ မွန်ရိုးရာထမင်းဆိုင်မှာ မြန်မာလိုသာ စားသောက်ခဲ့ကြရလို့ မွန်နဲ့မြန်မာချက်ပြုတ်စားသောက်ကြပုံ အတူတူပဲလို့ မှတ်ယူလိုက်ရတော့တယ်။

ထမင်းစားသောက်ပြီးတာနဲ့ အပြန်ခရီးစဉ်အတွက် တိုင်ပင်ဆွေးနွေးကြတော့ မော်လမြိုင်-သထုံ-ကျိုက်ထိုလမ်းကနေ ဒိုက်ဦး-စစ်တောင်းလမ်းအတိုင်း ပြန်ကြဖို့ စီစဉ်ဆုံးဖြတ်လိုက်ကြတယ်။ မော်လမြိုင်မြို့ကနေ စတင်ထွက်ခွာကြမဲ့အချိန်က မွန်းလွဲ ၁ နာရီထိုးခါနီးပြီဖြစ်တာကြောင့် သင့်တော်တဲ့တစ်မြို့မြို့မှာ ညအိပ်ရပ်နားကြဖို့ကိုလဲ ကြိုတင်စဉ်းစားထားလိုက်တယ်။ အားလုံးရဲ့သဘောဆန္ဒအရ ဒိုက်ဦးမြို့နဲ့နေပြည်တော်တစ်ခုခုမှာပါ။ မော်လမြိုင်မြို့ကနေ စတင်ထွက်ခွာလာကြပြီး သံလွင်မြစ်ကူးတံတား(မော်လမြိုင်)ကို ကျော်ဖြတ်ပြီးတာနဲ့ မုတ္တမမြို့ကို ရောက်လာကြတယ်။ ဒီတစ်ခေါက်ခရီးစဉ်မှာ သံလွင်မြစ်ကူးတံတား(မော်လမြိုင်)နဲ့ သံလွင်မြစ်ကူးတံတား(ချောင်းဆုံ)တံတားကြီး




နှစ်ခုကို ဖြတ်သန်းမောင်းနှင်ခဲ့ရတာက ထူးခြားနေတယ်။ မုတ္တမကိုရောက်တော့ မြို့အဝင်ဆိုင်းဘုတ်မှာ ကားရပ်ပြီး အမှတ်တရဓာတ်ပုံတွေရိုက်နေကြတုန်း အနီးမှာရှိတဲ့ လုံခြုံရေးဂိတ်စခန်းက တာဝန်ရှိသူတချို့ ရောက်လာပြီး ဘာလုပ်ကြတာလဲလို့ မေးမြန်းစစ်ဆေးခံကြရသေးတယ်။ အခြားခရီးသည်တွေနဲ့ ကားကြီး၊ ကားငယ်တွေ၊ ဆိုင်ကယ်တွေအားလုံး ဂိတ်အဝင်၊ အထွက်တွေမှာ တန်းစီပြီး အစစ်ဆေးခံနေကြရတဲ့ အချိန်မှာ မိမိတို့ခရီးဖော်အဖွဲ့က အေးအေးဆေးဆေး ပျော်ပျော်ပါးပါး ဓာတ်ပုံရိုက်နေကြတာကြောင့် သင်္ကာမကင်းဖြစ်သွားကြတယ်လို့ထင်တယ်။ ဒါပေမဲ့ ခရီးဖော်တွေအားလုံးက အသက်အရွယ်ကြီးနေကြသူတွေသာဖြစ်ပြီး ပြင်ဦးလွင်မြို့ကနေ ဘုရားဖူးထွက်လာကြတာလို့ပြောလိုက်တာနဲ့ ဘာကိုမှဆက်လက်မေးမြန်းစစ်ဆေးတာမပြုကြတော့ဘဲ ပြန်သွားကြတော့တယ်။ ဒီအဖြစ်အပျက်ကလဲ အခုခရီးစဉ်ရဲ့ အမှတ်တရတစ်ခုပါ။

မုတ္တမကနေပြန်ထွက်လာကြပြီး ပေါင်မြို့ကိုရောက်ရင် လက်ဖက်ရည်သောက်ကြမယ်ဆိုပြီး စီစဉ်ထားပေမဲ့ ပေါင်မြို့နယ်ထဲကိုဝင်ရောက်လာတာနဲ့ မိုးက အဆက်မပြတ်သဲကြီးမဲကြီးရွာနေလို့ ကားကိုမရပ်မနား သထုံမြို့ရောက်တဲ့ထိ ဆက်လက်မောင်းနှင်လာခဲ့ရတာ သထုံရောက်မှ လက်ဖက်ရည်သောက်ကြရတော့တယ်။ သထုံမှာ လက်ဖက်ရည်သောက်ပြီးတာနဲ့ ဆက်လက်ထွက်ခွာလာခဲ့ကြတာ လမ်းကကောင်းလဲကောင်း၊ ရှင်းလဲရှင်းတာနဲ့ အမြန်နှုန်းမြှင့်ပြီး မောင်းနှင်လာနိုင်ခဲ့တာကြောင့် တစ်နာရီပတ်ဝန်းကျင်လောက် ကြာချိန်အတွင်းမှာ ကျိုက်ထိုမြို့ကိုရောက်လာကြတယ်။ အလာခရီးကတည်းက ကျိုက်ထိုမြို့ရဲ့ အထင်ကရတွေဖြစ်တဲ့ ကျိုက်ထီးရိုးတောင်၊ ကျိုက်ပေါလောမှဲ့ရှင်ဘုရား၊ ထိုင်တော်မူရုပ်ပွားတော်ကြီး စတဲ့နေရာအသီးသီးကို ဝင်ရောက်ခဲ့ကြပြီးဖြစ်လို့ နောက်ထပ်ဘယ်နေရာကိုမှ သွားရောက်လေ့လာဖူးမြော်စရာမရှိတော့ပါဘူး။

ကျိုက်ထိုမြို့ကနေ ထွက်လာခဲ့ကြပြီး မကြာခင်မှာ မွန်ပြည်နယ်နဲ့ ပဲခူးတိုင်းဒေသကြီး နယ်စပ်ဖြစ်တဲ့ စစ်တောင်းတံတားကိုဖြတ်၊ နောက်ထပ်လမ်းဆုံတစ်ခုရောက်တာနဲ့ ဒိုက်ဦး-စစ်တောင်းလမ်းအတိုင်း ဒိုက်ဦးမြို့ရှိရာကို ဆက်လက်မောင်းနှင်ကြရမှာပါ။ လမ်းဆုံကိုရောက်တော့ လုံခြုံရေးစခန်းဂိတ်တစ်ခုမှာ အစစ်အဆေးခံကြရတယ်။ ဒါပေမဲ့ ထုံးစံအတိုင်း ပြင်ဦးလွင်က ဘုရားဖူးအဖွဲ့ပါလို့ ပြောလိုက်တာနဲ့ ကားပေါ်မှာပါလာတဲ့ အသက်အရွယ်ကြီးကြီးခရီးဖော်တွေကိုကြည့်ပြီး ဘာမှထွေထွေထူးထူး စစ်ဆေးမေးမြန်းတာတွေ မလုပ်တော့ဘဲ မြန်မြန်ဆန်ဆန်လွယ်လွယ်ကူကူဖြတ်သန်းခွင့်ရခဲ့ကြတယ်။ အခုခရီးစဉ်မှာ စစ်ဆေးရေးဂိတ်တိုင်းကို ကြန့်ကြာမှုမရှိဘဲ ဖြတ်သန်းခွင့်ရနေတာကလဲ ခရီးလမ်းချောမွေ့ကောင်းမွန်တယ်လို့ ပြောရမှာပါ။ တချို့ခရီးသွားလာကြရင်း ရောက်ရှိတဲ့စစ်ဆေးရေးဂိတ်တွေမှာ ကားတန်းရှည်ကြီးနဲ့ နာရီပေါင်းများစွာ စောင့်ဆိုင်းနေရတာတွေ၊ မထင်မှတ်တဲ့ကြန့်ကြာမှုတွေ၊ အခက်အခဲဖြစ်ကြတာတွေကို မကြာခဏ ကြားသိနေရတယ်။ မိမိတို့အဖွဲ့ကတော့ အခုအချိန်ထိ ကံကောင်းနေကြတယ်။

စစ်ဆေးရေးဂိတ်ကိုကျော်လွန်ပြီးတာနဲ့ ကျွဲကောသီးတွေ အများအပြားရောင်းချနေတဲ့ ဈေးဆိုင်တန်းကိုတွေ့ရတယ်။ မော်လမြိုင်ဒေသထွက် နာမည်ကျော်ကျွဲကောသီးတွေပါ။ ကားရပ်ပြီး ဈေးမေးကြည့်တော့ တစ်လုံးကို ငွေကျပ် ၁၅၀၀ ဆိုတာ သိလိုက်ရတယ်။ ဆိုင်ရှင်အမျိုးသမီးက နမူနာတစ်လုံးကို အမြည်းအဖြစ် စားဖို့ပေးတော့ ချိုမြပြီးအရသာရှိနေတယ်။ အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူကြဖို့ ဈေးဆစ်ကြည့်တော့ လေးလုံးကို ငွေကျပ် ၅၀၀၀ ရတာနဲ့ တစ်ယောက်ကို ငွေကျပ် ၅၀၀၀ ဖိုး၊ ၁၀၀၀၀ ဖိုး ဝယ်ယူလာခဲ့တာကြောင့် ကားပေါ်မှာ စက်စဲကမ်းခြေက ဝယ်ယူလာခဲ့ကြတဲ့ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်တွေအပြင် ကျွဲကောသီးတွေနဲ့ ပြည့်သွားတော့တယ်။ မိမိတို့ပြင်ဦးလွင်မှာ တစ်လုံးကို ငွေကျပ် ၄၀၀၀၊ ၅၀၀၀ လောက်ရှိလို့ အခုဝယ်ယူခဲ့တဲ့ ကျွဲကောသီးတွေက အလွန်ဈေးသက်သာနေတယ်။

ခရီးဖော်တွေအားလုံး ကျွဲကောသီးတွေ ဝယ်ယူပြီးတာနဲ့ ရှေ့ခရီးကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ဒါပေမဲ့ စကားပြောရင်း၊ ကားမောင်းရင်းနဲ့ လမ်းမှားလာပြီလို့ ထင်မှတ်မိလိုက်တာကြောင့် ရှေ့ခန်းမှာ ထိုင်လာတဲ့ခရီးဖော်ကြီးကို ပြောပြတဲ့အခါ လမ်းမှားလာတာမဟုတ်ကြောင်း၊ လမ်းအမှန်သာဖြစ်ကြောင်း၊ မကြာခင် ရှေ့မှာ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်ကို ရောက်ရှိမှာဖြစ်ကြောင်း ပြောလို့ လမ်းမမှားကြောင်း သိလိုက်ရတယ်။ ခရီးဖော်ကြီးပြောတဲ့အတိုင်း ညောင်ခါးရှည်စစ်ဆေးရေးဂိတ်ကို မကြာခင်မှာ ရောက်ရှိလာကြတယ်။ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်မှာ အလာခရီးတုန်းကထက် ပိုမိုများပြားတန်းစီရပ်ထားရတဲ့ ကုန်တင်ယာဉ်ကားတန်းရှည်ကြီးတွေကို တွေ့မြင်နေရတယ်။ ကားတန်းကြီးရဲ့အရှည်က နှစ်မိုင်၊ သုံးမိုင်လောက်ထိ ရှည်အောင် များပြားလွန်းနေတယ်။ မိမိတို့လို အိမ်စီးကားငယ်လေးတွေက ကုန်တင်ကားကြီးတွေကို ကျော်ဖြတ်မောင်းနှင်ခွင့်ပြုထားပြီး သီးခြားစစ်ဆေးနေလို့ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်ကိုလဲ လွယ်လွယ်ကူကူမြန်မြန်ဆန်ဆန်ဖြတ်သန်းလာနိုင်ခဲ့ကြတယ်။ ကားကြီးတွေနဲ့အတူ စောင့်ဆိုင်းနေရမယ်ဆိုရင် ဂိတ်အနီးမှာ ညအိပ်ရဖို့ သေချာနေပါတယ်။ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းအပြီး နာရီကြည့်လိုက်တော့ ညနေ ၅ နာရီသာရှိနေသေးလို့ ဒီအတိုင်းဆိုရင် ဒိုက်ဦးမြို့ကို စောစောဝင်ရောက်မှာဖြစ်ကြောင်းနဲ့ အေးအေးဆေးဆေး ရေမိုးချိုး ထမင်းစားသောက် နားနေအိပ်စက်နိုင်ကြောင်း ကားရှေ့ခန်းက ခရီးဖော်ကြီးနဲ့ ပြောဆိုတိုင်ပင်လိုက်ကြသေးတယ်။

မော်လမြိုင်မြို့မှာ နေ့လယ်စာ ထမင်းစားသောက်အပြီး တိုင်ပင်ပြောဆိုထားကြတဲ့ ခရီးစဉ်အတိုင်း ဒိုက်ဦးမြို့ ဒါမှမဟုတ် နေပြည်တော်မှာ အိပ်ကြမယ်ဆိုတဲ့အစီအစဉ်က လတ်တလောအခြေအနေအရ ဒိုက်ဦးမြို့မှာ ညအိပ်ရပ်နားကြဖို့ သေချာသလောက်ဖြစ်သွားခဲ့ပါပြီ။ ဒိုက်ဦးမြို့ကို အချိန်မီ စောစောဝင်ရောက်သွားမှာကြောင့် သင့်တင့်နီးစပ်တဲ့ဘုရားစေတီတွေကိုဖူး၊ မြို့တွင်းကိုလဲ လေ့လာကြည့်ရှုသွားလာကြဖို့ စိတ်ကူးထားလိုက်သေးတယ်။ ဒါပေမဲ့ စကားတပြောပြောနဲ့ ကားမောင်းလာရင်းနဲ့ ဒိုက်ဦးမြို့ကလဲ တော်တော်နဲ့ မရောက်နိုင်ပါလား၊ လမ်းများမှားနေသလားဆိုပြီး စိတ်ထဲမှာ သံသယဖြစ်လာရတယ်။ ခရီးဖော်ကြီးကို ထပ်မံမေးမြန်းကြည့်တော့လဲ မမှားပါဘူး၊ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်ကိုတောင် ဖြတ်လာခဲ့ပြီးပြီပဲဆိုလို့ စိတ်အေးသွားခဲ့ရတယ်။ အလာခရီးတုန်းကလဲ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်ကို ဖြတ်သန်းလာခဲ့ရတာကြောင့် တော်ရုံတန်ရုံ လမ်းမှားစရာအကြောင်းတော့မရှိပါဘူး။

ဒီလိုစိတ်အေးလက်အေးနဲ့ ကားကိုဆက်လက်မောင်းနှင်လာရင်း မကြာခင်မှာ လမ်းဘေးတစ်နေရာက ဆိုင်းဘုတ်ကြီးကို ရုတ်တရက်မြင်တွေ့လိုက်ရတာကြောင့် ကိုယ့်နဖူးကိုယ်ရိုက်မိပြီး သွားပြီကွာလို့ ညည်းတွားအော်ဟစ်လိုက်ရတယ်။ မြင်တွေ့လိုက်ရတဲ့ ဆိုင်းဘုတ်ကြီးက ကြိုဆိုပါတယ်ဆိုတာတွေ၊ နှုတ်ခွန်းဆက်သပါတယ်ဆိုတာတွေ၊ နွေးထွေးစွာတွေ၊ ပျူငှာစွာတွေမပါဘဲ "ဝေါမြို့၊ WAW"ဆိုတဲ့ဆိုင်းဘုတ်ကြီးပါ။ လမ်းမှားမောင်းနှင်လာခဲ့တယ်ဆိုတာ သေချာသွားပါပြီ။ ဒီလိုလမ်းမှားလာတယ်ဆိုတာကို ကျန်တဲ့ခရီးဖော်တွေ သိရှိသွားအောင်လို့လဲ ဆိုင်းဘုတ်ကြီးအနီးမှာ ကားကိုရပ်လိုက်ရတယ်။ ဒါပေမဲ့ ခရီးဖော်တွေအားလုံးက စိတ်ညစ်သွားတာတွေ၊ စိတ်ပျက်သွားတာတွေမဖြစ်ကြဘဲ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြလို့ တော်ပါသေးတယ်။ ဒါ့ပြင် ရောက်ရှိနေတဲ့ ဝေါမြို့မှာ အိပ်ကြမှာလား၊ ဘုရားကြီး၊ ပဲခူး၊ ဖြူး၊ နေပြည်တော် တစ်ခုခုမှာ အိပ်ကြမှာလားဆိုတာကို စုပေါင်းတိုင်ပင်ကြရပြန်တယ်။ အားလုံးရဲ့သဘောတူညီမှုအရ နာမည်ကျော်တန်ခိုးကြီး ရွှေမော်ဓောစေတီတော်ကြီးကို ဖူးမြော်ကြည်ညိုလို့ရအောင် ပဲခူးမြို့မှာ ညအိပ် ရပ်နားကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ခရီးစဉ်ကို စတင်စီစဉ်ခဲ့ကြတုန်းက မရောက်ဖူးသေးတဲ့ ဘီလူးကျွန်းကို သွားကြမယ်၊ အဆင်ပြေရင် ကျိုက်ထီးရိုးစေတီတော်ဝင်ဖူးကြမယ်ဆိုတာလောက်ကနေ သာမညကိုရောက်လိုရောက်၊ ကျိုက္ခမီ-စက်စဲရောက်လိုရောက်နဲ့ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်အတွင်းမှာ နေရာအစုံနှံ့ခဲ့ကြပါပြီ။ အခုတစ်ခါ ခရီးစဉ်ထဲမှာလဲမပါ၊ ထင်မှတ်လဲမထားတဲ့ ပဲခူးမြို့ကို ရောက်ကြရပါဦးမယ်။

အခန့်မသင့်လို့ လမ်းမှားပြီး ဝေါမြို့ကိုရောက်ရှိလာတာကြောင့် တဒင်္ဂ ရင်မောသွားရပေမဲ့ မြန်မာစကားပုံတစ်ခုလို ဖိုးသူတော်မျက်စိလည်လေ ဆန်ရလေဆိုတဲ့အတိုင်း ပဲခူးမြို့က ရွှေမောဓောစေတီတော်ကြီးကို သွားရောက်ဖူးမြော်လိုက်ကြပါဦးမယ်။

# စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံထက်မြက်နေတဲ့ လိုက်ပ်ဇစ်အသင်း၊ ဗီရိုနာအသင်း၊ ဗီလာရီးရဲလ်အသင်းတို့ကို ရွေးချယ်ရမှာပါ



စနေနေ့ညကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေမှာတော့ အသင်းကြီးထိပ်တိုက်တွေ့ဆုံမှုတွေနည်းနေတာကြောင့် ခြေရည်တူအသင်းတွေနဲ့ ရမှတ်လိုအပ်နေတဲ့အသင်းတွေကိုပဲ သတိထားချဉ်းကပ်သွားရမှာပါ။ ကြားရက်မှာတော့ ဖလားပြိုင်ပွဲတွေရှိခဲ့ပေမဲ့ အသင်းအများစုက အရန်ကစားသမားတွေနဲ့ ပွဲထွက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာ အာဖရိကနဲ့ အာရှဖလားပြိုင်ပွဲတွေကြောင့် ကစားသမားအများစုဟာ နိုင်ငံကိုယ်စားပြုကစားနေရသလို ဇန်နဝါရီအပြောင်းအရွှေ့ကာလလဲဖြစ်တာကြောင့် အသင်းအများစုအနေနဲ့ ကစားကွက်ပိုင်းအပြောင်းအလဲတွေ ဖြစ်ပေါ်နေမှာကိုသတိပြုရမှာပါ။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက အဓိက ကစားသမားတွေပါဝင်နိုင်မဲ့အသင်းတွေနဲ့တိုက်စစ်ပိုင်းထက်မြက်တဲ့အသင်းတွေကိုသာ ရွေးချယ်သွားမှာဖြစ်ပါတယ်။

**လိုက်ပ်ဇစ်အသင်းနဲ့ လက်တွဲရမှာပါ**

စနေနေ့ညမှာ ကစားမဲ့ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ လိုက်ပ်ဇစ်အသင်းနဲ့ လေဗာကူဆင်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လိုက်ပ်ဇစ်အသင်းဟာ နောက်ဆုံးအမှတ်ပေးပွဲမှာ ဖရန့်ဖတ်အသင်းကို မထင်မှတ်ဘဲရှုံးခဲ့တာကြောင့် ၁၇ ပွဲအပြီးမှာ ရမှတ် ၃၃ မှတ်နဲ့ အဆင့်(၄)မှာရောက်ရှိခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ အဆင့်(၁)က လေဗာကူဆင်နဲ့ ရမှတ် ၁၂ မှတ်ကွာဟနေတာကြောင့် ချန်ပီယံဆုကို စိန်ခေါ်နိုင်ဖို့ အခွင့်အရေးနည်းနေတာဖြစ်ပါတယ်။ လိုက်ပ်ဇစ်ဟာ နည်းပြမားကိုစ်ရို့စ်လက်ထက်မှာ ၄-၄-၂ ကစားကွက်နဲ့ အထိုင်ကျနေပေမဲ့ ဘိုချမ်၊ မိန့်ဇ်၊ ဖရန့်ဖတ်တို့နဲ့တွေ့ချိန်မှာ ရမှတ်ဆုံးရှုံးခဲ့တာကြောင့် ခြေစွမ်းပိုင်းကအားရစရာမကောင်းပါဘူး။ အခုအပြောင်းအရွှေ့မှာတော့ ကွင်းလယ်ကစားသမားတစ်ယောက်ခေါ်ယူခဲ့ပြီး တိုက်စစ်မှူးတီမိုဝါနာကို စပါးအသင်းဆီအငှားစေလွှတ်ခဲ့ပေမဲ့ ဒဏ်ရာရ၊ ပွဲပယ်ကစားသမားနှစ်ယောက်သာရှိတာကြောင့် လေဗာကူဆင်ကို အိမ်ကွင်းမှာပွဲချိန်ပြည့်ဖိအားပေးပြီး ရမှတ်ရှာဖွေနိုင်မှာ သေချာပါတယ်။

လေဗာကူဆင်အသင်းဟာ အခုရာသီပြိုင်ပွဲစုံမှာ ရှုံးပွဲမရှိခဲ့တာကြောင့် ဥရောပထိပ်သီးကလပ်ငါးခုမှာ ရလဒ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ အမှတ်ပေးပြိုင်ပွဲမှာလဲ ၁၇ ပွဲမှာ ၁၄ ပွဲနိုင်၊ သုံးပွဲသရေနဲ့ရမှတ် ၄၅ မှတ်ထိရခဲ့ပြီး အဆင့်(၁) မှာ ဦးဆောင်နေတာကိုတွေ့ရမှာပါ။ နည်းပြအလွန်ဆိုဟာ အသင်းရဲ့အလယ်တန်းအဆင့်ကစားသမားတွေကို သူ့ရဲ့နည်းစနစ်နဲ့အံဝင်အောင် လေ့ကျင့်ပေးနိုင်ခဲ့တာကြောင့် ရလဒ်ကောင်းပိုင်ဆိုင်ခဲ့တယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ ကိုဆိုအန်နူ၊ တက်ဆိုဘာ၊ အက်ဒ်လီတို့ကို အာဖရိကဖလားပွဲစေလွှတ်ခဲ့ရပြီး ဘွန်နီဖေ့လဲ ဒဏ်ရာရနေတာကြောင့် ခြေစွမ်းပိုင်းကျဆင်းသွားခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အော့စ်ဘက်အသင်းနဲ့ပွဲစဉ်မှာဆို ဂိုးရဖို့ရုန်းကန်ခဲ့ရပြီး နာကျင်အချိန်ပိုကျမှ ဦးဆောင်ဂိုးရခဲ့လို့ နိုင်ပွဲဆက်ခဲ့တာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ လိုက်ပ်ဇစ်လိုအသင်းကြီးနဲ့တွေ့ချိန်မှာ ဘွန်နီဖေ့၊ ကိုဆိုအန်နူ၊ တက်ဆိုဘာတို့မပါနိုင်တဲ့ကစားကွက်က ပွဲချိန်ပြည့်ယှဉ်ကစားဖို့ အခက်တွေ့မှာပါ။ အကျောပေးမှုကလဲ ရှုံးပွဲမရှိသေးတဲ့လေဗာကူဆင်ကို လိုက်ပ်ဇစ်က အကျောပေးထားလို့ ဒီပွဲမှာလိုက်ပ်ဇစ်အနည်းဆုံးသရေရလဒ်ရမဲ့အခြေအနေဖြစ်နေလို့ လိုက်ပ်ဇစ်အသင်းနဲ့ပဲ လက်တွဲရမှာပါ။

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိုက်ပ်ဇစ် | ၂ | - | ၁ | ယန်းဘွိုင်း |
| လိုက်ပ်ဇစ် | ၃ | - | ၁ | ဟော်ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ၁ | - | ၁ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၁ | - | ၀ | စိန့်ဂါလံ |
| လိုက်ပ်ဇစ် | ၀ | - | ၁ | ဖရန့်ဖတ် |

**လေဗာကူဆင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လေဗာကူဆင် | ၅ | - | ၁ | မိုဒီ |
| လေဗာကူဆင် | ၃ | - | ၀ | ဖရန့်ဖတ် |
| လေဗာကူဆင် | ၄ | - | ၀ | ဘိုချမ် |
| လေဗာကူဆင် | ၄ | - | ၁ | ဗီနီဇီယာ |
| အော့စ်ဘတ် | ၀ | - | ၁ | လေဗာကူဆင် |

**ဗီရိုနာအသင်းကို အားပေးရမှာပါ**

စီးရီးအေပွဲစဉ်(၂၁)မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ရိုးမားအသင်းနဲ့ ဗီရိုနာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ရိုးမားအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်းနှစ်ပွဲဆက်ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြမော်ရင်ဟိုနဲ့လမ်းခွဲခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးရှစ်ပွဲဆက်မှာ လေးပွဲပဲအနိုင်ရခဲ့တဲ့အခြေအနေကြောင့် နည်းပြပြောင်းလဲဖို့ဆုံးဖြတ်ခဲ့ပြီး လက်ရှိမှာ ဒီရော့ဆီကို ခန့်အပ်ခဲ့တာဖြစ်ပါတယ်။ ရိုးမားဟာ နည်းပြမော်ရင်ဟိုလက်ထက်မှာ ဥရောပအောင်မြင်မှုရခဲ့သလို အမှတ်ပေးပြိုင်ပွဲမှာလဲ အဆင့်တစ်ခုထိရယူနိုင်ခဲ့ပေမဲ့ အသင်းတာဝန်ရှိသူတွေက အတွေ့အကြုံနည်းပါးတဲ့ ဒီရော့ဆီနဲ့ အစားထိုးလိုက်တဲ့အခြေအနေက အံ့အားသင့်စရာဖြစ်နေပါတယ်။ အသင်းမှာ ဒိုင်ဘာလာနဲ့ အေဘရာဟမ်တို့ဒဏ်ရာရနေပြီး ခရစ်စတန်နီ၊ မန်စီနီ၊ အန်ဒစ်ကာတို့လိုကစားသမားတွေကိုလဲ လက်လွှတ်ထားရတာကြောင့် ခြေစွမ်းပိုင်းကျဆင်းနေတယ်လို့ဆိုရမှာပါ။ ဒါကြောင့် အခုပွဲစဉ်ဟာ အိမ်ကွင်းဖြစ်ပေမဲ့ နည်းပြသစ်နဲ့ ကစားသမားတွေဒဏ်ရာရ၊ ပွဲပယ်များနေမှုကြောင့် ဗီရိုနာကိုနိုင်ပွဲရဖို့ ရုန်းကန်ရနိုင်ပါတယ်။

အမှတ်ပေးပွဲ ၂၀ ကစားအပြီးမှာ ရမှတ် ၁၇ မှတ်သာ ရရှိထားတဲ့ ဗီရိုနာအသင်းဟာ တန်းဆင်းဇုန်ထဲရောက်ရှိနေတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ တန်းဆင်းဇုန်ကလွတ်ဖို့ ပြိုင်ပွဲတိုင်းကို ကြိုးစားကစားနေခဲ့ပြီး ဖီအိုရင်တီးနား၊ အင်တာမီလန်တို့လိုအသင်းတွေနဲ့ ပွဲကျပ်ကစားခဲ့ရတာကြောင့် ရလဒ်ပိုင်းကျဆင်းခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆုံးပွဲမှာလဲ အမ်ပိုလီကို ထိရောက်တဲ့ဂိုးပေါက်ခြိမ်းခြောက်မှုတွေလုပ်ခဲ့ပြီး နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့တာကြောင့် ဗီရိုနာရဲ့တိုက်စစ်ကစားပုံထက်မြက်နေတာကိုတွေ့ရမှာပါ။ ဗီရိုနာဟာ အခုပွဲစဉ်ကိုအနိုင်ရခဲ့ရင်တော့ တန်းဆင်းဇုန်ကလွတ်ပြီး အဆင့်(၁၅) ထိရောက်နိုင်ပေမဲ့ ရိုးမားလိုအသင်းနဲ့တွေ့နေတာကြောင့် အနိုင်ရဖို့ထက် ရမှတ်ခွဲယူဖို့သာ ပြင်ဆင်ရမှာဖြစ်ပါတယ်။ နည်းပြဘာရိုနီကတော့ ၄-၂-၃-၁ ကစားကွက်နဲ့ ခံစစ်အားပြုကစားနေပြီး တန်ပြန်တိုက်စစ်နဲ့သာ တုံ့ပြန်လေ့ရှိတာကြောင့် ကစားအားကျဆင်းနေတဲ့ရိုးမားအသင်းကို ပွဲချိန်ပြည့်ယှဉ်ကစားနိုင်ဖို့ များပါတယ်။ အကျောပေးမှုကတော့ ရိုးမားက တစ်ဂိုးနဲ့နိုင်ရင် တစ်ဝက်ကျော်ဆုံးရှုံးမဲ့အခြေအနေကလဲ ဗီရိုနာအသင်း ရှုံးခဲ့ရင်တောင် ဂိုးမပြတ်နိုင်တာကြောင့် ညှိသည်အသင်းဖြစ်တဲ့ဗီရိုနာအသင်းကို အားပေးရမှာပါ။

**ရိုးမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၁ | - | ၀ | ရိုးမား |
| ရိုးမား | ၂ | - | ၁ | ခရီမိုနန်စီ |
| ရိုးမား | ၁ | - | ၁ | အတ္တလန်တာ |
| လာဇီယို | ၁ | - | ၀ | ရိုးမား |
| အေစီမီလန် | ၃ | - | ၁ | ရိုးမား |

**ဗီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၁ | - | ၀ | ဗီရိုနာ |
| ဗီရိုနာ | ၂ | - | ၀ | ကက်ဂလီယာရီ |
| ဗီရိုနာ | ၀ | - | ၁ | ဆလာနီတာနာ |
| အင်တာမီလန် | ၂ | - | ၁ | ဗီရိုနာ |
| ဗီရိုနာ | ၂ | - | ၁ | အမ်ပိုလီ |

**ဗီလာရီးရဲလ်အသင်းကို ရွေးချယ်ရမှာပါ**

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဗီလာရီးရဲလ်အသင်းနဲ့ မာယော့ကာအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗီလာရီးရဲလ်အသင်းဟာ လာလီဂါရဲ့အသင်းကြီးစာရင်းဝင်ပေမဲ့ အခုရာသီပြိုင်ပွဲ ၂၀ မှာ ရမှတ် ၁၉ မှတ်သာ ရရှိခဲ့လို့ အဆင့်(၁၅) မှာရောက်နေပြီး တန်းဆင်းဇုန်က ကာဒီဇက်အသင်းနဲ့ ရမှတ်လေးမှတ်သာ ကွာဟနေတာဖြစ်ပါတယ်။ ဒါကြောင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာ နည်းပြဂါစီယာကို ပြောင်းလဲခန့်အပ်ခဲ့ပြီး ရလဒ်ကောင်းဖို့ကြိုးစားခဲ့ပေမဲ့ ထင်သလောက်အလုပ်မဖြစ်ခဲ့ဘဲ နောက်ဆုံးငါးပွဲမှာ အိမ်ကွင်းတစ်ပွဲသာ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ အဲဒီငါးပွဲမှာ ခံစစ်ပိုင်းက ပေးဂိုး ၁၀ ဂိုးထိရှိခဲ့ပြီး ပွဲတိုင်းပေးဂိုးရှိခဲ့လို့ ခံစစ်မှာအဲရစ်ဘိုင်လီကို ထပ်မံအားဖြည့်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ မိုရင်နို၊ မိုရာလက်စ်တို့ဦးဆောင်တဲ့ အိမ်ကွင်းတိုက်စစ်ပိုင်းကဂိုးရဖို့လွယ်ကူနေသလို နောက်ဆုံးအိမ်ကွင်းငါးပွဲမှာတစ်ပွဲသာရှုံးခဲ့တာကိုသတိပြုရမှာပါ။ ဒါကြောင့် အခုလိုရမှတ်လိုအပ်ချက်ရှိနေတဲ့အိမ်ကွင်းပွဲစဉ်မှာ နည်းပြဂါစီယာအနေနဲ့ တိုက်စစ်မြင့်ကစားလာမှာဖြစ်တာကြောင့် မာယော့ကာလိုအသင်းကို နိုင်ပွဲရှာနိုင်မှာသေချာပါတယ်။

မာယော့ကာအသင်းဟာ ကစားသမားစုဖွဲ့မှုအားနည်းပေမဲ့ အသင်းလိုက်ကစားပုံကောင်းတာကြောင့် ပွဲ ၂၀ ကစားအပြီးမှာ ရမှတ် ၁၉ မှတ်နဲ့အဆင့်(၁၄)ကိုရောက်ရှိနေတာကို တွေ့ရမှာပါ။ အထူးသဖြင့် အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံတည်ငြိမ်ခဲ့တာကြောင့် အိမ်ကွင်း ၁၀ ပွဲမှာ တစ်ပွဲသာရှုံးခဲ့ပြီး နှစ်ပွဲနိုင်၊ ခုနစ်ပွဲသရေရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အဝေးကွင်း ၁၀ ပွဲမှာတော့ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဆဲလ်တာဗီဂိုအသင်းကိုသာ အနိုင်ရခဲ့ပြီး သုံးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာပါ။ အခုပွဲစဉ်မှာလဲ အဓိကတိုက်စစ်မှူး မူရီကွီ ဒဏ်ရာရနေသလို ခံစစ်က ဂွန်ဇာလက်ဇ်ပွဲပယ်ခံထားရလို့ ကစားကွက်ပိုင်းအားနည်းသွားမှာသေချာနေပြီး အိမ်ကွင်းတိုက်စစ်ထက်မြက်နေတဲ့ဗီလာရီးရဲလ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ ခက်ခဲမှာဖြစ်ပါတယ်။ လက်ရှိ သူတို့နှစ်သင်းကစားသမားစုဖွဲ့မှုနဲ့ကစားကွက်ပိုင်းမှာလဲ ဗီလာရီးရဲလ်က အသာရနေတာကြောင့် အကျောပေးမှုက ရှုံးပွဲဆက်နေတဲ့ဗီလာရီးရဲလ်က သရေရလဒ်ထွက်ခဲ့ရင် တစ်ဝက်လောက်ရှုံးမဲ့အခြေအနေပါ။ ဒါကြောင့် အိမ်ကွင်းမှာ ရမှတ်ရှာဖွေပြီး တန်းဆင်းဇုန်က ရုန်းကန်ရမဲ့ ဗီလာရီးရဲလ်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

**ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၁ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၃ | - | ၂ | ဆဲလ်တာဗီဂို |
| ဗလင်စီယာ | ၃ | - | ၁ | ဗီလာရီးရဲလ် |
| ဆာလာမန်ကာ | ၁ | - | ၁ | ဗီလာရီးရဲလ် |
| လက်ပါးမက် | ၃ | - | ၀ | ဗီလာရီးရဲလ် |

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၃ | - | ၂ | ဒိုဆာဆူနာ |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၀ | မာယော့ကာ |
| ဘာဂို | ၀ | - | ၃ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၁ | ဆဲလ်တာဗီဂို |
| တီနီရိုက် | ၀ | - | ၁ | မာယော့ကာ |

# ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၄၀၀ စိုက်ပျိုးပြီးစီး



ယခင်နှစ်က သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ခင်းကိုတွေ့ရစဉ်။

**ပုသိမ် ဇန်နဝါရီ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၄၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၄၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ကြီးထောင့်မြို့နယ်အနေနဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၄၀၀ ကို လျာထားပြီး စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စိုက်ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးပါပြီ။ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)စိုက်ပျိုးတဲ့လုပ်ငန်းတွေအပါအဝင် ဆောင်းသီးနှံတွေအားလုံး အခက်အခဲမရှိစနစ်တကျ စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်း ဆောင်ရွက်ခဲ့ပါတယ်။ အခုစိုက်ပျိုးထားတဲ့ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) က မိုးရာသီမှာ မြေဩဇာအဖြစ် ပြန်လည်အသုံးပြုဖို့အတွက်ပါ"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ကို မြေဩဇာအစားထိုးပြန်လည်ထည့်သွင်းအသုံးပြုခြင်းကြောင့် ဓာတ်မြေဩဇာများ အသုံးပြုမှုကို လျော့နည်းခြင်း၊ ဓာတုဓာတ်မြေဩဇာများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို သက်သာခြင်း၊ စပါးစိုက်ပျိုးသည့် အခါထည့်သွင်းစိုက်ပျိုးပါက စပါးများ အောင်မြင်ဖြစ်ထွန်းခြင်း၊ စပါးအရည်အသွေးကောင်းခြင်း၊ သီးနှံများ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံများ စားသုံးလာနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များကို ဆင့်ပွားထုတ်လုပ်ပေးနိုင်ခြင်း စသည့် အကျိုးအကျေးဇူးများ ရရှိကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်လင်း**

# ခြင်ဆေးခွေသုံးလျှင် သတိယူ၍ အောက်တွင်ခံခွက် မမေ့နှင့်

# မချမ်းဘော့မြို့နယ် မန်နိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မချမ်းဘော့ ဇန်နဝါရီ ၁၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မန်နိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မိုး၊ မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောသီဟနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကုမ္ပဏီမှတာဝန်ရှိသူများနှင့်အတူ မန်နိုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဇော်မိုးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ယခုဘဏ္ဍာနှစ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မန်နိုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း အရှည် ၆ ဒသမ ၃၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်း၊ အရှည် ၁၈ ပေ၊ အကျယ် ခြောက်ပေ သုံးလက်မ၊ အမြင့် ခြောက်ပေ သုံးလက်မရှိ Box Culvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် အရှည် ၁၅ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေရှိ ကျောက်ခုံခံသစ်သားတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၉၈ ဒသမ ၇၃ သန်းဖြင့် တောင်တန်းအင်ပါယာကုမ္ပဏီက ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပါက မန်နိုကျေးရွာမှကျေးလက်နေပြည်သူများ၏ လယ်ယာထွက်ကုန်၊ ထုတ်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မချမ်းဘော့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**






အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂

အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁

အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၄၄)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ ( MONEY CHANGE COUNTER ) (၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



**ပျောက်ဆုံးကြောင်း**

ချမ်းမြသာစည်မြို့နယ်၊ ၁၀၉×၁၁၀ ကြား၊ ၆၂×၆၃ ကြားနေ ကျော်ကျော်မိုး (ဘ) ဦးသောင်းရွှေ (၉/မရတ(နိုင်)၀၁၆၂၁၅)၏ နိုင်ငံကူးလက်မှတ်အမှတ် (A-135469) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၃၀၁၁၄၉၂**



**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

စစ်ကိုင်းမြို့၊ မြေဝတီရပ်၊ နယ်မြေ(၇)တွင်နေထိုင်သော ဒေါ်စိန်အေး (၅/စကန(နိုင်)၂၆၈၇၈၀) ၏သားဖြစ်သူ **မောင်သိန်းမြင့်ဇော်** သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ယခုသက်ပန် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိန်အေး (၅/စကန(နိုင်)၂၆၈၇၈၀)**


## (၂၉-၁-၂၀၂၂)နေ့တွင် ကွယ်လွန်ခဲ့သော ဒေါ်နော်ဘဲလ်(ခေါ်)ဒေါ်ဘဲလ် ရေးသားခဲ့သည့် သေတမ်းစာများနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာချက်

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ သေတမ်းစာရေးသားသူ ဒေါ်နော်ဘဲလ်(ခေါ်)ဒေါ်ဘဲလ် ၏မြေးဖြစ်သူ ဦးစောအောင်ရဲသူ (၉/ပဥလ(နိုင်)၀၃၉၃၄၂)၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်း (၉/မမန(နိုင်)၀၁၇၀၄၂) အမှတ် (၉၈)၊ (၇)ရပ်ကွက်၊ (၈)လမ်း၊ ပြင်ဦးလွင်မြို့နေသူမှ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နော်ဘဲလ်တွင် သား/သမီး (၁၀)ဦးရှိရာ သားဖြစ်သူ စောမြင့်ထွန်းမှာ (၁၀-၆-၂၀၀၁)နေ့တွင် ကွယ်လွန်ခဲ့ပြီး သားဖြစ်သူ စောအောင်ရဲသူ ကျန်ရှိခဲ့ပါသည်။ ကျန်သား၊သမီးများ သက်ရှိထင်ရှားရှိပါသည်။ (၂၉-၁-၂၀၂၂)နေ့တွင် ကွယ်လွန်ခဲ့သူ အသက် (၉၁)နှစ်အရွယ်ရှိ ဒေါ်နော်ဘဲလ်(ခေါ်)ဒေါ်ဘဲလ် မကွယ်လွန်မီ (၆-၂-၂၀၀၂)နေ့တွင်လည်းကောင်း၊ (၂၂-၈-၂၀၁၈)နေ့တွင်လည်းကောင်း သေတမ်းစာ(၂)စောင်ကို ရေးသားခဲ့ရာ နောက်ဆုံးရေးခဲ့သော သေတမ်းစာအား (၁၀-၁-၂၀၂၃)နေ့တွင် ပြင်ဦးလွင်ခရိုင်တရားရုံး (၂၀၂၂)ခုနှစ် တရားမအထွေထွေမှုအမှတ် (၁၉)တွင် သေတမ်းစာအတည်ပြုလက်မှတ်ကို ထုတ်ပေးပြီးဖြစ်ပါသည်။ ပထမရေးသားခဲ့သော အိတ်ပိတ်သေတမ်းစာအား (၆-၂-၂၀၀၂)နေ့၌ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဦးစီးအရာရှိထံ သေတမ်းစာရေးသူနှင့်အတူ သက်သေ(၂)ဦးတို့မှ အပ်နှံခဲ့ပါသည်။ ထိုသေတမ်းစာအား (၂၉-၁၂-၂၀၂၃)နေ့တွင် ဖွင့်ဖောက်၍ မှတ်ပုံတင်ခွင့်ပြုပါရန် လျှောက်ထားခဲ့ရာ သေတမ်းစာရေးသားသူ ဒေါ်နော်ဘဲလ်(ခ) ဒေါ်ဘဲလ် ၏ ကျန်သား/သမီးများမှ ကန့်ကွက်ခဲ့သဖြင့် တရားဝင်မှတ်ပုံတင်ခွင့်ရရန် ဆောင်ရွက်ဆဲဖြစ်ပါသည်။

နောက်ဆုံးရေးခဲ့သည့် သေတမ်းစာသည် လက်ရှိမြေပြင်အနေအထားနှင့် လွန်စွာကွာဟနေပြီး မှားယွင်းနေပါသဖြင့် မည်သည့်သေတမ်းစာသည် ဥပဒေနှင့်ညီညွတ်၍ မှန်ကန်ကြောင်း ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ချမှတ်ခြင်းမပြုသေးမီ သေတမ်းစာပါမြေနှင့်ပတ်သက်၍ ဂရန်အမည်ပြောင်းခြင်း၊ ဂရန်ခွဲထုတ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ အာမခံအဖြစ် တင်သွင်းခြင်း စသည့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန်နှင့် ထိုမြေနှင့်စပ်ဆက်ပတ်သက်၍ ရရှိလာသော ငွေကြေးများကိုလည်း မိသားစုဝင်အားလုံး၏ သဘောတူညီချက်မရဘဲ ခွဲဝေယူဆောင်ခြင်းမပြုပါရန် အသိပေးတားမြစ်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးစောအောင်ရဲသူ၏
အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇော်ဝင်း

**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ခင်ရွှေထူး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၈၉/၁၆)
အမှတ်(၉၈)၊ (၈)လမ်း၊ (၇)ရပ်ကွက်
ရ. က. က(၄)၊ ပြင်ဦးလွင်မြို့။

# ရန်သူမီးဘေးတားဆီးရေး မနေးဆောင်ရွက်ကြ

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုရတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

❖ ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လူမျိုးကို အခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲ ဒေသကို အခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်...

❖ နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကို ကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျင့်သုံးမှုခြင်းတူညီမှုမရှိ...

❖ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပထမဆုရရှိသည့် မော်လမြိုင်ရန်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။**

**နေပြည်တော် ဇန်နဝါရီ ၁၈**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါဗိုလ်လုပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**MYAWADDY TRADING LIMITED**





ပို့ကုန် လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။

သွင်းကုန် စားအုန်းဆီ၊ လူ့အသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။

Tel: 95-01-8373255,8373265,8373267, 8373291

Fax: 95-01-8373257